NOBEL-MYANMAR
LITERARY FESTIVAL
(Literature for Children)

# ကုန်တိုက်ကြီးမှာလူပျောက်ခြင်း

သစ္စာနီ



ကလေးဝတ္ထုများ

နှစ်ကာလများ
တအုပ်အစီအစဉ်

# ကုန်တိုက်ကြီးမှာ လူပျောက်ခြင်း

ကလေးဝတ္ထုများ

**သစ္စာနီ**

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၅ ၄၈ ၄၈၀ ၄၈၊ ၀၉ ၇၃၀၂ ၇၆၆၉
*e-mail: theeras2001@gmail.com*

**ပုံနှိပ်မှတ်တမ်း**

သစ္စာနီ
ကုန်တိုက်ကြီးမှာ လူပျောက်ခြင်း၊ ကလေးဝတ္ထုများ
ပထမအကြိမ်၊ ဇန်နဝါရီ၊ ၂၀၁၆
နှစ်ကာလများစာပေ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)အမှတ်၈၊ အိမ်ကြီးလမ်း၊ ၉ ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – မောင်ဒေး၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

## မာတိကာ


| | |
|---|---|
| – အမှာစာ၊ ကလေးစာပေနှင့် ကျွန်တော် | ၇ |
| ၁။ အမေ့ ကတ်ကြေး | ၁၁ |
| ၂။ မိုးကာအကျီ | ၁၄ |
| ၃။ ဈေးဝယ်ရန် စာရင်း | ၁၈ |
| ၄။ တိုလီမိုလီ | ၂၂ |
| ၅။ ဘောလုံးသူ့ရဲကောင်း | ၂၆ |
| ၆။ ပုံပုံနဲ့ ထုံထုံ | ၃၀ |
| ၇။ ဝက်ဝံကလေးရဲ့ ဘောင်းဘီဖြူ | ၃၅ |
| ၈။ လိုတရ လွယ်အိတ် | ၃၉ |
| ၉။ ပက်ကျိကလေးများ | ၄၂ |
| ၁၀။ လမ်းလျှောက်တဲ့ စာခြောက်ရုပ် | ၄၇ |
| ၁၁။ ပျော်စရာကောင်းတဲ့ တနင်္ဂနွေ | ၅၂ |
| ၁၂။ ဟိုဘက်ခြံက ကောင်ကလေး | ၅၆ |
| ၁၃။ ညီညီ ပျောက်သောနေ့ | ၅၉ |
| ၁၄။ ညနေစာ | ၆၃ |
| ၁၅။ ပန်းခြံထဲက မာလာ | ၆၆ |

၁၆။ ပျော်ပျော်ရွှင်ရွှင် ကလပ် ၇၃
၁၈။ လက်ဆောင် ၇၈
၁၉။ အပြင် အလည်ထွက်တဲ့နေ့ ၈၂
၂၀။ ကုန်တိုက်ကြီးမှာ လူပျောက်ခြင်း ၈၆
၂၁။ မော်မော့် ပုံပြင် ၉၀
၂၂။ သက်တံအကျီ ၉၄
၂၃။ သော့တစ်ချောင်းနှင့် ငါးသလောက်ပေါင်း ၉၉
၂၄။ ညီမလေး မော်မော် ၁၀၃
၂၅။ ကလေး ဒီမိုကရေစီ ၁၀၇
၂၆။ သံယောဇဉ် ဆိုသည်မှာ ၁၁၀
၂၇။ ကံကောင်းတယ်ဆိုတာ ဘာလဲ ၁၁၄
၂၈။ ခရေကုံး ၁၁၇
၂၉။ ဖန်ဆင်းရှင်တို့ရဲ့ လက် ၁၂၁

အမှာစာ

## ကလေးစာပေနှင့် ကျွန်တော်

လွန်ခဲ့သည့် လေးငါးနှစ်ခန့်က ကလေးတွေနှင့် ပတ်သက်သော ရုပ်စုံဂျာနယ်တစ်စောင် ထုတ်ဝေနေသည့် မိတ်ဆွေက ကျွန်တော့်အား မရွံ့မရဲ လေသံဖြင့် ...

'ခင်ဗျား ကလေးကဗျာလေး ရေးပေးနိုင်မလား'ဟု မေးပါသည်။ သူ့ပုံစံမှာ ထိုကဲ့သို့ မေးရသည့်အတွက် ရှက်ရွံ့ အားနာပုံပေါက်၍ နေသည်။ ကျွန်တော့်လို ကဗျာရင့်မာကြီး တစ်ဦးကို ဤကဲ့သို့ မေးသဖြင့် စိတ်ဆိုးမာန်ဆိုး ဟိန်းဟောက်ခံရလိမ့်မည်ဟု ထင်မှတ်နေဟန်တူ၏။ သူ အတွေးလွဲနေခြင်း ဖြစ်သည်။ ကျွန်တော်က ဝမ်းသာအားရပင် 'ဟာ ... ရေးရမှာပေါ့'ဟု ပြောလိုက်၏။

ကျွန်တော် တကယ့်ကို ရိုးရိုးသားသားပင် စိတ်ပါလက်ပါ ပြောလိုက်ခြင်း ဖြစ်၏။ နိုဗယ်ဆုရ ဆရာကြီးတဂိုးတို့၊ ဆရာကြီး မင်းသုဝဏ်တို့၊ ဒေါက်တာမောင်ဖြူးတို့လို ပုဂ္ဂိုလ်ကြီးတွေပင် ကလေးကဗျာများကို စုံစုံမက်မက် တန်ဖိုးထား ရေးသားခဲ့ကြသည်။ ကျွန်တော်လိုကောင်က ဘာကြောင့် မရေးဘဲ နေရမည်နည်း။ မြန်မာပြည်တွင် လူသိအများဆုံး ကဗျာမှာ ဆရာမင်းသုဝဏ်၏ 'ဝါဆိုဝါခေါင် ရေတွေကြီးလို့' **အစချီ** သပြေသီးကောက်ကဗျာ ဖြစ်လိမ့်မည် ထင်ပါသည်။

မြန်မာပြည်တွင် သပြေသီး မကောက်ဖူးသူ မြောက်မြားစွာ ရှိသော်လည်း ထိုကဗျာ မဆိုဖူးသူကတော့ မရှိသလောက် ရှားလိမ့်မည် ထင်ပါသည်။ ကျွန်တော်တို့သည် မိုးရေတက်ရေ တဖွေးဖွေး၊ ဆွမ်းအုပ်နီနီ အစချီသည့် ကဗျာများဖြင့် ကြီးပြင်းခဲ့ရသည်။ ကျွန်တော် အစောဆုံး ကြားဖူးသည့် ကဗျာမှာ 'ရွှေလမှာ ယုန်ဝပ်လို့၊ ဆန်ဖွပ်သည့် အဘိုးအို' သားချော့တေးဖြစ်လိမ့်မည် ထင်ပါသည်။ ငယ်စဉ်က ကဗျာဖြင့် စွတ်စို နူးညံ့ခွင့်ရခဲ့သောအဖြစ်ကို ကျေးဇူးဆပ်ခွင့်ကြုံသည်ဟု ယူဆပါသည်။ ထို့ကြောင့် ကလေးကဗျာရေးဖို့ ကြိုးစားပါသည်။ သို့သော် အတိအလင်း ဝန်ခံရလျှင် ယနေ့တိုင်အောင်ပင် ကျွန်တော့်ထံမှ ကလေးကဗျာတစ်ပုဒ် ထွက်လာနိုင်ခြင်း မရှိပါ။

တကယ် အားထုတ်ကြည့်မှ အခက်အခဲတွေကို တွေ့ရှိလာပါသည်။ ကလေးကဗျာတစ်ပုဒ် ဖြစ်ဖို့အတွက် (၁) ရွေးချယ်ရမည့် အကြောင်းအရာသည် ကလေးများနှင့်လိုက်ဖက်သည့် အကြောင်းအရာ ဖြစ်ရပါမည်။ (၂) ကလေးများ နားလည်လွယ်သော စကားလုံးများကို ရွေးချယ် အသုံးပြုရပါမည်။ (၃) ကလေးများ အသိဉာဏ်ပညာ တိုးပွားမှုနှင့် ကြည်နူးပျော်ရွှင်မှု မျှဝေပါဝင်ရပါမည်။ (၄) စာလုံးများ ကဗျာဆန် လှပရမည်။ (၅) အသံချိုကာ ဆိုရ ရွတ်ရ ပြေပြစ်ရပါမည်။ ဤအချက်များ ပြည့်စုံသည့် ကဗျာတစ်ပုဒ်ဖြစ်လာရန်မှာ လွယ်ကူသည်မဟုတ်ပါ။

ကျွန်တော်သည် ကဗျာမရေးဖြစ်သော်လည်း ကလေးများနှင့် ပတ်သက်သည့် စာပေများကို တခြားကလောင်အမည် (ဦးရဲရဲဦး) ဖြင့် တော်တော် စောစောကပင် ရေးသားထုတ်ဝေခဲ့ပါသည်။ ရွှေပဒေသာစာပေမှ 'ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ'ကို ၆ အုပ်တွဲ ထုတ်ဝေခဲ့သည်။ ထိုတိုက်မှပင် 'ကမ္ဘာ့ အံ့ဖွယ်ပုံပြင်များ' ထုတ်ဝေခဲ့သည့်။ နေမျိုးစာပေမှ ကလေးများဖတ်ဖို့အတွက် ရည်ရွယ်ရေးသားသော ဇာတ်ကြီးဆယ်ဘွဲ့နှင့် အောင်ခြင်းရှစ်ပါး စာအုပ်များလည်း ထုတ်ဝေခဲ့ပါသည်။ ကျွန်တော့်အတွက် ကလေးများမှာ အင်မတန် အရေးကြီးသောပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ကလေးကောင်းများ ဖြစ်ခဲ့မှ လူကြီးကောင်းများ ဖြစ်ပါမည်။ အနာဂတ်ကမ္ဘာမှာ သူတို့လက်ထဲတွင် ရှိသဖြင့် သူတို့ကို ကောင်းမွန်စွာ

ပြုစုပျိုးထောင်ဖို့ အရေးမှာ ကျွန်တော်တို့အရေးပင် ဖြစ်ပါသည်။

ယခု ထုတ်ဝေလိုက်သော ကလေးဝတ္ထုတိုများမှာ ဟဒယမဂ္ဂဇင်းနှင့် ပျော်ပျော်ရွှင်ရွှင် မဂ္ဂဇင်းတို့တွင် ဦးရဲရဲဦး အမည်ဖြင့် ၂၀၀၆ မှ ၂၀၀၈ အတွင်း ကျွန်တော် ရေးသားခဲ့သော ဝတ္ထုများစုစည်းမှု ဖြစ်ပါသည်။ ဝတ္ထုအများစုမှာ နိုင်ငံခြား (အင်္ဂလိပ်ဘာသာဖြင့်) ကလေးဝတ္ထုကလေးများကို မှီငြမ်းပြုထားခြင်းသာ ဖြစ်ကြောင်းလည်း ဝန်ခံအပ်ပါသည်။ ဤဝတ္ထုများကို ဖတ်၍ ကလေးများ ပျော်ရွှင်ကြည်နူးမှု အနည်းငယ်ရသည်ဆိုလျှင်ပင် ကျွန်တော့်အဖို့ ပင်ပန်းရကျိုးနပ်သည်ဟု ယူဆမိပါကြောင်း ...။

ပျော်ရွှင်ချမ်းမြေ့ပါစေ

သစ္စာနီ

၂၀၀၈။

## အမေ့ ကတ်ကြေး

အမေက သူတို့နှစ်ယောက် ကစားနေတဲ့ အခန်းထဲကို ဝင်လာတယ်။ အမေ့မျက်နှာက နှင်းဆီပန်းလို နီနေတယ်။ အမေ ဒေါသဖြစ်နေပြီ။

'ငါ့ကတ်ကြေး အသစ်ကလေး ပျောက်နေတယ်။ ဘယ်သူ ယူဆော့တာလဲ။ ယူပြီးရင် နေရာတကျပြန်ထားဖို့ သတိမရဘူးလား'

အမေ့အသံက တုတ်တစ်ချောင်းလို မာနေတယ်။

'ကျွန်မ မယူဘူး အမေ'

အငယ်မ သီရိဝေက အလျင်ဦးအောင် ဖြေလိုက်တယ်။

အမေက 'အေး ... ငါက နင့်ကို အမြဲ အလျင်မေးနေကျကိုး။ အကြီးမ အင်ကြင်းမွှန်ရော ...'

'အို ... ဟုတ်ပါရဲ့။ ကျွန်မ မနေ့က ယူသုံးမိတယ် အမေ။ အမေ့ဆီ ခွင့်မတောင်းမိတာ အဲဒီတုန်းက အမေ အပြင်သွားနေလို့ပါ'

'မင်းအပြစ်ကို ဝန်ခံတာတော့ သဘောကျတယ်။ ဘာကြောင့် ကတ်ကြေးကို သူ့နေရာသူ ပြန်မထားရတာလဲ'

'ကျွန်မ ပြန်ထားဖို့ မေ့သွားတယ်။ မနေ့က ပန်းညှပ်ဖို့ ပန်းခြံထဲကို ယူသွားတာ။ ကျွန်မ ပန်းခြံထဲ သွားရှာလိုက်ဦးမယ်'

အင်ကြင်းမွှန်က အိမ်ရှေ့က ပန်းခြံထဲ ပြေးထွက်ပြီး ကတ်ကြေးလေးကို ရှာတယ်။ ဒါပေမဲ့ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ သူ့အမေဆီ ပြန်ရောက်တော့ ...

'နင်ဟာ ဘာလုပ်လုပ် ဒီလို ပေါ့တီးပေါ့ဆပဲ။ နင့်ကို ငါက ဂရုမစိုက်ဘဲ မေ့မေ့လျော့လျော့ မွေးမြူလာတာ မဟုတ်ဘူး။ နင့်ကို အပြစ်ပေးရမယ်။ ငါ့ အကောင်းဆုံးကတ်ကြေးကို ပျောက်ပစ်တဲ့အတွက် နင့်ရဲ့ အကောင်းဆုံး အရုပ်အသစ်ကလေး ဘာဘီနဲ့ ကစားခွင့်ပိတ်လိုက်မယ်။ ငါ့ကတ်ကြေးကို ပြန်တွေ့ချင်း ကစားခွင့်မပြုဘူး'

အင်ကြင်းမွှန် ဝမ်းနည်းသွားတယ်။ ဒီဘာဘီအရုပ်သစ်လေးကို သူ သိပ်သဘောကျတာ။ အရုပ်ကလေးနဲ့ အပြင်ထွက် လမ်းလျှောက်တယ်။ ကစားတယ်။ အခုတော့ သူ အဲသလို မလုပ်နိုင်တော့ဘူး။ နှစ်ယောက်ထိုင်ခုံပေါ်မှာ ချထားတဲ့ အရုပ်ကလေးကို ကြည့်ပြီး 'ဘယ်လောက်သနားစရာကောင်းတဲ့ ဘာဘီလေးလဲ။ အခုတော့ ငါ သူနဲ့ မကစားနိုင်တော့ဘူး'လို့ တစ်ကိုယ်တည်း တွေးနေမိတယ်။

အဲဒီအချိန်မှာ သီရိဝေက အနားရောက်လာတယ်။

'မမ ... နင် ဘာဘီလေးနဲ့ မကစားရဘူး မဟုတ်လား။ ညီမလေးကို ပေးကစားပါလား။ ဘာဘီလေးကို ညီမလေးလည်း သဘောကျတယ်'

'နိုးနိုး ... ဘာဘီလေးက ငါ့အရုပ်ပဲ။ နင့်ကို ပေးမကစားနိုင်ဘူး'

အင်ကြင်းမွှန်က ငြင်းလိုက်တယ်။

ဒီတော့ သီရိဝေက 'မမက စိတ်ကောင်းမရှိဘူး။ သနားလည်း မသနားတတ်ဘူး။ ဘာဘီလေးဟာ သူနဲ့ကစားမယ့်လူ မရှိလို့ ပျင်းနေရှာတယ်။ သူလည်း အပြင်ထွက် လမ်းလျှောက်ချင်မှာပေါ့'လို့ ပြောတယ်။ ဟုတ်တယ်။ အပြင်ဘက်မှာ ရာသီဥတုက သာယာနေတယ်။ နေရောင်ခြည် နွေးနွေးကလည်း ဖြာကျလို့၊ ပန်းရောင်စုံတွေလည်း ပွင့်နေတယ်။ လေကတောင် ပန်းခြံထဲမှာ ဆော့ပြေးနေတယ်။

အင်ကြင်းမွှန်က ဘာဘီအရုပ်ကလေးကို ကြည့်လိုက်တယ်။ အရုပ်ကလေးက 'သူ့ကို ဘာလို့ ပန်းခြံထဲ ခေါ်မသွားတာလဲ။ ဘာလို့ သူနဲ့ မကစားတာလဲ'လို့ မသိနားမလည်လို့ မေးခွန်းထုတ်တဲ့ပုံနဲ့ ပြန်ငေး

ကြည့်နေတယ်။ အင်ကြင်းမွှန် စိတ်ကူးပြောင်းလိုက်တယ်။ ဒါနဲ့ သီရိဝေ ကို သူ့အရုပ်ကလေး ဘာဘီနဲ့ ကစားခွင့်ပေးလိုက်တယ်။

သီရိဝေက သိပ်ပျော်သွားပြီး အရုပ်ကလေးကိုယူကာ ပန်းခြံထဲ ဆင်းခဲ့တယ်။ အရုပ်ကလေးကို ပွေ့ပိုက်ပြီး ပန်းခြံထဲမှာ လမ်းလျှောက်နေတုန်း လေတစ်ချက် တိုက်လိုက်တော့ ဘာဘီအရုပ်ကလေးရဲ့ ခေါင်းမှာ ဆောင်းထားတဲ့ ဦးထုပ်ကလေးဟာ လွင့်ထွက်သွားတယ်။ သူ လိုက်ရှာတော့ စံပယ်ပန်းရုံပေါ်မှာ တင်နေတာ တွေ့ရတယ်။ သူ လှမ်းယူမယ်လုပ်တော့ လေတစ်ချက် တိုက်လိုက်ပြီး စံပယ်ချုံပေါ်က အောက်ကို လွင့်ကျသွားပြန်တယ်။ သီရိဝေက မြက်ခင်းပေါ်မှာ ဒူးထောက်ထိုင်ပြီး စံပယ်ပန်းရုံအောက်က ဦးထုပ်ကလေးကို ကောက်မယ်လုပ်တော့ မြုန်းခနဲ အဲဒီပန်းရုံရဲ့အောက်မှာ အရောင်တလက်လက် တောက်နေတဲ့ အမေ့ရဲ့ ကတ်ကြေးအသစ်ကလေးကို ပြန်တွေ့တော့တာပဲ။ သီရိဝေက ဝမ်းသာသွားတယ်။

'မမရေ ... အမေ့ရဲ့ ကတ်ကြေးလေးကို ပြန်တွေ့ပြီ'လို့ အော်ပြောပြီး အင်ကြင်းမွှန်ဆီ ကတ်ကြေးကို ယူသွားတယ်။ သူ ပြေးမသွားဘူး။ အမေက ကတ်ကြေးလို၊ ဓါးလို ချွန်ထက်တဲ့အရာကို ကိုင်ပြီးသွားတဲ့အခါ ပြေးမသွားရဘူးလို့ ဆုံးမထားလို့ပါ။ ချော်လဲရင် ကိုယ့်ကိုသော်လည်းကောင်း၊ အနီးက လူကိုသော်လည်းကောင်း ထိခိုက်နိုင်တယ်တဲ့။

အင်ကြင်းမွှန်က လှမ်းမယူဘဲ ဝမ်းသာအားရ ... 'ဒါဆို ဘာဘီရုပ်ကလေးနဲ့ ငါ ပြန်ကစားလို့ရပြီပေါ့'လို့ ပြောလိုက်တယ်။

သီရိဝေက ဝမ်းနည်းသံနဲ့ 'ညီမလေးလည်း ကြာကြာတောင် မကစားရသေးဘူး'ဆိုပြီး ဘာဘီရုပ်ကလေး ပြန်ပေးတယ်။

အင်ကြင်းမွှန်က 'နင့်ကြောင့် ကတ်ကြေးပြန်တွေ့တာ နင့်ကို ကျေးဇူးတင်တယ်။ နင်ပဲ ဝအောင် ကစားပါ။ တစ်မနက်လုံး၊ တစ်နေ့ခင်းလုံး၊ ဒါမှမဟုတ် နင် စိတ်ရှိသလောက် ကစားနိုင်တယ်'လို့ ပြောတော့ သီရိဝေက ပျော်သွားတယ်။ ပြီးတော့ သူ့အစ်မကို ပြောတယ်။

'ညီမလေးတို့ နှစ်ယောက်အတူတူ ကစားကြတာပေါ့နော်'

ဟာဒယ ဟာသမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၆။

# မိုးကာအင်္ကျီ

ကြည်ဟန်မြင့်သည် သူ့အမေ ဝယ်ပေးသော မိုးကာအင်္ကျီအသစ်ကလေးအတွက် အင်တန် ဂုဏ်ယူနေသည်။ သို့သော် ခက်တာက မိုးရွာသည့် နေ့ကို ဝတ်ခွင့်မကြုံရသေးခြင်း ဖြစ်၏။ ကျောင်းတက်သော နေ့တွင် သူက မိုးကာအင်္ကျီကို ဝတ်သွားရန် ပြင်ဆင်လေသည်။

'အမေ … ကျွန်တော် ဒီမိုးကာအင်္ကျီ ဝတ်သွားမယ်နော်'

'ဟဲ့ကောင်လေး … နင် ရူးနေလား။ ဒီလောက် နေသာနေတာ။ ဝတ်မသွားနဲ့'ဟု အမေက တားသည်။

'ဒါဆို ကျွန်တော် ကျောင်းကို ယူသွားမယ်။ ညနေကျရင်တော့ မိုးရွာချင် ရွာမှာ'

အမေက ဘာမှမပြောတော့။ သို့သော် 'ကိုယ့်ပစ္စည်းကို ဂရုစိုက်နော်'ဟုတော့ မှာလိုက်သည်။ ကျောင်းရောက်သောအခါ စာသင်ချိန်အတွင်း ကြည်ဟန်မြင့်သည် ပြတင်းပေါက်ကနေ ကောင်းကင်ကိုသာ 'မိုးညိုလေမည်လား'ဟု ငေးမောကြည့်နေသဖြင့် ဆရာမ အဆူခံလိုက်ရသေးသည်။ သို့သော် သူ ကံကောင်းသည်။ ကျောင်းလွှတ်ချိန် ရောက်သောအခါ ကောင်းကင်တွင် တောင်ဘက်အရပ်က လွင့်လာသော တိမ်

ခိုင် ညိုပြာပြာ သုံးစိုင်ကို တွေ့ရသည်။ တစ်စိုင်က တော်တော်ကြီးသည်။

'ကောင်းတယ်။ မိုးရွာလိမ့်မယ် ထင်တယ်'

လမ်းပေါ်တွင်ပင် သူ မိုးကာအင်္ကျီကို ထုတ်ဝတ်လိုက်သည်။ သူ ကျေနပ်နေစဉ် သူ့ဘေးကို သူတို့အတန်းထဲက သီရိဝေ ရောက်လာသည်။ သူ့ကိုကြည့်ကာ ...

'ဟာ ... ကြည်ဟန်မြင့်၊ နင် ရူးနေလား။ မိုးမရွာဘဲ မိုးကာအင်္ကျီကြီး ဝတ်ထားတယ်'

'မိုးက တော်တော်ကြာ ရွာချင်ရွာမှာ'

'မရွာပါဘူးဟာ'

'တကယ်လား'

'ငါ မနက်က မိုးလေဝသ သတင်း နားထောင်လာတာပဲ။ ဒါကြောင့် ငါတောင် ထီးယူမလာဘူး'

သီရိဝေ စကားကြောင့် ကြည်ဟန်မြင့် ဇဝေဇဝါဖြစ်သွားသည်။ သူတို့ ယှဉ်လျှောက်လာရင်း သီရိဝေက ...

'နင် မိုးကာကြီး ဝတ်ထားရတာ မအိုက်ဘူးလား'

'မအိုက်ပါဘူး'

'မယုံဘူး။ ငါ ဝတ်ကြည့်မယ်'

'ဝတ်ကြည့်။ မအိုက်ဘူး'

ကြည်ဟန်မြင့်က မိုးကာအင်္ကျီကို ချွတ်ပေးလိုက်သည်။ သီရိဝေက ဝတ်ကြည့်၏။

'ကြည့်စမ်းဟေ့၊ ငါနဲ့ အတော်ပဲ။ ဘယ်လိုလဲ၊ ကြည့်ကောင်းရဲ့လား'

'ဒီမိုးကာက လှတယ်။ ဒီတော့ ဘယ်သူဝတ်ဝတ် ကြည့်ကောင်းတာပေါ့'

သီရိဝေက ...

'ငါ ... ဟောဟိုလမ်းထောင့်အထိ လျှောက်သွားကြည့်မယ်။ နင် ဒီက စောင့်နေ'

'နင် တကယ်ပြန်လာမှာလား'

'ပြန်လာမှာပေါ့။ မယုံရင် ဟောဒီ ငါ့ရဲ့မုန့်ထုပ်ကို ယူထား'

ယိုးဒယား ကြက်ဥမြေပဲလှော် မုန့်ထုပ်ကလေးကို ကြည်ဟန်မြင့် ထံ ပေးရင်း ပြောသည်။ မုန့်ထုပ်မှာ သီရိဝေ ဖောက်စားထားသဖြင့် အနည်းငယ်သာ ကျန်တော့သည်။ ကြည်ဟန်မြင့်က ...

'နင့်ကို စောင့်နေရင်း ငါ နှိုက်စားလို့ ရမလား'

'စားပေါ့။ ငါက ဒီလောက် မတွန့်တိုပါဘူး။ နင်ကတောင် နင့် အင်္ကျီ ပေးဝတ်သေးတာပဲ'

သီရိဝေက မိုးကာအင်္ကျီဝတ်ကာ အေးအေးလူလူ လျှောက်သွား သည်။ ကြည်ဟန်မြင့် ကြက်ဥမြေပဲထုပ်ကို နှိုက်စားရင်း ကြည့်နေခဲ့သည်။ ခပ်လှမ်းလှမ်း တိုက်ထောင့်ချိုးသို့ ရောက်သောအခါ အကွေ့သို့ ဝင်ရောက် ၍ သီရိဝေ ပျောက်ကွယ်သွားသည်။ ကြည်ဟန်မြင့် အတော်ကြာအောင် စောင့်စားနေခဲ့သော်လည်း သီရိဝေကား ပြန်ပေါ်မလာ။ ထိုအခိုက်မှာပင် ထောင်းကင်မှ မိုးပေါက်ကလေးများ စတင်ကျလာခဲ့၏။

'ဟိုက် ... မိုးရွာလာပြီ'

အလန့်တကြား ရေရွတ်ကာ ကြည်ဟန်မြင့် တိုက်ထောင့်ချိုးကွေ့ သို့ ပြေးသွားကာ ကြည့်လိုက်သည်။ သီရိဝေသည် သူ့မိုးကာလေးကို ဝတ်ကာ ဆိုက်ကားတစ်စီးပေါ်တွင် ပါသွားသည်ကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်လိုက်ရသည်။ သွားပြီ၊ ဒီကောင်မလေး မိုးရွာမှာ သိသဖြင့် မလိမ့်တပတ်လုပ်ကာ သူ့မိုးကာအင်္ကျီကို ညာဝတ်သွားခြင်း ဖြစ်သည်။ သူ ခံလိုက်ရပြီ။ မိုးက သည်းလာသဖြင့် သူသည် မိုးခိုရန် အနီးရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၏ အမိုးအောက်သို့ ပြေးဝင်ခဲ့ရလေသည်။

ထိုနေ့က မိုးက တော်တော်နှင့် မတိတ်။ သူသည် ဘတ်စ်ကား မှတ်တိုင်တွင် အချိန်တော်တော်ကြာအောင် မိုးခိုနေခဲ့ရသည်။ သူ ထမင်း အတော်ဆာနေသည်။ သီရိဝေ ထားပစ်ခဲ့သော ကြက်ဥမြေပဲထုပ်ကလေး ဟာလည်းကုန်သွားလေပြီ။ နောက်ဆုံး မိုးလုံးဝစဲသွားအောင် မစောင့် နိုင်တော့သဖြင့် မိုးတဖွဲဖွဲတွင်ပင် သူ အိမ်ပြန်လာခဲ့သည်။ သူ့ခြေလှမ်း တွေ လေးလံနေသည်။ စိတ်တွေ လေးလံနေသည်။ သူ့အမေက ဘာ ကြောင့် အိမ်ပြန်နောက်ကျရတာလဲ၊ မိုးရေထဲ ဘာကြောင့် ဒီအတိုင်း

[illegible] မိုးကာအင်္ကျီ ဘယ်ရောက်သွားသလဲဟု မေးလျှင် သူ [illegible] ဖြေရမည်နည်း။

နောက် အိမ်ပြန်ရောက်သွားသောအခါ သူ အနေမခက်တော့။ အမေက သူ့ကို ပြုံးရွှင်စွာ ကြိုဆိုနေသည်။

'သား — ချမ်းလာသလား။ အင်္ကျီတွေ လဲလိုက်။ ရေစင်အောင် သုတ်။ အမေ ကော်ဖီတစ်ခွက် ဖျော်လိုက်ဦးမယ်'

သူ အဝတ်အစား လဲပြီးသောအခါ 'သား ... ကော်ဖီပူပူလေး အရင်သောက်လိုက်။ ကိတ်မုန့်လည်း စား'ဟု ဆိုသည်။

သူက မလုံမလဲသော အမူအရာဖြင့် 'အမေ ... ကျွန်တော်လေ ဟို — မိုးကာအင်္ကျီ ...'

သူ့အမေက သူ့စကားမဆုံးခင် လက်ကာပြလိုက်သည်။

'ဘာမှမပြောနဲ့တော့ သား။ မေမေ အားလုံး သိပြီးသား။ ခုန သီရိဝေနဲ့ သူ့အမေ လာပြီး မိုးကာအင်္ကျီ ပြန်ပေးရင်းနဲ့ သားကို မဆူဖို့ တောင်းပန်သွားတယ်။ သီရိဝေက နေမကောင်းဖြစ်ပြီး ကျောင်းပြန်တက်ရတာ မကြာသေးဘူး။ သူ မိုးမိပြီး ပြန်ဖျားမှာစိုးလို့ သားက မိုးကာအင်္ကျီ ငှားလိုက်တယ်လို့ ပြောပြတယ်။ ကျောင်းသူကျောင်းသားအချင်းချင်း ဒီလို ညှာတာတယ်ဆိုတာ စိတ်ကောင်းတစ်မျိုးပဲ သားရဲ့။ ဟောဒီ ကိတ်မုန့်က သားအတွက် သူတို့က လက်ဆောင်ပေးသွားကြတာ'

အမေ့စကားတွေ ကြားတော့မှ သူ့ရင်ထဲကအလုံး ကျ၍သွားသည်။ သူ့မိုးကာအင်္ကျီကလေးကို သူ ပြေးယူကြည့်မိသည်။ မိုးကာအင်္ကျီကလေးကို သေသေသပ်သပ် ခေါက်၍ထား၏။ သူ မဝတ်လိုက်ရသော်လည်း သူ့သူငယ်ချင်းကို ကူညီလိုက်ရသဖြင့် သူ ပျော်၍နေပါသည်။

ဟဒယ ဟာသမဂ္ဂဇင်း

ဖေဖော်ဝါရီ၊ ၂၀၀၆။

# ဈေးဝယ်ရန် စာရင်း

ကျောင်းကတော့ ဈေးပေါက်ဆိုတဲ့ ကြည်ဟန်မြင့်ဟာ သူ့ကြီးကြီးရဲ့ အိမ်ကလေးကို ထမ်းလျှောက်ထွက်လာခဲ့တယ်။ သူ့ကြီးကြီးရဲ့အိမ်ကို သူ ရောက်တော့ ကြာပြီ။ သူ့ကြီးကြီးဟာ နှစ်ထပ်အိမ်တစ်လုံးမှာ သူ့ဘာသာသူ တစ်ယောက်တည်း နေတယ်။ အရိုးကြီးပိပိ စီစာကြောင်တယ်။ ဘာလုပ်လုပ် အလွဲလွဲ အချော်ချော် လုပ်တတ်တဲ့ ကြည်ဟန်မြင့်ကိုလည်း တွေ့တိုင်း မြည်တွန်တောက်တီးနေလို့ ကြည်ဟန်မြင့်က ရှောင်နေတာပဲ။ ဒီနေ့ သူ သတိရလို့ လာတော့ အိမ်ရှေ့တံခါးကြီး ပိတ်ထားတာ တွေ့ရတယ်။ နောက်ဖေးဘက်ကို လှည့်လာကြည့်တော့ မီးဖိုချောင် တံခါးဝမှာ ဒီလို စာရေးကပ်ထားတာ တွေ့ရတယ်။

*ပေါင်မုန့်သမား၊ ပေါင်မုန့်တစ်လုံး။ နွားနို့သမား၊ နွားနို့ တစ်ပုလင်း။ ပင်မင်းသည်၊ စားပွဲပေါ်တွင် ကြည့်ရန် ...*

ဒီစာကိုတွေ့တော့ ကြည်ဟန်မြင့်က 'ကြီးကြီး အပြင်ထွက်သွားသလား၊ နေမကောင်းလို့ အိပ်ရာထဲ လဲနေသလား မသိဘူး။ ငါ သွားကြည့်ဦးမှ'ဆိုပြီး အထဲကို ဝင်လာခဲ့တယ်။ မီးဖိုခန်းထဲရောက်တော့ ရေခဲသေတ္တာကို သွားဆွဲဖွင့်လိုက်တယ်။ သူ ရေဆာလာတာကိုး။ အထဲမှာ စားလို့ကောင်းမယ့် ပန်းသီးနီနီကြီးတွေ။ သူ့လက်က ပန်းသီးတစ်လုံးဆီ

လှမ်းသွားတုန်း အိမ်အပေါ်ထပ်က အသံထွက်လာတယ်။ အိပ်ရာထဲက လှမ်းအော်လိုက်တဲ့ သူ့ကြီးကြီး အသံပဲ။

'ပေါင်မုန့်သမားလားဟေ့ ...၊ ပေါင်မုန့်တစ်လုံး ထားခဲ့'

'မဟုတ်ပါဘူး ကြီးကြီး။ ကျွန်တော် ကြည်ဟန်မြင့်ပါ'

'ကျားပေါက်လားဟေ့။ ရေခဲသေတ္တာနားကို မကပ်နဲ့နော်။ အထဲမှာ ပန်းသီး ဘယ်နှလုံး ထည့်ထားတယ်ဆိုတာ ငါ သိတယ်'

ကြည်ဟန်မြင့် ရေခဲသေတ္တာတံခါးကို ဖြည်းဖြည်းကလေး ပြန်ပိတ်ပြီး အပေါ်တက်လာခဲ့တယ်။ သူ့ကြီးကြီးဟာ ခုတင်ပေါ်မှာ စောင်ခြုံပြီး လှဲနေတယ်။

'ကြီးကြီး ... နေမကောင်းဘူးလား'

'အေး ... အအေးမိပြီး ချောင်းဆိုးနေလို့'

'ကျွန်တော် ဘာကူညီရမလဲ'

'နင်လုပ်ရင် အလွဲလွဲ အချော်ချော် ဖြစ်လွန်းလို့ မခိုင်းချင်ဘူး'

'ကျွန်တော် ကြီးကြီးသောက်ဖို့ ဆေးယူပေးရမလား'

'အေး ... မင်းပြောမှ သတိရတယ်။ ငါ ဆေးသောက်ဖို့ အချိန်ကျနေပြီ။ ဟောဟို အဝတ်ဗီရိုဘေး စားပွဲပေါ်မှာ ဆေးပုလင်းတွေ တင်ထားတယ်။ ပုလင်းအပြာထဲက ဆေးကို ပေး'

'ဟုတ်ကဲ့'

ကြည်ဟန်မြင့်ဟာ သေသေချာချာပဲ ပုလင်းပြာထဲက ဆေးကို သောက်ဖက်ရည်ဇွန်းထဲထည့်ပြီး သူ့ကြီးကြီးကို ပေးတယ်။ ဒါပေမဲ့ သူ့ကြီးကြီးဟာ အဲဒီဆေး သူ့ပါးစပ်ထဲရောက်တာနဲ့ အလန့်တကြား ထွေးထုတ်လိုက်ပြီး ...

'ထွီ ... ဘာတွေ ထည့်လာတာလဲ။ ငါ သောက်နေကျ ချောင်းဆိုးဆေးရည်က ချိုမြမြလေး။ အခုဟာက ခါးလိုက်တာ'

'ကျွန်တော် ပုလင်းပြာပြာထဲက ဟာကို ထည့်လာတာပဲ'

'ဒုက္ခပဲ။ အဲဒါက မျက်စဉ်းပုလင်းဟဲ့။ ပုလင်းပေါ်က စာကိုတော့ ဖတ်ကြည့်ဦးမှပေါ့။ နင် စာမဖတ်တတ်ဘူးလား။ ငါ့ကို ပုလင်းပဲယူလာ ခဲ့'

သူက ချောင်းဆိုးပျောက်ဆေးရည် ပုလင်းကို ယူပေးပြီး ...

'ကျွန်တော် ဘာကူညီရဦးမလဲ'

'နင် ငါ့နဲ့ ခပ်ဝေးဝေးနေ။ အဲဒါ ကူညီတာပဲ။ ကဲ ... အိမ်ပြန်တော့'

'ကြီးကြီးအတွက် ကျွန်တော် ဈေးသွားဝယ်ပေးရဦးမလား'

'တော်ပြီ။ နင့် ဝယ်ခိုင်းလိုက်တိုင်း အလွဲလွဲ အချော်ချော် ဖြစ်နေကျပဲ။ မင်း အိမ်သာ ပြန်တော့။ သြော် ... ရေခဲသေတ္တာနား မသွားနဲ့နော်'

ကြည်ဟန်မြင့် အောက်ထပ် မီးဖိုထဲ ပြန်ဆင်းလာခဲ့တယ်။ မီးဖိုထဲက စားပွဲနားရောက်တော့ စားပွဲပေါ်မှာ တင်ထားတဲ့ စာတစ်စောင်ကို တွေ့ရတယ်။ လက်ရေးက ကြီးကြီးလက်ရေးပဲ။

'စားပွဲခင်းတစ်ခု (အပြာရောင်)၊ လက်သုတ်ပဝါ နှစ်ထည်၊ အိပ်ရာခင်း တစ်ခု၊ အဖြူရောင် ခေါင်းအုံးစွပ် တစ်လုံး၊ မျက်နှာသုတ်ပဝါ တစ်ခု'

အဲဒါကို ဖတ်ပြီး ကြည်ဟန်မြင့် သဘောကျသွားတယ်။ ဒါဟာ သူ့ကြီးကြီး ဈေးဝယ်ဖို့လုပ်ထားတဲ့ စာရင်းပဲ။ အကူအညီပေးတဲ့အနေနဲ့ သူ သွားဝယ်ပေးလိုက်ရင် သူ့ကြီးကြီး ကျေးဇူးတင်သွားလိမ့်မယ်လို့ သူ ထင်တယ်။ တစ်ပတ်လောက်က သူ့မွေးနေ့ဆိုတော့ သူ့ဘကြီး မုန့်ဖိုး ပေးထားတဲ့ ပိုက်ဆံတွေ သူ့မှာ ရှိသေးတယ်။ အဲဒီပိုက်ဆံတွေနဲ့ သူ စိုက်ဝယ်လိုက်မယ်။ ပြီးမှ ကြီးကြီးဆီက ပြန်တောင်းရင် ရမှာပဲဆိုပြီး သူ ဈေးကို ထွက်လာခဲ့တယ်။ ဈေးရောက်တော့ သူ လိုချင်တဲ့ ပစ္စည်းတွေ အားလုံးကို အထည်ဆိုင်ကြီး တစ်ဆိုင်တည်းမှာပဲ ဝယ်လို့ရခဲ့တယ်။

သူ ပျော်ပြီး အိမ်ပြန်လာခဲ့တာပေါ့။ မီးဖိုထဲရောက်တော့ ပင်မင်းဆိုင်က မိန်းမကြီးကို တွေ့ရတယ်။ သူ့ကို 'ကောင်လေး ... ပင်မင်းပေးဖို့ စာရင်းလုပ်ထားတဲ့ စာရွက်ကလေး တွေ့လား'တဲ့။ သူက 'မတွေ့ဘူး' ပြောလိုက်ရတယ်။

မိန်းမကြီးက 'မင်းအဒေါ်က စားပွဲပေါ်တင်ထားတယ် ပြောတယ်။ တွေ့လည်း မတွေ့ဘူး။ ငါ ဘာသာပဲ လျှော်စရာ အဝတ်တွေ ရှာယူသွားတော့မယ်'လို့ ပြောပြီး အဝတ်ဟောင်းတွေထည့်တဲ့ ခြင်းတွေထဲက လျှော်စရာ အဝတ်တွေ ယူပြီး ပြန်သွားတယ်။ ကြည်ဟန်မြင့်က အပေါ်တက်

ခဲ့ပြီး သူ့ကြီးကြီးကို သူ ဝယ်လာတာတွေ ပေးလိုက်တယ်။

'ဒါတွေက ဘာတွေလဲ ...'

'ကြီးကြီး ဈေးသွားဝယ်ဖို့ လုပ်ထားတဲ့ စာရင်းစာရွက်ကို မီးဖိုထဲက စားပွဲပေါ်မှာ တွေ့တာနဲ့ ကျွန်တော် သွားဝယ်လာခဲ့တာတွေလေ။ ကိုယ့်ကြီးကြီးဆိုတော့ ကူညီရမှာပေါ့။ ကျွန်တော့်ကို ကျေးဇူးတင်မနေပါနဲ့ ကြီးကြီး'

'နင့်ကို ကျေးဇူးမတင်တဲ့အပြင် သတ်တောင် ပစ်ချင်တယ်။ ဒါတွေက ဈေးဝယ်ဖို့စာရင်း မဟုတ်ဘူး။ ပင်မင်းသည်အတွက် ပင်မင်းအပ်ဖို့ လုပ်ထားတဲ့ စာရင်း။ ဒီပစ္စည်းတွေက ငါလည်း မလိုဘူး။ နင် ဝယ်လာတာ အပိုပဲ။ အခုတော့ ရှုပ်ကုန်ပြီ'

'မရှုပ်ပါဘူး။ ဗီရိုထဲမှာ ခေါက်သိမ်းထားရင် ရပါတယ် ကြီးကြီးရယ်။ ပြီးတော့ မပိုပါဘူး။ အခုမသုံးရင်လည်း နောင် သုံးရမှာပဲ့။ ဒီတော့ ကျွန်တော် စိုက်ထားတဲ့ ပိုက်ဆံကလေးတွေသာ ...'

'တစ်ပြားမှ မပေးနိုင်ဘူး။ နောင်မှ သုံးရမယ့်ဟာတွေအတွက် ငါက ငွေအကုန်မခံနိုင်ဘူး။ ငါ့မှာ ဒီပစ္စည်းတွေ နောင် အနှစ် ၅၀ အထိ သုံးဖို့ ရှိတယ်'

ကြည်ဟန်မြင့် အဝတ်ထုပ်ကြီးပိုက်ကာ ပြန်လာခဲ့ရသည်။ ဒီပစ္စည်းတွေကို သူ ဝယ်ခဲ့သော ဆိုင်ကလည်း ပြန်မယူ။ ဒီတော့ အိမ်ကိုသာ ယူလာခဲ့ရ၏။ သူ ရထားသော မုန့်ဖိုးကလေးတော့ ကုန်လေပြီ။ သူ ဘစ်ပါးကို ကူညီချင်တဲ့ စေတနာရှိတာ ကောင်းပါသည်။ သို့သော် ခေ့စပ်သေချာဖို့ လိုတယ်ဟု သူ သင်ခန်းစာရခဲ့သည်။ အခုတော့ လွဲချော်မှု၏ တန်ဖိုးကို သူ ကောင်းကောင်း ပေးဆပ်ခဲ့ရလေသည်။

ဟာဒယ ဟာသမဂ္ဂဇင်း

မတ်၊ ၂၀၀၆။

# တိုလီမိုလီ

သူတို့ ကလေးတွေ ကစားနေကျ ကစားကွင်းဘေးမှာ တဲကလေး တစ်လုံးရှိပြီး အဲဒီတဲမှာ ဦးဘအိုဆိုတဲ့ လူကြီးတစ်ယောက် တစ်ကိုယ်တည်း နေထိုင်နေတယ်။ သူဟာ ဆင်းရဲနွမ်းပါးပြီး ကျပန်း အသက်မွေး ဝမ်းကျောင်း အလုပ်ကလေးတွေ လုပ်ရတယ်။ ရေထမ်း ရောင်းတယ်၊ ထင်းခွဲတယ်၊ မြောင်းဖော်တယ်ပေါ့။ တစ်နေ့ ကလေးတွေ ကစားဖို့လာတော့ တဲထဲမှာ လဲနေတဲ့ ဦးဘအိုကို တွေ့ရတယ်။ သူဟာ အအေးမိပြီး ဖျားနေတာပဲ။

'တို့ ... ဦးဘအိုကို ကူရအောင်'လို့ အင်ကြင်းမွှန်က ပြောတယ်။

သီရိဝေက ... 'ဘယ်လို ကူမှာလဲ'လို့ မေးတယ်။

'ကူစရာတွေက အများကြီးပဲ။ ဆရာဝန် ခေါ်ပေးရမယ်။ ဆေးဝယ်တိုက်ရမယ်။ ဆန်ပြုတ် ဝယ်တိုက်ရမယ်။ သူ့မှာ အနွေးထည်လည်း မရှိဘူး'

'အဲဒါတွေအတွက် ငွေလိုတယ်လေ'

ကြည်ဟန်မြင့်က ပြောလို့ သူတို့ငါးယောက် လက်ထဲမှာရှိတဲ့ ပိုက်ဆံတွေ စုကြတယ်။ ဒါပေမဲ့ နည်းနည်းလေးပဲ ရတယ်။ ဂွက်ဂွက်က ...

'ငွေ ဘယ်လိုရှာမလဲ'

'လူကြီးတွေကတော့ အလုပ်လုပ်ကြတာပဲ။ ဒါပေမဲ့ တို့တွေအငယ်သေးတယ်'

'တို့လုပ်နိုင်တာတော့ ရှိတယ်။ ဈေးရောင်းဖို့ပဲ'

အင်ကြင်းမွှန်က ပြောတော့ သံချောင်းက ...

'ဘာတွေ ရောင်းမှာလဲ။ တို့မှာ ဘာရောင်းဖို့ ရှိလို့လဲ'

'တိုလီမိုလီတွေ ရောင်းမှာပေါ့'

'တိုလီမိုလီဆိုတာ ဘာလဲ ...'

'အိမ်မှာ အသုံးမဝင်လို့ ပစ်ထားတဲ့ စတိုခန်းထဲက ပစ္စည်းအဟောင်းအမြင်းတွေပေါ့။ အဲဒါ အားလုံးဟာ တိုလီမိုလီပေါ့။ ရွှေဘုံသာလမ်းထဲမှာ အဲဒါမျိုး လူကြီးတွေ ရောင်းနေတာ တွေ့တယ်'

'ကောင်းတယ်။ ဘယ်တော့ ရောင်းကြမလဲ'

'ဒီနေ့ နေ့လယ် ကြော်ငြာတွေ ရေးကပ်ကြမယ်။ တခြား သူငယ်ချင်းတွေကိုလည်း သူတို့အိမ်မှာ အသုံးမဝင်တဲ့ တိုလီမိုလီပစ္စည်းတွေ ယူလာကြဖို့ အကူအညီတောင်းရမယ်'

သူတို့အုပ်စု လူစုခွဲကာ လျှပ်ကြားကြသည်။

**'တိုလီမိုလီ ဈေးရောင်းပွဲတော်'**

ဦးဘအို ရန်ပုံငွေ

အချိန် – ဒီနေ့ နေ့လယ်

နေရာ – ကလေးကစားကွင်း

ဟူသော ကြော်ငြာတွေရေးကာ လိုက်ကပ်ကြသည်။

ထမင်းစားပြီးသောအခါ သူတို့လူစု ကစားကွင်းထဲတွင် ပြန်ဆုံကြသည်။ အင်ကြင်းမွှန်က နိုင်ငံခြား ဆေးရောင်စုံ ရုပ်ပြစာအုပ်တစ်အုပ်ယူလာသည်။ အဖုံးတစ်ဖက် ပြုတ်နေသော်လည်း စာအုပ်က အပြည့်အစုံရှိနေသည်။ ကြည်ဟန်မြင့်က ဘောလုံးတစ်လုံး ယူလာသည်။ ဘောလုံးကပေါက်နေသော်လည်း ဖာလိုက်လျှင် ကန်လို့ရသည်။ သံချောင်းက ကစားစရာ ခဲမော်တော်ကားတစ်စီး ယူလာသည်။ ဘီးတစ်ဖက်တော့ ပြုတ်နေ၏။ သီရိဒေဝက တက်ဒီဝက်ဝံရုပ် အဟောင်းကလေး၊ မှူယာက ဘက်တမင်

တန် တစ်ချောင်း၊ ဝွက်ဝွက်က ခေါက်ယပ်တောင်တစ်ခု၊ အောင်မင်းဇော်က ဂျင်တစ်ခု။ ပြီးတော့ သတင်းကြားသော တခြားသူငယ်ချင်းတွေကလည်း ယူလာကြရာ ကလေးကစားစရာ လေယာဉ်ပျံ၊ မီးရထား (သံပတ်ပျက်နေသည်)၊ ဘက်ထရီကုန်နေသော ကစားစရာဟန်းဖုန်း စသဖြင့် အတော်ကလေး စုလင်၍သွားသည်။ ပေါက်ပေါက်က သူတို့ထဲမှာ အငယ်ဆုံး။ သူက ခြေတစ်ချောင်းကျိုးနေသော ပလတ်စတစ်ခုံကလေး ယူလာကာ ...

'ဒါလည်း တိုလီမိုလီပဲလားဟင် ...'

'ဟုတ်တယ်။ ဒါတွေအားလုံးဟာ တိုလီမိုလီပဲ။ ကဲ ... ဈေးရောင်းပွဲတော် တော့မယ်။ ကြည်ဟန်မြင့်ရေ ... ဘင်တီးတော့'ဟု အင်ကြင်းမွန်က ဆိုလိုက်သည်။

ကြည်ဟန်မြင့်က သူ့ဘင်ကလေးကို တီးလိုက်၏။ ဘင်သံ ကြားရသောအခါ တခြားကလေးတွေ ရောက်လာကြသည်။ သူတို့က ကြော်ငြာ ထပ်ထားသဖြင့် တခြားလမ်းက ကလေးတွေပင် ရောက်လာကြ၏။ သီရိဆေနှင့် ဝွက်ဝွက်က လမ်းဘေးတွင် အလေ့ကျပေါက်သော ပန်းဝါဝါကလေးတွေ ခူးထားကာ ဈေးရောင်းပွဲတော် လာသူတိုင်းကို တစ်ပွင့်စီ ပေးရာ ရတဲ့သူတွေက ရင်ဘတ်မှာ ထိုးထားကြလေသည်။ သူတို့က ဈေးပေါပေါနှင့် ရောင်းသဖြင့် သူတို့၏ တိုလီမိုလီပစ္စည်းများမှာ အကုန်လောက်နီးနီးပင် ရောင်းလိုက်ရသည်။

သူတို့လက်ထဲတွင် ပိုက်ဆံ တော်တော်ရလာသဖြင့် လမ်းထိပ် ဆေးခန်းက ဆရာဝန် ကိုသန့်စင်ကို သွားပင့်နိုင်သည်။ ကိုသန့်စင်က ဦးဘအိုအိမ်အထိ လိုက်လာကာ ဆေးထိုး၊ ဆေးတိုက် လုပ်ပေးသော်လည်း ကလေးတွေပေးသည့် ဆေးကုသခကို မယူချေ။

'မင်းတို့ ဒီလို သူတစ်ပါးကိုကူညီချင်တဲ့ စိတ်ဓာတ်ရှိတာ ချီးကျူးပါတယ်'

အပြန်အလှန်ပေါ့။ ဦးဘအိုကလည်း မိုးတွင်းက မြက်တွေ ဖုံးနေသော ကစားကွင်းကို ရှင်းလင်းပေးခဲ့ဖူးသည်။ ပြီးတော့ သစ်ပင်မှာ သူတို့စီးဖို့ ဒန်းကို ကားတာယာဟောင်းနှင့် ဆင်ပေးဖူးသည်။ ဆရာဝန်ကို

မပေးရသဖြင့် သူတို့လက်ထဲတွင် ငွေတွေ ပိုနေရာ ဦးဘာအိုအတွက် ကွေကာအုပ် တစ်ဒါဇင်နှင့် အနွေးထည်ဟောင်း တစ်ထည် ဝယ်ပေးနိုင်သည်။ ကလေးတွေအားလုံး ပျော်ရွှင်နေကြလေသည်။

**ဟာဒယ ဟာသစွေမင်း**

**ဧပြီ၊ ၂၀၀၆။**

## ဘောလုံး သူရဲကောင်း

**'ကျားပေါက်ရေ ... မင်း မပါနဲ့ကွာ။ မင်းက ဘောလုံးကန်ဖို့ အတွက် နည်းနည်း ငယ်နေတယ်'**

ကျားပေါက်ကို ဇော်ဗလက ပြောလိုက်ခြင်း ဖြစ်သည်။ ကလေး ကစားကွင်းထဲတွင် တစ်ရပ်ကွက်မှ ကလေးများနှင့် သူတို့ရပ်ကွက်က ကလေးများ ဘောလုံးချိန်းကန်ကြသည်။ ကျားပေါက်က သူ့သူငယ်ချင်း ကျော်ကျော်နှင့် ဘောလုံးကစားရအောင် လိုက်လာသော်လည်း သူတို့ ရပ်ကွက် ဘောလုံးအသင်း (အသင်းအမည်မှာ စပိုင်ဒါမန်း ခေါ် ပင့်ကူ လူသား ဖြစ်သည်) ခေါင်းဆောင် ဇော်ဗလက ငြင်းဆန်လိုက်ခြင်း ဖြစ် သည်။

ကျားပေါက်က 'ငါက မင်းတို့ထက် တစ်နှစ်လောက်ပဲ ငယ်တာ ပါ။ ပြီးတော့ ငါ ဘောလုံး ကောင်းကောင်း ကစားတတ်ပါတယ်။ အပြေး လည်း မြန်တယ်။ ဂိုးသွင်းလည်း ကောင်းတယ်'ဟု ပြောသော်လည်း မရ။

'မင်းက ဘောလုံးကောင်းကောင်း ကစားနိုင်ဖို့အတွက်ဆို ငယ် လွန်းပါသေးတယ်။ မင်းကို ထိခိုက်မိရင် ငါ တာဝန်မယူနိုင်ဘူး။ ဒီတော့

မပါနဲ့'ဟု ဖော်ဇလက ပြောသည်။

ကျော်ကျော်ကလည်း 'သူက ကပွတိန်ပဲကွ။ သူ ပြောတဲ့စကားကို တို့လည်း နားထောင်ရမယ်'ဟု ဆိုလေသည်။

သူတို့ရပ်ကွက် ပင့်ကူလူသား အသင်းနှင့် တစ်ဖက်ရပ်ကွက်မှ ဟယ်ရီပေါ်တာ အသင်းတို့ ကွင်းထဲ၌ ယှဉ်ပြိုင်ကစားနေစဉ် သူ စိတ် ပျက်လက်ပျက် အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်သောအခါ သူ့အမေက 'သား ... ဘောလုံး သွားကစားမလို့ဆို။ ဒီနေ့ ကလေးတွေ ဘောလုံး မကစားဖြစ်ကြဘူးလား'

'သူတို့ ကစားကြတယ် အမေ။ သားကို ငယ်လို့ မပါရဘူးတဲ့။ ကျွန်တော် ချက်ချင်း ကြီးလာအောင်လည်း မလုပ်တတ်ဘူး အမေ'

'စိတ်ပျက်မနေပါနဲ့ သားရယ်။ မင်းကို အမေ သတင်းကောင်း ပြောစရာ ရှိတယ်။ မင်းဦးလေး မနက်ဖြန် ဒီကိုလာလည်လိမ့်မယ်'

ထိုစကား ကြားသောအခါ ကျားပေါက် ပျော်သွားသည်။ သူ့ဦးလေး သည် မကြာခင်ကမှ အားကစားလောကမှ အနားယူခဲ့သော မြန်မာ့ လက် ရွေးစင် ဘောလုံးသမားတစ်ဦး ဖြစ်သည်။ သူ ဒီမှာ တစ်ရက်၊ နှစ်ရက် နေလိမ့်မည်ဟု ပြော၏။ ဦးလေး ကွင်းထဲမှာ ဘောလုံးကစားတာ သူ ကြည့်ဖူးသည်။ ဦးလေးသည် တိုက်စစ်မှူးတစ်ဦးဖြစ်ကာ အလှည့်အပတ် အလိမ်အခေါက် ကောင်းသဖြင့် နာမည်ကျော်ခဲ့၏။ ကစားပွဲတစ်ခုတွင် သူ့ကျောရိုးကို ပြင်းပြင်းထန်ထန် ခိုက်မိသဖြင့် ယခုလို ခပ်စောစောပင် အားကစားလောကမှ အနားယူခဲ့ခြင်း ဖြစ်သည်။

နောက်တစ်နေ့မှာ စနေနေ့ဖြစ်ကာ သူ့ဦးလေး ရောက်ရှိလာသည်။

'ကျားပေါက် ... ဒီနေ့ ရာသီဥတု သာယာတယ်။ မင်း ဘောလုံး မကစားဘူးလား'

ကျားပေါက်က သူ့အဖြစ်ကို ပြောပြလိုက်သည်။

ဦးလေးက ရယ်ကာ 'မင်းခန္ဓာကိုယ်က သေးနေလို့ ပြောကြတာ။ ဘောလုံးကစားတဲ့နေရာမှာ ခန္ဓာကိုယ်သေးတာ အဓိက မဟုတ်ဘူး။ ကမ္ဘာ ကျော် ဂန္ထဝင်ဘောလုံးသမား မာရာဒိုနာဆို ခပ်သေးသေးပဲ။ အခု နာမည် ကြီးနေတဲ့ အင်္ဂလန်လက်ရွေးစင် ရှောင်ရိုက်ဖိုလစ်ဆိုတဲ့ ကပွလီလေးဟာ

လည်း လူကောင် သေးသေးလေးပဲဟာ။ အရင်က မင်းကို ဦးလေး သင်ပေးခဲ့တဲ့ အလိမ်အခေါက်လေးတွေ မင်း သတိရသေးလား'

'သတိရပါတယ် — ဦးလေး'

'မင်းကို နည်းအသစ်တွေ ဦးလေး ထပ်သင်ပေးမယ်'

သူ့ဦးလေးက စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံးပင် သူတို့အိမ်ခြံထဲက ကွက်လပ်တွင် ဘောလုံးအထိန်းအသိမ်း အလိမ်အခေါက် ပညာတွေကို သင်ပေးခဲ့သည်။ ကျားပေါက်က အားကြိုးမာန်တက် သင်ယူသဖြင့် သဘောကျ၍ သွားသည်။

'တစ်နေ့ ငါ့တူဟာ ထင်ရှားတဲ့ ဘောလုံးသမားကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်'

သူ့ဦးလေးက ပြန်ခါနီးတွင် သူ့ကို ဘောလုံးတစ်လုံး လက်ဆောင်ပေးခဲ့သည်။ ထိုဘောလုံးပေါ်တွင် ဦးလေး ဘောလုံးလောကမှ အနားယူသည့်အတွက် အထိမ်းအမှတ်အဖြစ် အမှတ်တရ လက်မှတ်ထိုးပေးထားသော နာမည်ကျော် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများဖြစ်သည့် စိုးမြင့်ဝင်း၊ ရဲနိုင်၊ ခင်မောင်ထွန်း၊ အောင်အောင်ဦး စသူတွေ၏ ထိုးမြဲလက်မှတ်တွေ ပါနေလေသည်။

နောက်တစ်နေ့တွင် ထိုဘောလုံးကိုပိုက်၍ ကျားပေါက် ရောက်ရှိသွားသောအခါ သူ့အားတွင် ဇော်ဗလတို့အုပ်စု ဝိုင်းဝိုင်းလည်ကာ ဘောလုံးကို ကြည့်ရှုကြသည်။ ကျော်ကျော်က ...

'ငါတို့ကို ဒီဘောလုံး ပေးကစားပါလား။ မင်းလည်း ပါရမယ်'

ဇော်ဗလက ... 'မဖြစ်ပါဘူး။ သူက ငယ်နေတယ်'ဟု ပြော၏။

ကျားပေါက်က ... 'ဒီလိုလုပ်၊ မင်းနဲ့ ငါနဲ့ နှစ်ယောက်တည်း ဂိုးကျဉ်း ကစားကြမယ်။ ငါက မင်းကို နိုင်အောင် ကစားနိုင်ရင် မင်းတို့အသင်းထဲမှာ ငါ့ကို ပါခွင့်ပေးရမယ်။ ငါက ရှုံးရင်တော့ ဒီဘောလုံးနဲ့ မင်းတို့ကို သုံးပွဲ ကစားခွင့်ပေးမယ်'

ဇော်ဗလက သဘောတူကာ နှစ်ဦးတည်း ဂိုးကျဉ်းကစားကြသည်။ ဇော်ဗလက ဘောလုံးကန်ကောင်းသူ ဖြစ်သော်လည်း ကျားပေါက်ကို မယှဉ်နိုင်။ ကျားပေါက် ခြေထောက်ထဲမှ ဘောလုံးကို ရအောင် မလု

နိုင်။ ကျားပေါက်က သုံးဂိုးသွင်းသဖြင့် အရှုံးပေးလိုက်ရသည်။

ဇော်ဗလက ... 'မင်း ဘောလုံးကစားတာ တကယ်တော်တာပဲ။ ငါနဲ့ ကျန်တဲ့ အသင်းသားတွေကိုလည်း အဲဒီလို အလိမ်အခေါက် ပညာတွေ သင်ပေးပါ။ မင်းကို တို့အသင်းထဲ ဝင်ခွင့်ပြုမယ်။ ပြီးတော့ လက်ထောက် အသင်းခေါင်းဆောင် ခန့်မယ်'

အားလုံးကပင် သဘောတူကြသည်။ နောက်ရက်တွင် တခြားအဖွဲ့ဖြစ်သော 'စပိုင်ကစ်'အဖွဲ့နှင့် ဘောလုံးချိန်းကန်ကြသောအခါ ယခင်က သူတို့ ရှုံးနိမ့်နေကျဖြစ်သော်လည်း ယခုအခေါက်တွင် ကျားပေါက်၏ ထူးချွန်မှုကြောင့် အနိုင်ရခဲ့လေရာ အားလုံးမှာ ပျော်ရွှင်မဆုံး ရှိနေလေတော့သတည်း။

ဟဒယ ဟာသမဂ္ဂဇင်း

မေ၊ ၂၀၀၆။

# ပုံပုံနဲ့ ထုံထုံ

တစ်ခါက အိမ်တစ်အိမ်မှာ ပုံပုံနဲ့ ထုံထုံဆိုတဲ့ အမြွှာမောင်နှမ ရှိတယ်။ ပုံပုံကို ပုံပုံလို့ ခေါ်ကြတာကတော့ ဝဝအိအိနဲ့ အဝတ်စကလေး ပုံထားသလို ဖောင်းဖောင်းပုပုကလေးမို့တဲ့။ အဲ ... ထုံထုံကို ဘာကြောင့် ထုံထုံလို့ ခေါ်တယ်ဆိုတာတော့ ဘယ်သူမှ မသိကြဘူးတဲ့။

အိမ်မှာ သူတို့မိဘတွေက ခရီးထွက်နေကြလို့ သူတို့ မောင်နှမ နှစ်ယောက်ပဲ ရှိကြတယ်။ တစ်အိမ်လုံးကို မိန်းကလေးပီပီ ပုံပုံကပဲ ရှင်းလင်း ထိန်းသိမ်းရတယ်။ ထုံထုံကတော့ ဟုတ်တိပတ်တိ ကူလုပ်ဖော်မရဘူးတဲ့။ သူ့ကို တစ်ခုခု ခိုင်းလိုက်ရင်လည်း မေ့လျော့နေတာက များတယ်။ ဒါကြောင့် ပုံပုံက ညည်းတယ်။

'ငါမရှိရင် နင် ဘယ်လိုလုပ်မလဲ ထုံထုံ။ ဈေးဝယ်ဖို့လည်း မေ့မယ်။ အိပ်ရာလည်း ဘယ်တော့မှ မခင်းဘူး။ ကြောင်ကလေး ပူစီကိုလည်း မေ့နေရင် သူက အိမ်က ထွက်သွားမှာပဲ။ သူ ဆာနေတယ်လို့ နင် ဘယ်တော့မှ တွေးမိမှာ မဟုတ်ဘူး'

ဒီလိုပြောတော့ ထုံထုံက မခံနိုင်ဘူး။

'ငါ့ကို ဒီလိုမပြောပါနဲ့။ မယုံရင် နင် အပြင်သွားကြည့်ပါလား။

ငါ့ဘာသာငါ အိမ်ကို ထိန်းသိမ်းနိုင်ပါတယ်။ ဘာလုပ်ရမယ်ဆိုတာ ငါ ကောင်းကောင်းသိတယ်'လို့ ပြန်ပြောတယ်။ ပုံပုံက ...

'ကောင်းပြီ။ ငါ ဒီနေ့ အပြင်ကို ထွက်စရာကိစ္စ ရှိတယ်။ နင် အိမ်က အလုပ်တွေ လုပ်ထား'

'စိန်လိုက် ... ဘာတွေလုပ်ရမယ်သာ ပြော။ ငါက မေ့တတ်တာ မှန်ပေမဲ့ အဲဒါတွေကို စာနဲ့ ရေးထားလိုက်မှာပေါ့။ ဒါဆို ငါ လွယ်လွယ်နဲ့ မှတ်မိနိုင်မယ်။ နင် ပြန်လာရင် အဲဒါတွေအကုန် လုပ်ပြီးသား ဖြစ်နေတာ တွေ့ရလိမ့်မယ်'

ထုံထုံက ရင်ကော့ပြီးပြောတယ်။

ပုံပုံက 'ကောင်းပြီ၊ ငါ အပြင်သွားတုန်း နင် လုပ်စရာလေးခု ရှိတယ်။ ပထမတစ်ခုက ငါ ကိတ်မုန့်တစ်ခု ဖုတ်ထားတယ်။ အဲဒါကို လေးနာရီထိုးလောက်ကျရင် ရေခဲသေတ္တာထဲက ထုတ်ပြီး စားပွဲပေါ်က ပန်းကန်ထဲ ထည့်ထား။ မေ့မနေနဲ့'လို့ ပြောတော့ သူ့စာအုပ်ထဲမှာ '(၁) ကိတ်မုန့်ကို သတိရ'လို့ ထုံထုံက ရေးမှတ်လိုက်တယ်။

'နှစ်အချက်က ကြောင်ကလေး ပူစီ ညနေစာ စားဖို့အတွက် သူ ပြန်လာလိမ့်မယ်။ လျှောက်သွားနေတော့ ဆာလောင်လာလိမ့်မယ်။ ကြောင်အိမ်ထဲက ငါးကြော်ကိုယူပြီး ပန်းကန်ပြားထဲ ထည့်ပေးလိုက်'လို့ ပြောတော့ သူ့စာအုပ်ထဲမှာ ထုံထုံက '(၂) ငါးကြော်ကို ပန်းကန်ပြားထဲ ထည့်'လို့ ရေးမှတ်လိုက်ပြီး 'လွယ်ပါတယ်။ နောက်တစ်ခုကရော ...'လို့ ဆက်မေးတယ်။

'နောက်တစ်ခုက ကောင်လေးတစ်ယောက် တိုင်ကပ်နာရီ လာယူလိမ့်မည်။ အဲဒါက ပြင်ဖို့လိုနေပြီ၊ တွေ့လား။ တိုင်ကပ်နာရီကို ဖြုတ်ပြီး စီးဒိုတ်ခါးမှာ ထောင်ထားတယ်။ နင် အဆင်သင့်ပေးလို့ ရအောင်ပေါ့။ သူ့အဖေ ဦးမျိုးမြင့်က နာရီပြင်ဆရာပဲ'

ထုံထုံက '(၃) နာရီကို ပေးလိုက်ရန်'ဟု ရေးမှတ်လိုက်ပြန်တယ်။

ပုံပုံက 'နောက်ဆုံးတစ်ခုကတော့ လက်ဖက်ခြောက်တွေကို အမှိုက်ပုံးထဲ ထည့်၊ အမှိုက်သိမ်းတဲ့ကားလာရင် သွားပေးလိုက်ဖို့ပဲ။ မှတ်မိရဲ့လား'

'မမှတ်မိဘူး။ ဒါပေမဲ့ မပူပါနဲ့။ အားလုံး စာနဲ့ရေးမှတ်ထားတယ်' ဟု ဆိုကာ '(၄) လက်ဖက်ခြောက်'ဟု ရေးလိုက်လေသည်။ ပြီးတော့ 'ငါ အခုလို ချရေးလိုက်တော့ ဘာမှ မေ့နိုင်စရာမရှိတော့ဘူးပေါ့'ဟု ဆိုလေသည်။

ပုံပုံက 'ညနေကျ အင်ကြင်းမွှန်နဲ့ သီရိဝေကို လက်ဖက်ရည်သောက်ဖို့ ငါ ခေါ်လာမယ်။ သူတို့ရောက်မှ ကိတ်မုန့်ကို တို့ စားကြတာပေါ့' လို့ ပြောပြီး အပြင်ထွက်သွားတယ်။

ထုံထုံက နောက်ဆုံးထွက်လာတဲ့ ဟယ်ရီပေါ်တာ ဒီဗီဒီကို စက်ထဲထည့်ပြီး အေးအေးလူလူ ထိုင်ကြည့်နေတယ်။ သူက ဒီလိုထူးထူးဆန်းဆန်း ဇာတ်ကားတွေကို သိပ်ကြိုက်တာ။ အဲဒီဇာတ်ကား ပြီးသွားတော့မှ သူ သတိရလာတယ်။

'ငါ့ကို ပုံပုံ ခိုင်းသွားတာတွေ ရှိသေးတယ်။ သူ ပြန်မလာခင် လုပ်ထားမှ'

သူက စာအုပ်ကို ထုတ်ကြည့်လိုက်တော့ '(၁) ကိတ်မုန့်ကို သတိရပါ'လို့ ရေးထားတာ သွားတွေ့တယ်။ ဟုတ်ပြီ၊ ကိတ်မုန့်ကိုတော့ သတိရပြီ။ သူ ဆက်စဉ်းစားမရတာဟာ ကိတ်မုန့်ကို ဘာလုပ်ရမလဲ ဆိုတာပဲ။ သူကလည်း အတိုကောက် မှတ်ထားလိုက်တော့ အစဖော်လို့မရဘူး။ အဲဒီအချိန်မှာ အိမ်ကို လူတစ်ယောက် ရောက်လာတယ်။

'ငါ့ကို ပုံပုံက နေ့ခင်း အားရင် လာခဲ့ပါလို့ မှာထားတယ်။ ပေးစရာ ရှိလို့တဲ့' ဆိုတော့ သူက 'ကိတ်မုန့်များလား'လို့ မေးလိုက်တယ်။

'ဘာလဲတော့ မသိဘူး။ သူက လာခဲ့ပါလို့သာ မှာထားတယ်'

ထုံထုံက လူငယ်တစ်ယောက်လာရင် တစ်စုံတစ်ခုပေးဖို့ မှာသွားတာ သတိရတယ်။

'ဟုတ်ပြီ၊ အဲဒီကိတ်မုန့်ပဲ ဖြစ်မှာပဲ'ဆိုပြီး ကိတ်မုန့် ယူပေးလိုက်တယ်။ ပါးစပ်ကလည်း 'အဲဒါ ခင်ဗျားအဖေအတွက်လို့ ပြောတာပဲ' ဆိုတော့ လူငယ်က 'ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အဖေက ကိတ်မုန့်ဆို သိပ်ကြိုက်တာ'လို့တောင် ပြောသွားသေးတယ်။

ထုံထုံက နောက် ဘာလုပ်ရမလဲလို့ ကြည့်လိုက်တော့ ...

‘(၂) ငါးကြော်ကို ပန်းကန်ပြားထဲထည့်’ ဆိုတာ တွေ့လိုက်ရတော့ ကျောင်းအိမ်ထဲက ငါးကြော်ကိုထုတ်ပြီး ပန်းကန်ပြားထဲ ထည့်၊ စားပွဲ အလယ်ကောင်မှာ ထားလိုက်တယ်။ နောက် တတိယအချက်ကို ကြည့်လိုက်တော့ ‘နာရီကို ပေးရန်’ဆိုတာ သွားတွေ့တယ်။ နာရီကို ဘယ်သူ့ကို ပေးရမှာလဲ။ တံခါးမှာ ထောင်ထားတဲ့ နာရီကိုကြည့်ပြီး သူ စဉ်းစားတယ်။ အဖြေမပေါ် ဖြစ်နေတုန်း အိမ်ရှေ့လမ်းမပေါ်က အမှိုက်သိမ်းတဲ့ ကားက ခေါင်းလောင်းသံကို ကြားလိုက်တယ်။ သူ ချက်ချင်း သတိရသွားတယ်။ ပုံပုံက အမှိုက်သိမ်းကားကို ဒီနာရီ ပေးပစ်လိုက်ဖို့ ပြောတာပဲ ဖြစ်မယ်။ နာရီက ပျက်နေတော့ သုံးလို့မှ မရတော့ဘဲ။ ဒါကြောင့် နာရီကို ကောက် ပြေးထွက်သွားပြီး အမှိုက်သိမ်းကားဆီ ပေးလိုက်တယ်။ အမှိုက်သိမ်းတဲ့ သူတွေက တအံ့တသြနဲ့ ယူသွားတာပဲ။

သူ အိမ်ထဲကိုပြန်လာတော့ အိမ်လည်ရာကနေ ပြန်လာတဲ့ ကြောင်ကလေး ပူစီကို တွေ့ရတယ်။ ကြောင်ကလေးက အစာတောင်းတဲ့အနေနဲ့ ညောင်ညောင် အော်နေတယ်။

‘နေဦး၊ မင်းကို တစ်ခုခုကျွေးဖို့ ပုံပုံ မှာသွားတယ်။ ငါ ရေးမှတ်ထားတာ ကြည့်လိုက်ဦးမယ်’

ကြည့်လိုက်တော့ နံပါတ် (၄) နေရာမှာ လက်ဖက်ခြောက်လို့ ရေးထားတာကို တွေ့ရတယ်။

‘တော်တော် အံ့သြဖို့ကောင်းတယ်။ မင်းတို့ ကြောင်တွေက ကြွက်တွေ၊ ပုတ်သင်ညိုတွေ၊ စာကလေးတွေသာ မဟုတ်ဘူး။ လက်ဖက်ခြောက်လည်း စားတာကိုး။ တကယ့်ကို အစုံစား သတ္တဝါတွေပဲ’လို့ ဆိုပြီး လက်ဖက်ရည်အချို ဖျော်ရာက စွန့်ပစ်ရမယ့်အတွက် ခွက်တစ်ခွက်ထဲ ထည့်ထားတဲ့ လက်ဖက်ခြောက်ဖတ်တွေကို ကြောင်စာခွက်ထဲ ထည့်ပေးတယ်။ ကြောင်က နှာခေါင်းနဲ့နမ်းပြီး ထွက်သွားတယ်။

‘မင်း မဆာသေးဘူး ထင်တယ်။ မင်းဘာသာ ဆာမှပဲ ကြိုက်သလို လာစားပေတော့။ ငါလည်း လုပ်စရာရှိတာတွေ အကုန် လုပ်ပြီးပြီ။ မောလိုက်တာ။ တရေး အိပ်လိုက်ဦးမယ်’ဆိုပြီး မီးဖိုခန်းထဲက ပက်လက်ကုလားထိုင်မှာ အိပ်ပျော်သွားတယ်။ ဘယ်လောက် ကြာသွားသလဲ မသိ

ဘူး။ သူ့ကို လှုပ်နှိုးလို့ နိုးလာတော့ ပုံပုံဟာ သူ့သူငယ်ချင်းနှစ်ယောက်ကိုခေါ်ပြီး ပြန်ရောက်နေပြီ။

'ပန်းကန်ပြားထဲမှာ ဘာလို့ ငါးကြော်က ရောက်နေတာလဲ။ ကိတ်မုန့်ရော ...'လို့ မေးတော့ ...

'နင် မှာထားလို့ ရောက်လာတဲ့ ကောင်လေးကို ပေးလိုက်တယ်လေ'

'ဒုက္ခပဲ။ သူ့ကို ပျက်နေတဲ့ တိုင်ကပ်နာရီ ပေးခိုင်းတာ။ ဒါဆို တိုင်ကပ်နာရီကရော ...'

'အမှိုက်သိမ်းတဲ့ ကားကို ပေးလိုက်တယ်'

'ဟာ ... ကုန်ပါပြီ။ အမှိုက်သိမ်းတဲ့ကား လာရင် လက်ဖက်ခြောက်ဖတ်တွေ သွားသွန်ဖို့ မှာခဲ့တာဟဲ့။ အခုတော့ လက်ဖက်ခြောက်တွေက ကြောင်စာခွက်ထဲ ရောက်နေပါလား'

'တို့နှစ်ယောက်ကတော့ ကိတ်မုန့်မရှိလည်း ဒီငါးကြော်ပဲ စားတော့မယ်။ ဗိုက်ဆာနေပြီ'လို့ သီရိဝေက ပြောတယ်။

အင်ကြင်းမွှန်ကတော့ 'သူ့ကို ဘာကြောင့် ထုံထုံလို့ ခေါ်တယ်ဆိုတာ သိပြီဟေ့'လို့ ပြောလိုက်ပါတော့တယ်။

ဟဒယ ဟာသမဂ္ဂဇင်း

ဇွန်၊ ၂၀၀၆။

# ဝက်ဝံလေးရဲ့ဘောင်းဘီဖြူဖြူ

သီရိဝေရဲ့ ကစားစရာအရုပ်တွေ ထည့်ထားတဲ့ ဗီရိုထဲမှာ တက်ဒီ ...ခေါ်တဲ့ ဝက်ဝံကလေးဟာ ကြည့်လို့ အကောင်းဆုံးတဲ့။ သူက ဂျာစီ ...ကြို အနီလေးနဲ့ ကုတ်အကျီအနက်ကို ဝတ်ထားတယ်။ အောက်ပိုင်း ...ကတော့ ဘောင်းဘီအဖြူကလေးနဲ့။ သူဟာ သူ့အဝတ်အစားတွေ ...ဘက် အမြဲ ဂုဏ်ယူတဲ့စကား ပြောတတ်တယ်။ တခြား အရုပ်တွေကို —

'မင်းတို့ ကြည့်ကြစမ်း။ ဒီအဝတ်အစားတွေနဲ့ဆို ငါက အကောင်း... ဝက်ဝံကလေးပဲ။ တချို့ဆို သူတို့ကိုယ်ပေါ်က အမွေးအမှင်က လွဲ... အဝတ်အစားဆို တစ်ထွာတစ်ညိုတောင် ရှိတာမဟုတ်ဘူး။ ကျုပ် ...ဝတ်အစားတွေက တော်တော်ကောင်းပါတယ်။ ဟုတ်တယ် မဟုတ် ... မဘာဘီ'

ဘာဘီဆိုတာက သူတို့အထဲက အကြီးဆုံး အရုပ်တစ်ခုပဲ။ သူက ...နီဆေရဲ့အချစ်တော် အရုပ်လို့ ပြောရမယ်။ သူ့ကို သီရိဝေက ခေါင်းဖြီး ...ပေးတယ်။ အကျီ လဲပေးတယ်။ ဘာဘီကို ဗီရိုထဲက အရုပ်တွေ အားလုံး ...ခင်ကြတယ်။

ဘာဘီက 'ဟုတ်ပါတယ်။ ဝက်ဝံရုပ်တွေထဲမှာတော့ တက်ဒီက အလှဆုံးပါပဲ'လို့ ပြောတယ်။

ဘာဘီကို တစ်ဖက်သတ် သဘောကျနေတဲ့ ဂျူနင်ဂျာအရုပ်က ... 'ဒါပေမဲ့ ဗိုက်နည်းနည်း ရွှဲနေတယ်'လို့ ကဲ့ရဲ့စကား ပြောတယ်။ သူ့ ဗိုက်ကတော့ ချပ်ချပ်ရပ်ရပ် ဖြစ်နေတာကိုး။

သဘောကောင်းတဲ့ ဒေါ်နယ်ဒတ် ဘဲရုပ်ကလေးက ... 'ဒါတော့ အပြစ်ပြောလို့ မရဘူး။ ဝက်ဝံမှန်သမျှဟာ ဗိုက်ရွှဲတာ သဘာဝကိုး။ ငါ တို့ ဘဲတွေရဲ့ အသံက လည်ချောင်းကပ်သံ ဖြစ်နေတာလည်း သဘာဝ ပဲ'လို့ ပြောတယ်။

အရုပ်တွေ တစ်ယောက်တစ်ပေါက် ဝင်ငြင်းမယ် လုပ်နေတုန်း သီရိဝေက အခန်းထဲဝင်လာတော့ အားလုံး နှုတ်ဆိတ်သွားကြတယ်။ မတုန်မလှုပ် အရုပ်တွေ ပြန်ဖြစ်သွားကြတယ်ပေါ့။ အဲဒီနေ့က နေသိပ် ပူတော့ သီရိဝေက အပြင်ထွက် မဆော့ရဘဲ အိမ်ထဲမှာပဲ အောင်းနေရတဲ့ နေ့ပေါ့။ သီရိဝေက ပျင်းနေတော့ ပန်းချီဆွဲဖို့ ပြင်ဆင်တယ်။ သူ့ရဲ့ ရေဆေးဘူးလေး ထုတ်တယ်။ ပုံဆွဲစက္ကူ စုတ်တံ ထုတ်တယ်။ စုတ်တံ ဆေးဖို့၊ ဆေးရည်ဖျော်ဖို့ ရေတစ်ခွက် ခပ်တယ်။ သူ့အမေက မြင်သွား တော့ 'သီရိ ... ပန်းချီဆွဲမလို့လား။ စားပွဲခင်းအသစ် လဲထားတာ၊ မပေ စေနဲ့'လို့ ပြောတယ်။

'ဟုတ်ကဲ့ပါ မေမေ'လို့ သီရိဝေက ပြောလိုက်တယ်။ အမေက သူ့ ပစ္စည်းတွေကို အမြဲ သန့်သန့်ပြန့်ပြန့်ရှိနေမှ ကြိုက်တာ။ သီရိဝေက ဘာပုံရေးရ ကောင်းမလဲ စဉ်းစားတယ်။ သူ သဘောကျတဲ့ ဘာဘီပုံက တော့ ခဏခဏ ရေးဖူးတယ်။ မစ်ကီမောက် ကျတော့လည်း ကြွက်တွေ ကို သူက မုန်းတော့ မရေးချင်ဘူး။ ပီတာပင် ကျတော့လည်း မျက်နှာ ပြောင်လွန်းတယ်။ နောက်ဆုံး တက်ဒီပုံ ရေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဟုတ်တယ်၊ ဝက်ဝံလေးက အမွေးပွပွနဲ့ ဝဝတုတ်တုတ်ဆိုတော့ ချစ်စရာ လေး။ သူ ဝတ်စားထားတာကလည်း စတိုင်ကျတယ်။ ဒါနဲ့ ဝက်ဝံလေး ကို ဗီရိုထဲက ယူပြီး စားပွဲပေါ်မှာ ထောင်ထားလိုက်တာပေါ့။ ဝက်ဝံလေး ကတော့ ကျေနပ်ပီတိလည်းဖြစ်၊ ဂုဏ်လည်း ယူနေတာပေါ့။

'ငါလိုကောင် ဇမ္ဗူမှာ ရှိသေးလား။ ငါ့ပုံကို အခု ပုံတူဆွဲဦးမယ်။ ငါတော့ အရုပ်လောကမှာ နာမည်ကြီးသထက် ကြီးဦးမှာပဲ'လို့ သွေးနားထင်ရောက် တွေးနေတယ်။

သီရိဝေက ဝက်ဝံလေးပုံကို ရေးတယ်။ ဘောင်းဘီဖြူဖြူနဲ့၊ ကုတ်အင်္ကျီ အနက်နဲ့။ ပုံရေးပြီးတော့ ဆေးရောင်ခြယ်တယ်။ ဆေးရောင် ခြယ်နေတုန်းမှာပဲ သီရိဝေဟာ အလောတကြီးလုပ်ရင်း လက်နဲ့တိုက်မိပြီး စုတ်ဆေးတဲ့ရေခွက် မှောက်သွားတယ်။ စုတ်တံဆေးထားတာဆိုတော့ ရေတွေက ညစ်ပတ်နေတယ်။ စားပွဲခင်းတွေ ပေကုန်မှာလည်း စိုးတယ်။ ရေသုတ်ပစ်ရအောင် အဝတ်ကိုရှာတော့လည်း မတွေ့ဘူး။ ဒီတော့ အနီးဆုံး ရှိနေတဲ့ ဝက်ဝံလေးရဲ့ဘောင်းဘီဖြူဖြူကို ဆွဲချွတ်ရင်း စားပွဲပေါ်က ရေတွေကို တို့သုတ်ပစ်လိုက်ရတယ်။ တော်ပါသေးတယ်။ စားပွဲခင်းတော့ ပေမနေတော့ဘူး။ ဒါပေမဲ့ ဝက်ဝံကလေးရဲ့ ဘောင်းဘီဖြူဖြူကတော့ မွဲမက ညစ်ပတ်ပေရေသွားတယ်။ ပြန်ဝတ်ပေးလို့ ဘယ်လိုမှ မကောင်းတော့ဘူး။ ဒါကြောင့် အခန်းထောင့်က အမှိုက်ပုံးထဲ သွားလွှင့်ပစ်လိုက်ရတယ်။

အဲဒီကိစ္စက ဝက်ဝံလေးအတွက်တော့ ပြဿနာပဲ။

'အရှက်မရှိတဲ့ကောင်ပဲ ...'

သူ့ကိုကြည့်ပြီး ဂျူနင်ဂျာက မှတ်ချက်ချတယ်။

ဒေါ်နယ်ဒတ်ကတော့ 'ရှပ်အင်္ကျီနဲ့ ကုတ်ပါ ချွတ်ပစ်လိုက်ရင် ပိုကောင်းဘူးလား။ ဘောင်းဘီမရှိဘဲ ဒါတွေ ဝတ်ထားတာ မြင်ရတာ ဘင်မျိုးကြီးပဲ'လို့ အကြံပေးတယ်။

တက်ဒီက 'ဒါလေးတော့ ချမ်းသာပေးကြပါကွာ'လို့ တောင်းပန်တယ်။ သူ တော်တော် စိတ်မကောင်းဖြစ်နေတယ်။

'ငါဟာ အရင်ကလို အကောင်းဆုံး ဝက်ဝံလေး မဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ အဝတ်အစား တစ်ပိုင်းပဲ ရှိလို့ပဲ။ ငါဟာ ဘယ်တော့မှ ပျော်ရွှင်နိုင်မှာ မဟုတ်တော့ဘူး'

သီရိဝေကတော့ ဒီကိစ္စကို မေ့နေတယ်။ အရေးလည်း မထားဘူး။ ကျောင်းပိတ်တဲ့တစ်ရက် သူတို့အိမ်ကို ကျားပေါက် လာလည်တော့ ကျား

ပေါက်က သူ ဒီအိမ်ရောက်တိုင်း ကစားနေကျ တက်ဒီဝက်ဝံရုပ်ကလေးကို လိုက်ရှာတယ်။ တွေ့တော့ 'ဟာ ... ဘယ်လိုဖြစ်တာလဲ မမသီရိ။ တက်ဒီမှာ ဘောင်းဘီမရှိတော့ပါလား'လို့ ဆိုတယ်။

'သူ ရှက်နေမှာပေါ့။ ဘောင်းဘီ ပြန်ချုပ်ပေးရအောင်'

သီရိဝေက ဘာဘီအတွက် အင်္ကျီလေးတွေ ချုပ်ပေးနေကျပဲ။

'ခက်တာပဲ။ ဘယ်အစနဲ့ သွားချုပ်မလဲ။ အိပ်ရာခင်းဖြူဖြူက ဘောင်းဘီတစ်ဝတ်စာလောက် ကတ်ကြေးနဲ့ ညှပ်ယူရင် ကောင်းမလား။ မေမေ သိရင် ဆူဦးမှာ'

သီရိဝေက မကြံတတ် ဖြစ်နေတယ်။ ကျားပေါက်က ...

'ကျွန်တော် သိပြီ။ ကျွန်တော့်မှာ လက်ကိုင်ပဝါ အသစ်ကလေး တစ်ထည် ပါတယ်။ အဲဒါဟာ တက်ဒီအတွက်တော့ ဘောင်းဘီတစ်ဝတ်စာ ရမှာပဲ'

ကျားပေါက်ရဲ့ လက်ကိုင်ပဝါကလည်း အဖြူပဲ။ သီရိဝေက ကတ်ကြေးနဲ့ ညှပ်၊ အပ်နဲ့ချုပ်လိုက်တော့ ဘောင်းဘီဖြူလေး ပြီးသွားတယ်။ ဒါပေမဲ့ အစရှိသလောက် ချုပ်ရတော့ ဘောင်းဘီက အရှည်မဟုတ်ဘဲ သရီးကွာတားပင် ဖြစ်နေတယ်။

'ဒါလည်း ကောင်းတာပဲ။ ရက်ပ်ဒီဇိုင်းပေါ့'လို့ ကျားပေါက်က ပြောတယ်။ အခုတော့ တက်ဒီလည်း စိတ်ချမ်းသာသွားပြီ။ နောက် ဘောင်းဘီက ပထမ ဘောင်းဘီလောက်တော့ မကောင်းဘူး။ ဒါပေမဲ့ မရှိတာထက်စာရင်တော့ ပိုကောင်းတာပဲ မဟုတ်လား။

ဟာဒယ ဟာသမဂ္ဂဇင်း

ဇူလိုင်၊ ၂၀၀၆။

# လိုတရ လွယ်အိတ်

နွေကုန်တော့မည်။ တစ်နေ့က မိုးတစ်ပြိုက်၊ နှစ်ပြိုက် ရွာသေး၏။ အနည်းငယ် အေးချမ်းသွားသည်။ လေက တဖြူးဖြူးတိုက်နေ၏။ ကောင်းကင်ဘွင် တိမ်ညိုတစ်အုပ်ကို တွေ့ရ၏။

'မိုးကျတော့မယ်'

သစ်ပင်အောက် မြက်ခင်းပေါ်တွင် ထိုင်နေရင်း အင်ကြင်းမွန်က ပြောလိုက်၏။ သူ့ညီမ သီရိဝေက အနီးတွင် ပန်းချီဆွဲနေ၏။ စိတ်မဝင်စားသည့်၊ သူတို့နားကို ကျားပေါက်ခေါ် ကြည်ဟန်မြင့် ရောက်လာကာ ...

'မေအင်ကြင်း ... ငှက်ကလေးတွေ ဘာလုပ်နေတာလဲ'ဟု မေးသည်။

ခြံထဲတွင် ငှက်ကလေးတွေ ဟိုပျံသည်ပျံ ပျာယာခတ်နေသည်။ ငှက်တို့နှုတ်သီးများတွင် မြက်စ၊ ကောက်ရိုးမျှင်၊ ကြိုးစ စတာကလေးတွေ ...န်းသန်းပါသွားတာ တွေ့ရသည်။ အင်ကြင်းမွန်က ...

'သူတို့ အလုပ်ရှုပ်နေတာ။ မိုးကျပြီဆို သူတို့ အသိုက်ဟောင်း ...ကို ပြင်တယ်။ အသိုက်အသစ် ဆောက်တဲ့အကောင်က ဆောက်တယ်၊ မိုးဒဏ် လေဒဏ် ခံနိုင်အောင်ပေါ့။ ဒါက သူတို့ အသိုက်ဆောက်ဖို့ နည်းလေးတွေ သယ်နေကြတာ'

သူတို့နားကို တစ်ဖက်အိမ်က ပုံပုံနှင့် ထုံထုံ မောင်နှမနှစ်ယောက်လည်း ရောက်လာကြသည်။ အင်ကြင်းမွှန်က … ‘သူတို့ အသိုက်ဆောက်နေတာကို တို့ ကူညီကြမလား’ဟု ပြောတော့ ထုံထုံက …

‘ဘယ်လိုလုပ် ကူညီမှာလဲ။ ကျွန်တော်တို့က အသိုက်မှ မဆောက်တတ်တာ။ ပြီးတော့ ကျွန်တော်တို့ အနားရောက်တာနဲ့ ငှက်ကလေးတွေ လန့်ပျံပြေးမှာပဲ’ဟု ဆိုသည်။

အင်ကြင်းမွှန်က ‘သူတို့အတွက် ငါတို့က လိုတရလွယ်အိတ် လုပ်ပေးမယ်လေ’

ပြောတော့ သီရိစေတေပါ စိတ်ဝင်စားလာကာ ဆွဲလက်စ ပန်းချီကားချပ်ကို ဖိတ်လိုက်ပြီး မေးသည်။

‘လိုတရ လွယ်အိတ်ဆိုတာ ဘာလဲဟင်။ မှော်လွယ်အိတ်လား။ ဟယ်ရီပေါ်တာထဲကလိုလား’

‘အဲသလောက် မခက်ပါဘူး။ လိုတရ လွယ်အိတ်ဆိုတာ ငှက်ကလေးတွေအတွက် လိုနေတာ ရတဲ့ လွယ်အိတ်မျိုးပေါ့။ နေဦး … ငါ အိမ်ထဲမှာ အိတ်တစ်အိတ် သွားယူလိုက်ဦးမယ်’

ခဏနေတော့ အင်ကြင်းမွှန် အဝတ်အိတ်တစ်အိတ် ယူကာ ပြန်လာသည်။ အိတ်က ဟောင်းနွမ်းစုတ်ပြဲကာ အပေါက်ပေါက် အပြဲပြဲ ဖြစ်နေသည်။ အင်ကြင်းမွှန်က …

‘လိုတရ လွယ်အိတ်လုပ်ဖို့ မသုံးတော့ဘဲ စွန့်ပစ်ထားတဲ့ အိတ်အဟောင်းတစ်လုံး လိုတယ်။ ဘယ်လိုအိတ်ပဲဖြစ်ဖြစ် ရတယ်။ ခုလို ပေါက်ပြဲနေရင် ပိုကောင်းတယ်။ အဲဒီထဲကို ငှက်ကလေးတွေ အသိုက်ဆောက်ရာမှာ လိုတဲ့ပစ္စည်းတွေကို တို့က စုထည့်ပေးထားရုံပဲ’

‘ဘယ်လိုဟာတွေလဲ … မမအင်ကြင်း’

‘မြက်ခြောက်ကလေးတွေ၊ သစ်ကိုင်းခြောက် သေးသေးမျှင်မျှင်ကလေးတွေ၊ အဝတ်ကြိုးစတွေ၊ ကောက်ရိုးတွေ’

ထုံထုံက …

‘ကျွန်တော်တို့ ဘဲခြံက ကောက်ရိုးတွေ ပြန်ယူလိုက်မယ်’

အင်ကြင်းမွှန်က …

'ကောင်းတယ်။ ဘဲမွေးရရင်လည်း ယူခဲ့။ ကျွတ်နေတဲ့ ဘဲမွေးရှိရင် ပြောတာ။ ဘဲကို နုတ်မယူရဘူး'

သီရိဝေက ...

'မမ ... ခွေးမွေးရော ရလား'

သူ့မှာ အမွေးပွ ဘော်ဘီဟုခေါ်သော ခွေးကလေးတစ်ကောင် ရှိရာ ဝက်မျှင်ဘီးနှင့် သူ့ကိုယ်ကို ဖြီးသင်ပေးလျှင် အမွေးကျွတ်တတ်သည်။

'ရတာပဲ။ ခေါင်းအုံးအပေါက်ထဲက မှို့လည်း ရတာပဲ'

သူတို့သည် ထိုစုံစီနဖာ ပစ္စည်းကလေးများကို ယူဆောင်လာကြ ဘာ အိတ်ထဲထည့်ကြသည်။

'ဒီအိတ်ကို ဟောဟိုက ခြံစပ်က သစ်ပင်အကိုင်းမှာ သွားချိတ်ထား မယ်။ အိမ်နဲ့ သိပ်နီးနေလို့လည်း မဖြစ်ဘူး။ ငှက်ကလေးတွေ မလာဘဲ နေမယ်'

ထိုအိတ်ကို ခြံစပ် သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်ကာ သူတို့က သူတို့ကို ငှက်ကလေးတွေ မမြင်နိုင်သည့် အိမ်ထောင့်အကွယ်က စောင့်ကြည့်နေကြသည်။ မကြာခင် ငှက်ကလေးတွေ စူးစမ်းရင်း ထိုအိတ်ကို ရောက်သွားကြသည်။ မကြာခင် ငှက်ကလေးများသည် ထိုအိတ်ထဲမှ သူတို့ လိုအပ်သော ပစ္စည်းကို ကိုက်ချီပျံသန်းရင်း အလုပ်ရှုပ်နေကြတော့သည်။ သူတို့သည် အံ့ဩကာ ပျော်ရွှင်နေပုံရ၏။ ထိုအိတ်မှာ သူတို့အတွက် လိုတရလွယ်အိတ် ဖြစ်နေသည်။ ချောင်းကြည့်နေသော ကလေးတွေလည်း ပျော်ရွှင်နေကြသည်။ ငှက်ကလေးတွေကို သူတို့ ကူညီနိုင်သောကြောင့် ဖြစ်သည်။ ကျားပေါက်က ဝမ်းသာအားရ အော်နေသည်။

'လိုတရ လွယ်အိတ်ကွ ... လိုတရ လွယ်အိတ်'

ဟာဒယ ဟာသမဂ္ဂဇင်း

ဩဂုတ်၊ ၂၀၀၆။

# ပက်ကျိကလေးများ

'ဟဲ့ … ဒီမောင်နှမဟာ ပက်ကျိသေလို့များ ဝင်စားတာလား။ အခု ထိ ပြင်ဆင်မပြီးကြသေးဘူးလား'

သူတို့အမေ၏ဆူသံ ထွက်ပေါ်လာသည်။ ထုံထုံနှင့် ပုံပုံဆိုသော အမြွှာမောင်နှမသည် ဘာပဲလုပ်လုပ် ဖြည်းဖြည်းဆေးဆေး နှေးနှေးကန်ကန် နိုင်သဖြင့် အမေလုပ်သူက အမြဲ မကျေမချမ်း ဆူပူနေရသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွင် သူတို့အဒေါ် အပျိုကြီး ဒေါ်ခင်ချိုဝင်းထံ ပို့ပေးမည်ဟု မနေ့ကတည်းက သူ့အမေက ပြောထား၏။ သူတို့ အဒေါ်သည် ကျောင်းဆရာမပီပီ ကလေးများကို ချစ်တတ်၏။ ဒါကြောင့် သူတို့ ပျော်နေကြသည်။ သို့သော် ညဥ့်အတော်နက်သည်အထိ ကာတွန်းကား ထိုင်ကြည့်နေသဖြင့် ဒီနေ့မနက် အိပ်ရာထဲက စောစော မထနိုင်ကြ။ သူ့အမေက အိပ်ရာထဲ ဝင်နှိုးကာ …

'ဟဲ့ … ထကြ။ သွားဖို့ ပြင်ဆင်ကြ။ နင်တို့ကို အချိန် နာရီဝက် ပေးမယ်'

သို့သော် ထုံးစံအတိုင်း သူတို့ အိပ်ရာက လေးလေးကန်ကန် ထကြသည်။ သွားတိုက်တော့လည်း အကြာကြီး။ မျက်နှာသစ်တော့လည်း

အကြာကြီး။ တစ်နာရီသာ ထိုးသွားသည်။ သူတို့ ပြင်ဆင်လို့ မပြီးသေး။

'နင်တို့ကြောင့် စိတ်ညစ်တယ်။ ဒီ နေးနေးတွေးတွေး အကျင့်ကို ဘယ်တော့မှ ဖျောက်နိုင်မှာလဲ'

သူ့အမေက ဆူဆူပူပူပင် အဒေါ်ချို့အိမ်သို့ ခေါ်သွားသည်။ သူ ဘို့ အဒေါ်အိမ် ရောက်တော့ သူ့အမေက … 'နင်တို့အဒေါ်က ကလေး ချစ်ပေမဲ့ စည်းကမ်းလည်း ကြီးတယ်။ ဒီမှာ အိမ်တုန်းကလို နေးနေး ဆေးဆေး လုပ်မနေကြနဲ့။ သူ ခေါ်ရင် ချက်ချင်းသွား။ အချိန်ဖြုန်းမနေ ကြနဲ့'ဟု မှာကာ ပြန်သွားသည်။

အဒေါ်ချို အိမ်ရှေ့မှာ မြက်ခင်းစိမ်းစိမ်းနှင့် ပန်းခြံကျယ်ကျယ် ရှိ သည်။ အမွေးစုတ်ဖွားနှင့် အလှမွေးထားသော 'ဘော်ဘီ'ဆိုသည့် ခွေး ကလေးလည်း ရှိသည်။ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်တွေလည်း ရှိသည်။ သူဘို့က ဘာမှ မစားရသေးဘူးဆိုတော့ အဒေါ်ချိုက 'နာရီဝက်လောက် နေရင် ကော်ဖီခန်းထဲကို လာခဲ့ကြ။ ကြက်ဥပူတင်း လုပ်ကျွေးမယ်။ ပေါ င်မုန့် ဖျော်တိုက်မယ်။ ချောကလက်ကွတ်ကီတွေလည်း ရှိတယ်'ဟု ဆို သဖြင့် သူတို့ ပျော်ကြသည်။

ထုံထုံက ခြံထဲဆင်းကာ ခွေးကလေး ဘော်ဘီနှင့် ဆော့နေသည်။ ပုံပုံက မြက်ခင်းပေါ်ထိုင်ကာ ကာတွန်းဂျာနယ်တွေ ဖတ်နေသည်။ နာရီ ဝက်ခန့် ကြာသောအခါ 'အမြွာနှစ်ကောင်ရေ .. မုန့်စားမယ်ဟေ့'ဟု သူ ၏ အဒေါ်က လှမ်းခေါ်သော်လည်း ချက်ချင်း ရောက်မသွား။ ထုံထုံက ဘော်ဘီနှင့် လိုက်တမ်းပြေးတမ်း ကစားရတာ ပျော်နေ၏။ ပုံပုံကတော့ ဇာတ်သက်စ ကာတွန်းဇာတ်လမ်းက မဆုံးသေးသဖြင့် ဆက်ဖတ်နေသည်။ နှစ်နာရီလောက်ကြာမှ ကော်ဖီခန်းထဲ ဝင်သွားသောအခါ သူတို့အဒေါ် က 'မုန့်တွေက ပူပူနွေးနွေး စားရတယ်။ အေးစက်ကုန်တော့ စားလို့ ကောင်းတော့ဘူး။ ဒါကြောင့် အဒေါ် သိမ်းလိုက်ပြီ။ နောက်ဆို အချိန် ကို တိတိကျကျ လေးစားလိုက်နာကြ'ဟု ဆိုသည်။ ပြီးလျှင် …

'နင်းတို့ ဆာနေကြတော့မှာပဲ။ ကိစ္စမရှိပါဘူး။ နောက် နှစ်နာရီ လောက်ဆို မနက်စာစားချိန် ရောက်တော့မှာပဲ။ အဲဒီကျမှ အဝစားကြ ပေါ့။ နင်းတို့ ကြိုက်တဲ့ ကြက်သားဆီပြန်ဟင်းလည်း ချက်ကျွေးမယ်။

အာလူးကက်တလိပ်လည်း ပါမယ်။ ပြီးတော့ ဝက်ခြေထောက်ဟင်းချို’

ကြားရတာနှင့် သူတို့ သွားရည်ယိုလာသည်။ အဒေါ်ချို၏ ဝက်ခြေထောက် စွပ်ပြုတ်ဟင်းချို အင်မတန်ကောင်းတာ သူတို့ သိသည်။

‘ကဲ ... သွားကစားနေကြ။ ကိုယ့်လက်က နာရီတွေလည်း ကြည့်ဦး။ ဆယ့်တစ်နာရီတိတိနော်။ နောက်မကျစေနဲ့’

သို့သော် ထုံးစံအတိုင်း သူတို့က အချိန်ကို ဂရုမစိုက်ကြ။ တစ်ဖက် ခြံကို ကူးသွားကာ ထိုခြံထဲမှ သီရိဝေတို့ ညီအစ်မနှင့် ဆော့ကြသည်။ ကျောင်းတွင် သူတို့သည် အတူနေ သူငယ်ချင်းများ ဖြစ်ကြသည်။ သီရိဝေက နောက်ဆုံးထုတ် ‘ဟယ်ရီပေါ်တာ’ ရုပ်ရှင်ကားပြတာ ထိုင်ကြည့်နေသဖြင့် အချိန်ကုန်မှန်းမသိ။ ဗိုက်ဆာလာသဖြင့် နာရီကြည့်လိုက်တော့ ၁၂ နာရီ ထိုးတော့မည်။ အိမ်ပြန်ပြေးကြသည်။ ထမင်းစားခန်းထဲ ဝင်သွားတော့ အားလုံး သိမ်းဆည်းပြီးလေပြီ။

သူတို့အဒေါ်က ‘မင်းတို့ တစ်နာရီတိတိ နောက်ကျတယ်။ မင်းတို့ကို ဒဏ်ပေးတဲ့အနေနဲ့ ဘာမှ မကျွေးတော့ဘူး။ မင်းတို့အမေက မင်းတို့ ဘာလုပ်လုပ် နှေးနှေးကန်ကန်လုပ်တာ၊ အချိန်မလေးစားတာ မကြိုက်ဘူး။ အဲဒီအကျင့်တွေကို ပြင်ပေးဖို့ ငါ့ဆီ လွှတ်လိုက်တာ။ ဒီတော့ မင်းတို့ ကိုယ့်အပြစ် ကိုယ်ခံကြ’

ထုံထုံရော ပုံပုံပါ စိတ်ညစ်သွားသည်။ သို့သော် သူတို့အဒေါ်က ... ‘နေ့ခင်း ငါတို့ တိရစ္ဆာန်ရုံ သွားကြမယ်’

ပြောလိုက်သဖြင့် ပျော်သွားသည်။ ဗိုက်ဆာတာပင် မေ့ပျောက်သွား၏။

‘ဒီလမ်းထဲက ကလေးတွေလည်း ပါမယ်။ စုပြီး ကားငှားသွားကြမှာ။ ၂ နာရီထိုးရင် လမ်းထိပ်က ကားထွက်မယ်။ မင်းတို့ နောက်မကျစေနဲ့။ ဟိုရောက်ရင် စားဖို့က သစ်သီးကိတ် ဖုတ်လိုက်ဦးမယ်။ ဆိတ်သားပတ်ဖ်နဲ့ အိုက်စကရင်လည်း ပါမယ်။ ကဲ ... မင်းတို့ အခန်းထဲမှာ သွားနားကြ’

သူတို့ အခန်းထဲရောက်တော့ ဗိုက်ဆာဆာနှင့် အိပ်ပျော်သွားကြသည်။ သို့သော် တော်ပါသေးသည်။ သူတို့အဒေါ်က တစ်နာရီခွဲတွင်

လာနိုးသည်။

'ဟဲ့ ... ထကြ။ မြန်မြန် ရေချိုးကြ။ တိရစ္ဆာန်ရုံ သွားမယ်။ မင်းတို့ နာရီဝက်ပဲ အချိန်ရတယ်'

ဒီတော့မှ သူတို့ အိပ်ရာက ထသည်။ ရေချိုးကြသည်။ ထုံးစံအတိုင်း ဘာလုပ်လုပ် နှေးနှေးဖြည်းဖြည်း လေးလေးကန်ကန်။ နှစ်နာရီထိုးတော့ သူတို့အဒေါ်က ဆွဲခြင်းဆွဲကာ ... 'ငါ လမ်းထိပ် ကားဂိတ်က စောင့်မယ်ဟေ့'ဟု ပြောကာ အိမ်က ထွက်သွားသည်။

ထုံထုံက သူ့ခြေအိတ်တစ်ဖက် ပျောက်နေရာ လိုက်ရှာနေရသဖြင့် ကြာသွားသည်။ ပုံပုံကတော့ ရပ်ကာ ဂါဝန်တစ်ထည်ပြီးတစ်ထည် လဲကာ ဝတ်ကြည့်နေသည်။ သူတို့ အဝတ်အစားတွေ ဝတ်ပြီးတော့ ၂ နာရီခွဲတော့မည်။ သူတို့ လမ်းထိပ်ကို ပြေးလာကြသည်။ သို့သော် ကားက မရှိတော့။

လူတွေက '၁၅ မိနစ်ထိအောင် စောင့်သေးတယ်။ နောက်မှ ထွက်သွားတာ'ဟု ပြောကြသည်။

လွဲပြန်ပြီ။ သူတို့ စိတ်ပျက်လက်ပျက် အိမ်ပြန်လာခဲ့ကြသည်။ မီးဖိုခန်းထဲဝင်ကာ ရှိတာလေးပဲ အဆာပြေ စားကြရတော့မည်ဟု တွေးခဲ့၏။ သို့သော် အိမ်ရောက်သောအခါ သူတို့အိမ်တံခါး သော့ခတ်ထားတာ တွေ့ရ၏။ အိမ်ဖော် အမျိုးသမီးက သူတို့လည်း တိရစ္ဆာန်ရုံ ပါသွားပြီ ထင်ကာ အိမ်ပြန်သွားခြင်း ဖြစ်သည်။ သူတို့အဒေါ်က အိမ်ကို စောစောပြန်ခွင့် ပေးထားပြီးဖြစ်သဖြင့် မနက်ဖြန်မှ ပြန်လာလိမ့်မည်။

သူတို့ အိမ်ထဲလည်း ဝင်မရ၊ ဘာမှလည်း မစားရဘဲ ပန်းခြံထဲမှာ ထိုင်မှိုင်နေရသည်။ ညနေ မှောင်စပျိုးမှ သူတို့အဒေါ် ပြန်ရောက်လာသည်။

'ဘာလဲ ... မင်းတို့က တိရစ္ဆာန်ရုံ မလိုက်ချင်လို့ နေခဲ့တာလား'

'မဟုတ်ပါဘူး။ ကျွန်တော်တို့ နောက်ကျနေတာပါ'

'ကားသမားက ၁၅ မိနစ်တိတိ စောင့်သေးတယ်။ တခြားကလေးတွေလည်း ရှိတော့ ဒီထက်ပိုစောင့်ဖို့လည်း မကောင်းဘူး။ ကိစ္စမရှိပါဘူး။ မနက်ဖြန် ငါတို့တွေ ကန်တော်ကြီးပန်းခြံကို ပျော်ပွဲစားထွက်ဖို့ အစီ

အစဉ်ရှိတယ်။ မင်းတို့လည်း ဗိုက်ဆာနေကြရောပေါ့။ ညနေစာကို ဖ နာရီခွဲမှာ စားကြမယ်ဟော့။ နောက်မကျစေနဲ့'

ဒီတစ်ခါတော့ သူတို့ နောက်ကျမနေကြပါ။ နောက်ကျခြင်း၏ အရသာကို တစ်နေ့လုံး ခံစားခဲ့ကြပြီးပြီဖြစ်ရာ ဖ နာရီခွဲရန် တစ်မိနစ် အလိုတွင် ထမင်းစားခန်းထဲသို့ ရောက်လာကြသည်။ နောက်တစ်နေ့ ကန်တော်ကြီးသို့ ပျော်ပွဲစားထွက်ရာတွင်လည်း ပါလာကြသည်။ သူတို့ အိမ်ပြန်ရောက်သောအခါ သူတို့သည် ထထကြွကြွရှိသော ကလေးများ ဖြစ်နေကြသည်။ သူတို့အမေကလည်း သူတို့ကို နာမည်ပြောင်ဖြင့် ပက်ကျိကလေးများဟု မခေါ်တော့ပါ။

ဟာဒယ ဟာသမဂ္ဂဇင်း

စက်တင်ဘာ၊ ၂၀၀၆။

# လမ်းလျှောက်တဲ့ စာခြောက်ရုပ်

လသာသော ညတစ်ည။

လူခြေတိတ်သော လမ်းပေါ်တွင် စာခြောက်ရုပ်တစ်ရုပ် လမ်းလျှောက်နေသည်ကို မြင်ရပါက မြင်ရသူအဖို့ အံ့ဩထိတ်လန့်ဖွယ် ဖြစ်သည်။ ပေါက်တို့ မောင်နှမမှာ သူတို့မျက်လုံးများကိုပင် သူတို့ မယုံနိုင်ကြ။

'စာခြောက်ရုပ်ကြီး လမ်းလျှောက်နေတယ်'

'စာခြောက်ရုပ်ကြီး အသက်ဝင်လာပြီ'

'ဒါဆို ပေစီရဲ့ဂါထာက တကယ်စွမ်းတာပေါ့'

တစ်ယောက်ပြီးတစ်ယောက် ရေရွတ်နေကြသည်။ သူတို့၏အိမ်ခန်းတွင် မှန်ပြတင်းပေါက် တပ်ဆင်ထားရာ ထိုမှန်မှတစ်ဆင့် ရှင်းလင်းစွာ မြင်နေရသည်။ လမ်းလျှောက်နေတဲ့ စာခြောက်ရုပ်။ မနေ့ညကမှ သူတို့ တပ်ဆင်ထားခဲ့သော စာခြောက်ရုပ်။ အစက ပြန်လှန်ပြောရလျှင် —

မနေ့က မနက်ကမှ ဧရာဝတီတိုင်းရှိ တောမြို့ကလေးသို့ သူတို့ မောင်နှမသုံးယောက် ကျောင်းပိတ်ရက် အလည်ရောက်လာသည်။ မြို့ကလေး၌ သူတို့၏အဘိုးနှင့် အဘွားများ နေထိုင်ကြ၏။ ထိုအိမ်ဝန်းကျင်ရှိ လယ်ကွင်းများနှင့် ကပ်လျက် တည်ရှိနေ၏။ သူတို့

လယ်ကွင်းတွေထဲ လျှောက်ကြည့်ကြသည်။ ပြာသိုလဖြစ်၍ တချို့ လယ်ကွင်းတွေက ရိတ်သိမ်းပြီး တချို့ ရိတ်သိမ်းစ ကောက်ပင်ဝါဝါများနှင့် ပြည့်နှက်နေသည်။ လယ်ကွင်းထဲတွင် စာခြောက်ရန် ပြုလုပ်ထားသော စာခြောက်ရုပ်များကို တွေ့ရသောအခါ သူတို့ သဘောကျ၍သွားသည်။ စာခြောက်ရုပ် လက်တံများမှာ တုတ်ချောင်းများဖြစ်ပြီး ခန္ဓာကိုယ်မှာ ကောက်ရိုးများကို စုချည်ထား၏။ ထိုကိုယ်ပေါ်တွင် အင်္ကျီတစ်ထည်ကို ဝတ်ပေးထားရာ အင်္ကျီလက်ဖားဖားမှာ လေတိုက်တိုင်း လှုပ်ရှားနေသဖြင့် အစာစားရန်လာသော စာကလေးများကို ခြောက်လှန့်လွှတ်သကဲ့သို့ ရှိနေ၏။ ဦးခေါင်းကိုမူ အိုးဘစ်လုံးကို စွပ်ထားကာ အိုးဖင်ကို မီးသွေးဖြင့် လူမျက်နှာပုံသဏ္ဌာန် ရေးခြစ်ထား၏။

'တို့လည်း စာခြောက်ရုပ်တစ်ခု လုပ်ကြရအောင်'

သီရိဝေက အကြံရကာ ပြောလိုက်သည်။ အင်ကြင်းမွှန်းက သဘောတူကာ 'အေး ... ဒီစာခြောက်ရုပ်တွေထက် ကောင်းအောင် လုပ်ကြမယ်။ တို့လုပ်နိုင်ပါတယ်'ဟု ပြော၏။ ကျားပေါက်က ...

'မမရဲ့ စာခြောက်ရုပ်မှာ ခြေထောက်ပါမှာလား။ ဒီစာခြောက်ရုပ်က ခြေထောက်မပါဘူး'

'ပါမှာပေါ့။ ဒါမှ လူနဲ့ပိုတူမှာ။ ဒါပေမဲ့ တို့ လိုတဲ့ ပစ္စည်းတွေ ရှိတယ်။ အိမ်ပြန်ယူကြမယ်'

သူတို့ အိမ်ပြန်လာကြသည်။ မနက်စာ စားပြီးသောအခါ အဘိုးနှင့် အဘွားကို သူတို့ စာခြောက်ရုပ်လုပ်တမ်း ကစားမည့်အကြောင်း ပြောပြ၏။ သူ့အဘိုးနှင့် အဘွားက သူတို့မသုံးသော ပစ္စည်းအဟောင်းများကို သူတို့ကစားဖို့ ပေးလိုက်၏။ လောင်းကုတ်အင်္ကျီ အရှည်ကြီး တစ်ထည်၊ ပြီးတော့ တောဘွတ်ခေါ် ဖိနပ်ရှည်ကြီးတစ်ရံ၊ မာဖလာအဟောင်း တစ်ထည်နှင့် သိုးမွေးခေါင်းစွပ်ဦးထုပ်၊ လက်အိတ်တစ်စုံတို့ ဖြစ်သည်။

'ဒါဆိုရင် စာခြောက်ရုပ် ကောင်းကောင်း လုပ်လို့ရပြီ'

သူတို့အိမ်ကို ဘုန်းကြီးကျောင်းအတွက် မနက်ဖြန် အရုဏ်ဆွမ်း ချိုင့် လာပို့သည့် ဘုန်းကြီးကျောင်းသား ပေစိနှင့် သူတို့ အဖွဲ့ကျသွားသည်။ ပေစိက စာခြောက်ရုပ်လုပ်ရန် သူ ကူညီမည်ဟု ကတိပေး၏။

လယ်ကွင်းထဲ ရောက်သောအခါ ပေစီက စာခြောက်ရုပ်လုပ်ရန် ကောက်ရိုးများ ရှာပေးသည်။ တုတ်ချောင်းများ ရှာပေးသည်။ ပြီးသွားသောအခါ သူတို့ စာခြောက်ရုပ်ကား အင်မတန် လူနှင့်တူသော စာခြောက်ရုပ် ဖြစ်နေလေသည်။ ထိုစာခြောက်ရုပ်၏ ခြေထောက်နှစ်ချောင်း နေရာတွင် ဘုတ်နှစ်ချောင်း တပ်ထားကာ ဖိနပ်ရှည်များ စီးထား၏။ လောင်းကုတ်ခေါ် ကုတ်အကျီအရှည်ကြီး ဝတ်ထားကာ ဆန့်တန်းထားသော လက်တံဘုတ်တံများ၏ ထိပ်တွင် လက်အိတ်စွပ်ပေးထား၏။ ခေါင်းကို ကောက်ရိုးဆုံးဖြင့် ပြုလုပ်ထားကာ သိုးမွေးခေါင်းစွပ်နှင့် မာဖလာ ပတ်ထားလိုက်သောအခါ ရုတ်တရက်ကြည့်ရင် လူဟု ထင်စရာပင်။

ကျားပေါက်က ... 'ဒီအရုပ် လမ်းလျှောက်နိုင်ရင် ကောင်းမယ်' ဟု ပြောရာ သီရိဝေက ... 'စက်ရုပ်မှ မဟုတ်ဘဲ'ဟု ဆို၏။

သို့သော် ပေစီက 'ဒီအရုပ်ကို အသက်သွင်းရင် ရတာပေါ့'ဟု ဆိုသည်။ အင်ကြင်းမွန်က ...

'ဘယ်သူက ဘယ်လို အသက်သွင်းနိုင်မှာလဲ'

'ငါ သွင်းနိုင်တယ်'

'ပေစီ ... နင် တကယ်ပြောနေတာလား'

'ငါတို့ကျောင်းက ကပ္ပိယကြီးရဲ့ မှတ်စုစာအုပ်ထဲမှာ သက်မဲ့တွေကို အသက်သွင်းနိုင်တယ်ဆိုတဲ့ ဂါထာ ပါတာနဲ့ ငါကူးပြီး အလွတ်ကျက်ထားတယ်။ တစ်ခါမှတော့ မစမ်းသပ်ရသေးဘူး။ ဒီတစ်ခါ စမ်းကြည့်ရင် ကောင်းမယ်'

ထိုဂါထာကို စာခြောက်ရုပ်ကြီးရှေ့ ရပ်ကာ ပေစီက ကိုးခေါက်ရွတ်သည်။ သို့သော် စာခြောက်ရုပ်က တုတ်တုတ်မျှမလှုပ်။ သီရိဝေက ...

'ပေစီရေ ... နင် ပြောသလို အသက်လည်း ဝင်မလာပါလား'

'အခု မဝင်သေးဘူးလေ။ ညကျမှ အသက်ဝင်လာမှာ'

အိမ်ပြန်ရောက်၍ သူတို့ ညစာစားပြီးသောအခါ ပေစီ၏စကားကို အင်ကြင်းမွန်က မေ့သွားသည်။ တီဗီကြည့်ရင်း ကိုရီးယားဇာတ်လမ်းတွဲ ... ခဲ့သွား၏။ သို့သော် ကျားပေါက်နှင့် သီရိဝေက မမေ့။ သူတို့ ... ခေါင်း၍ ခုတင်တစ်လုံးပေါ်မှာ အိပ်ကြရန် ပြင်ဆင်တော့

သီရိဝေက မေးသည်။

'မမ ... ညကျရင် စာခြောက်ရုပ်ကြီးက ပေစိပြောသလို အသက်ဝင်လာမှာလားဟင်'

'မဖြစ်နိုင်ပါဘူးဟယ်။ ပေစိက တို့ကို ဖြီးသွားတာ'

'ကျွန်တော်တို့ အဲဒီ စာခြောက်ရုပ်ကြီးကို သွားကြည့်ကြရင် ကောင်းမယ်'

ကျားပေါက်က ပြောသည်။ သီရိဝေက ...

'မဟုတ်တာ မပြောနဲ့။ ညကြီး အပြင်ထွက်တာ အဘိုးနဲ့ အဘွားက မကြိုက်ဘူး။ နင်တို့ အိပ်တော့'

အင်ကြင်းမွန်က အိပ်ပျော်သွားသော်လည်း သူတို့နှစ်ယောက်က အိပ်မပျော်။ ခွေးဟောင်သံ ကြားသောအခါ သူတို့ ထကြည့်ကြသည်။ မှန်ပြတင်းကတစ်ဆင့် မြင်ရသည်က လမ်းလျှောက်သွားသည့် စာခြောက်ရုပ်ကြီး။ သူတို့က အင်ကြင်းမွန်ကို နှိုးကာ ပြကြသည်။ ဒါကိုမြင်တော့ အင်ကြင်းမွန်လည်း လန့်သွား၏။ စာခြောက်ရုပ်ကြီး အသက်ဝင်သွားသည်။ သီရိဝေက မနက်ကျရင် ဘုန်းကြီးကျောင်းသား ပေစိကို ချောကလက် ဝယ်ကျွေးကာ အသက်ဝင်စေသောဂါထာ အသင်ခိုင်းမည်ဟု တွေးနေ၏။ ရန်ကုန်အိမ် ပြန်ရောက်လျှင် သူ့အချစ်ဆုံး အရုပ်ကလေး ဘာဘီကို ထိုဂါထာဖြင့် အသက်သွင်းမည်။ ဒါဆို ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ။

ညက တော်တော်နှင့် အိပ်မပျော်။

မနက်မိုးလင်း သူတို့သုံးယောက် အိပ်ရာထ နောက်ကျ၏။ သူတို့ လက်ဖက်ရည်သောက်နေစဉ် ပေစိ ရောက်လာသည်။ သူတို့ကို မြင်သည်နှင့် ...

'ဟော့ ... နင်တို့စာခြောက်ရုပ်ကြီး မရှိတော့ဘူး'

'ဘာဖြစ်လို့လဲ ...'

'ဘာဖြစ်ရမှာလဲ။ နင်တို့ စာခြောက်ရုပ်ကို ဆင်ပေးထားတဲ့ အဝတ်အစားတွေကို အရူးကြီး ဘသိန်းက ယူဝတ်လိုက်ပြီလေ။ ဈေးထောင့်မှာ အဲဒီအဝတ်အစားတွေနဲ့ ဟန်ရေးပြနေတာ တွေ့တယ်။ ဟောဟိုမှာ ...

သူတို့က ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ ထိုအဝတ်အစားများနှင့် လမ်းသလားနေသော အရုပ်ကြီး ဘာသိန်းကို တွေ့ရသည်၊ အဘိုးက သဘောကျစွာ ပြုံး၍ ပြောၡ၏။

'ကောင်းတယ်။ နဂိုကတည်းက ဒီအဝတ်အစားတွေ ဘာသိန်းကို ပေးမလို့ ရည်ရွယ်ထားတာ။ အခုတော့ ကုသိုလ်ရတာပေါ့'

ဟဒယ ဟာသစွမ်း

အောက်တိုဘာ၊ ၂၀၀၆၊

# ပျော်စရာကောင်းတဲ့ တနင်္ဂနွေ

ကြည်ဟန်မြင့်ဟာ အဆော့သန်တဲ့ ကောင်လေး တစ်ယောက်ပေါ့။ သူ့က ညဖက်လည်းကောင်းတော့ ရပ်ကွက်ထဲက ကလေးအတော်များများက သူ့ကို ခင်ကြပါတယ်။ ဒီနေ့ တနင်္ဂနွေ ကျောင်းပိတ်ရက်ဆိုတော့ ပျော်စရာကောင်းတဲ့ တနင်္ဂနွေဖြစ်အောင် သူ မီးကုန်ယမ်းကုန် ဆော့မယ်လို့ ကြံရွယ်ထားပေမဲ့ သူ့အမေက ...

'သားရေ ... ဘယ်လဲ'

'ဒီနေ့ ကျောင်းပိတ်ရက်လေ။ သား သွားဆော့မလို့ မေမေ'

'မဆော့ပါနဲ့ဦး သားရယ်။ မိုးကုန်သွားပြီဆိုတော့ ခြံဝင်းထရံတွေကို ဆေးပြန်သုတ်ဖို့ ရှိတယ်။ မင်းအဖေလည်း မအားဘူးဆိုတော့ မင်းပဲ လုပ်လိုက်ပါကွယ်။ စုတ်တံနဲ့ ဆေးတွေ စတိုခန်းထဲမှာ ရှိတယ်။ ဆေးသုတ်ပြီးရင်တော့ သား ကစားချင် ကစားတော့'လို့ ဆိုတယ်။ ကြည်ဟန်မြင့် ရင်မောသွားတယ်။ သူတို့ခြံစည်းရိုးက ပေ ၃၀ × ၄၀ ရှိတယ်။ သစ်သားပြားတွေ ခပ်စိပ်စိပ် ကာထားတာ။ သူတစ်ယောက်တည်းသာ ဆေးသုတ်ရမယ်ဆို တစ်နေကုန်သွားနိုင်တယ်။ ဒါကြောင့် ဆော့ဖို့ အချိန်ရှိတော့မှာမဟုတ်ဘူး။ ဒါဆို သူ့အတွက် ကျောင်းပိတ်ရက်ဟာ ပျော်စရာ တနင်္ဂနွေ ဘယ်ဖြစ်တော့မှာလဲ။

ဒါပေမဲ့ အမေ ခိုင်းထားတာဆိုတော့ မလုပ်ရင်လည်း မဖြစ်ဘူး။

သူ မုန့်ဖိုးလိုချင်တယ်လို့ ပြောလိုက်တိုင်းအမေက လွယ်လွယ်ကူကူ ပေးနေကျ။ အဖေကလည်း 'ကလေးဆိုတာလည်း သူ့မိသားစုမှာ သူနဲ့ ထိုက်တန်တဲ့ တာဝန်မျိုး ယူတတ်တဲ့မလေ့ ငယ်ငယ်ကတည်းက ရှိသင့်တယ်ဘဲ့။ ဒါမှ ကြီးလာတဲ့အခါ တာဝန်ကို မကြောက်တတ်တဲ့စိတ် ဖြစ်ပြီးသူရာဝင်မှာတဲ့။ ဒီတော့ သူ မလုပ်လို့ မဖြစ်ဘူး။ ဒါကြောင့် စတိုခန်းထဲမှာရှိတဲ့ အဖြူရောင် ရေဆေး တစ်ဂါလံပုံးကို ဆွဲ၊ လေးလက်မ စုတ်တံအပြားကြီး ကိုင်ပြီး ခြံရှေ့ထွက်လာခဲ့တယ်။ တစ်နေ့ တစ်မိုးလုံး နေဒဏ်နေဒဏ် ခံရလို့ ဆေးရောင်တွေ ပျက်ပြယ်နေတဲ့ ရှည်လျားတဲ့ ဝင်းထရံကိုမြင်တော့ သူ စိတ်မာတက်ကျသွားတယ်။ ဒီဝင်းထရံကို သူ တစ်ယောက်တည်းအချိန်တိုတိုနဲ့ ပြီးအောင် ဘယ်လိုလုပ်မလဲ။ ကင်းခြေများလို လက်တွေအများကြီးရှိရင်တော့ အကောင်းသား။ အခုတော့ ...

ကြည်ဟန်မြင့် အလုပ်မလုပ်နိုင်သေးဘဲ ဝင်းထရံအရိပ် မြက်ခင်းပေါ်မှာ တစ်ကိုယ်တည်း ထိုင်မှိုင်နေတုန်း သူတို့လမ်းထဲက သူ့သူငယ်ချင်း သုံးယောက်ဖြစ်တဲ့ သီရိဝေရယ်၊ ပေါက်ပေါက်ရယ်၊ တာတီးရယ်ရောက်လာကြတယ်။

သီရိဝေက သူ့ကိုကြည့်ပြီး ... 'ငါတို့ ကစားမလို့ နင့်ကိုလာခေါ်တာ။ နင့်ကိုကြည့်ရတာ အိမ်က အလုပ်ခိုင်းထားတယ် ထင်တယ်။ ဒါဆိုငါတို့ဘာသာပဲ သွားကစားကြမယ်'လို့ ပြောတယ်။

ကြည့်ဟန်မြင့်က ရုတ်တရက် ဉာဏ်ကူပြီး ...

'ငါ့ကို အိမ်က ဘာမှခိုင်းမထားပါဘူး'

'မညာနဲ့။ နင့်ကို အိမ်က ဆေးသုတ်ခိုင်းထားတယ် မဟုတ်လား'

'မဟုတ်ပါဘူး။ ငါ ပျင်းတာနဲ့ ဆေးသုတ်တမ်း ကစားမလို့'လို့ပြောလိုက်တယ်။ ပေါက်ပေါက်က ...

'ဆေးသုတ်တမ်း ကစားမလို့ ... ဟုတ်လား'

'ဟုတ်တယ်လေ။ တို့ စိန်ပြေးတမ်း၊ ထုပ်ဆီးတိုးတမ်း၊ သစ်ပင်တက်တမ်း၊ ဂျူနင်ဂျာလုပ်တမ်း၊ ဘောလုံးကန်တမ်း ကစားနေကြတာနေပြီ။ ကြာတော့ ရိုးလာပြီ။ အဲသလို ကစားရတာ ပျင်းလာတယ်။ ဒါကြောင့် အသစ်အဆန်းအနေနဲ့ ဆေးသုတ်တမ်း ကစားမလို့ ...'လို့ ပြော

တော့ တာတီးက 'ဟုတ်လား။ ငါလည်း ဆေးသုတ်တမ်း ကစားချင်တယ်။ ငါလည်း ပါမယ်'လို့ ပြောလာတယ်။ ဒါပေမဲ့ ကြည်ဟန်မြင့်က အိုက်တင်ခံပြီး ...

'ဆေးသုတ်တမ်း ကစားတယ်ဆိုတာ ဆေးကုန်တယ်ကွ။ မင်းကို အလကားတော့ ကစားခွင့်မပြုနိုင်ဘူး။ မင်း ဘာပေးမလဲ'

'ငါ့ဆီမှာ မုန့်ဖိုး နှစ်ရာပါတယ်။ မင်း တစ်ရာယူကွာ'

'ကောင်းပြီ'ဆိုပြီး ကြည်ဟန်မြင့်က ပိုက်ဆံတစ်ရာ ယူလိုက်တယ်။

ပေါက်ပေါက်က 'ငါတော့ ပိုက်ဆံ ပါမလာဘူး။ ငါ့ဂျင်ကလေး ရှိတယ်။ မင်း ယူ ...'ဆိုပြီး သူ့ဘောင်းဘီအိတ်ထဲက ဂျင်ကလေး ထုတ်ပေးတယ်။

ကြည်ဟန်မြင့်က ... 'မင်းကို ငါ သိပ်ခင်လို့ လက်ခံလိုက်တာနော်'လို့ ပြောသေးတယ်။

သီရိဝေက ... 'ငါလည်း ပါလို့ရမလား'လို့ မေးတော့ ကြည်ဟန်မြင့်က ...

'ဟာ ... ရတာပေါ့။ ဒါ ဘောလုံးကန်တာမှ မဟုတ်တာ။ ယောကျ်ားလေးရော၊ မိန်းကလေးရော ကစားလို့ရတာပဲ။ နင့်မှာ ဘာပေးဖို့ရှိသလဲ'

'ငါ့ဘကြီး နိုင်ငံခြားက ပို့လိုက်တဲ့ ချောကလက်တစ်ပြား ပါတယ်'

'ပေးလေ။ နင့်ဟာက ကိုက်ပြီးသားကြီးပဲ'

'တစ်ကိုက်တည်းပါဟယ်'

ကြည်ဟန်မြင့်က စတိုခန်းထဲက ဘူးတွေယူပြီး ဆေးတွေခွဲထည့်ပေးတယ်။ ပြီးတော့ စုတ်တံတစ်ချောင်းစီ ပေးပြီး ...

'ကဲ ... နင်တို့ ဆေးသုတ်တမ်း သွားကစားကြတော့'

သူကတော့ အိမ်ရှေ့က သစ်ပင်ရိပ်အောက်မှာ ချောကလက်စားလိုက်၊ ဂျင်ပေါက်လိုက် လုပ်နေတယ်။ ဟိုသုံးယောက်ကတော့ ဆေးသုတ်ရတာ ပျော်လို့ အားလုံးကို မေ့နေသလိုပဲ။ အဲဒီအချိန်မှာ ဟိုဘက်လမ်းက ဇော်ဇော်နဲ့ သူ့အဖော်သုံးယောက် ဘောလုံးကန်ပြီး ရောက်လာတယ်။

ဇော်ဇော်က ... 'ကြည်ဟန်မြင့် ... ဘောလုံး ကန်ကြမယ်' ပြော တော့ ...

'ဟာ ... ငါ မအားဘူး။ ငါတို့ ဆေးသုတ်တာမ်း ကစားနေကြတာ။ ဟိုမှာ ကြည့် ...'လို့ ပြလိုက်တယ်။

'ဇော်ဇော်ရေ ... ပါမလားဟေ့၊ ငါတို့ ဆေးသုတ်တာမ်း ကစားနေတာ၊ သိပ်ပျော်ဖို့ ကောင်းတယ်'လို့ လှမ်းအော်တယ်။ ဆေးဖြူတွေ သူ့ပါးနဲ့ လက်တွေမှာရော၊ သူ့ဂါဝန် ပန်းရောင်ကလေးမှာရော ပေကျံနေတယ်။ ဇော်ဇော်တို့တစ်သိုက်က စိတ်ဝင်စားသွားပြီး 'တို့လည်း ပါမယ်'လို့ ပြောတော့ ကြည်ဟန်မြင့်က ထုံးစံအတိုင်း မေးတယ်။

'ဒီအတိုင်း ပါလို့မရဘူး။ မင်းတို့ ဘာပေးမှာလဲ'

ဇော်ဇော်က ...

'ငါ့ဘာဂျာလေးကို မင်းကို တစ်ရက် ငှားမယ်'

ဇော်ဇော်ရဲ့ဘာဂျာလေးကို သူ မှုတ်ချင်နေတာ ကြာပြီ။ အရင်က ဒီကောင်က လုံးဝ ပေးမမှုတ်ဘူး။ ဒါနဲ့ သဘောတူလိုက်တယ်။ ကျန်တဲ့ကောင် သုံးကောင်ဆီကလည်း သူ လိမ္မော်သီးတစ်လုံး၊ စွန်ကြိုးနည်းနည်းနဲ့ ဂေါ်လီသုံးလုံး ရလိုက်တယ်။ သူတို့တွေ ဆေးသုတ်နေတဲ့အချိန်မှာတော့ ဇော်ဇော်က လိမ္မော်သီး စားလိုက်၊ ဘာဂျာလေး မှုတ်လိုက်နဲ့ ပျော်နေတာပေါ့။ ကလေး ၇ ယောက် အလုအယက် တက်ညီလက်ညီ သုတ်လိုက်ကြတာ တစ်နာရီကျော်ကျော်အတွင်း ဝင်းထရံအားလုံး ဆေးသုတ် ပြီးသွားတယ်။ ကြည်ဟန်မြင့်ကတော့ မိုက်လည်း ဝ၊ ကစားစရာတွေလည်း ရလို့ပေါ့။

သူက အိမ်ထဲ ပြန်ဝင်လာပြီး ထမင်းချက်နေတဲ့ သူ့အမေကို ... 'အမေရေ ... ကျွန်တော် ဆေးသုတ်ပြီးပြီ။ သွားကစားတော့မယ်'လို့ ပြောတော့ သူ့အမေက မယုံဘူး။ ဒါပေမဲ့ လူကိုယ်တိုင် ထွက်ကြည့်လိုက်တော့ ဝင်းခြံတစ်ခုလုံး ဆေးသုတ်ပြီးနေတာ တွေ့တော့ အံ့ဩသွားတယ်။

အဲဒီအချိန်မှာ ကြည်ဟန်မြင့်က ဇော်ဇော်တို့နဲ့ ဘောလုံးကန်ရအောင် ဆေကလေး တချွန်ချွန်နဲ့ ထွက်သွားပြီ။ သူက ဒီနေ့ဟာ သူ့အဖို့တော့ကို 'ပျော်စရာ တနင်္ဂနွေပဲ'လို့ တွေးနေလိုက်သေးသတဲ့။

ဟဒယ ဟာသရွှေစင်

မတ်၊ ၂၀၀၇။

# ဟိုဘက်ခြံက ကောင်ကလေး

'ညီညီရေ … ညီညီရေ … သား … ဘယ်မှာလဲ'

သူ့အမေက တကျီကျီ အော်ခေါ်သည်။ ခေါ်ရင်း အိမ်ပေါက်ဝမှ ခြံထဲသို့ လှမ်းကြည့်၏။ ညီညီကခြံထဲက သစ်ပင်တစ်ပင်၏ အကိုင်းအခက်များအကြား ရောက်နေကာ သူ့အမေ၏ခေါ်သံကို ကြားသော်လည်း လုံးဝ ပြန်မထူးဘဲနေ၏။ သူက 'တာဇံလုပ်တမ်း' ကစားနေခြင်းဖြစ်ကာ ကစား'မက်'သူ ဖြစ်သဖြင့် ကစားပျက်မှာကြောက်ကာ သူ့အမေ ခေါ်သည်ကို မသွားခြင်း ဖြစ်သည်။ ပြီးတော့ သူက အပျင်းလည်း 'ထူ'သည်။ သူ့အမေက ခေါ်ကာ သူ့ကို တစ်ခုခုခိုင်းမည်ကို စိုးရွံ့နေ၏။ သူက တုတ်တုတ်ကလေးပင် မလှုပ်။ သူ့အမေက စိတ်ပျက်ကာ အိမ်ထဲ ပြန်ဝင်သွားသည်။

နေ့ခင်းကျတော့ သူ့အမေက တစ်ခါ ခေါ်ပြန်သည်။

'ညီညီရေ … ညီညီရေ … ငါ ခေါ်နေတာ ကြားလား။ ကြားရင် လာဦး'

ညီညီက ပန်းရုံတစ်ရုံ၏နောက်တွင် ကာတွန်းစာအုပ်တစ်အုပ် ဖတ်နေသည်။ ကာတွန်းထဲတွင် စိတ်ဝင်စားနေသဖြင့် ကာတွန်း 'အဖတ်ပျက်'မည် စိုးကာ လုံးဝ မထူး။ သူ့အမေက …

'ညီညီရေ … နင် နားလေးနေလား၊ ပုန်းနေတာလား။ ထွက်ခဲ့

နော် ... ငါ ခိုင်းစရာရှိလို့'

ခိုင်းစရာရှိလို့ ဆိုသည့်အတွက် ပိုမထူးဘဲနေသည်။ သူ့အမေက အော်သည်။

'ညီညီရေ ... ညီညီရေ ...'

'ခင်ဗျာ ...'

ထူးသံ ထွက်ပေါ်လာသည်။ ကပ်လျက် ခြံစည်းရိုး အုတ်တံတိုင်း ပေါ်သို့ ညီညီတို့အရွယ် ကောင်လေးတစ်ယောက် တက်လာသည်။

ကောင်းလေးက ယဉ်ကျေးစွာ ... 'ဒေါ်ဒေါ် ... ကျွန်တော့်ကို ခေါ် သလား ခင်ဗျာ။ ကျွန်တော့်နာမည်ကို ခေါ်နေသံ ကြားလို့'ဟု ပြောၓ်။

'ငါက ငါ့သားကို ခေါ်နေတာပါ။ မင်းနာမည်ကလည်း ညီညီပဲ လား။ မင်းကို ငါ အရင်က မမြင်ဖူးဘူး'

'ဟုတ်ကဲ့။ ကျွန်တော့်နာမည်က ညီညီပါ။ ဟိုဘက်အိမ်မှာနေတဲ့ ကျွန်တော့်အဘွားဆီကို ကျောင်းပိတ်တုန်း လာလည်နေတာပါ။ ဒေါ်ဒေါ် ဘာများ ခိုင်းစရာရှိလို့လဲ။ ဒေါ်ဒေါ့်သား ခြံထဲမှာ မရှိဘူးထင်တယ်။ ခိုင်းစရာရှိရင် သူ့ကိုယ်စား ကျွန်တော် လုပ်ပေးပါ့မယ်'

ဒီလို အပြန်အလှန် ပြောနေတာတွေကို ညီညီက ကောင်းကောင်း ကြားနေရသည်။ ဒီကောင် တော်တော် 'နှ'တဲ့ကောင်။ 'ခံ'ပါစေဟု တွေး လိုက်သည်။

'ဒါဆိုလည်း ကျေးဇူးပဲကွယ်။ ဒေါ်ဒေါ့်ကို ဈေးသွားပြီး ကြက် ဥနံ့ ဝယ်ပေးစမ်းပါ။ မနက်က ဈေးသွားရင်း မေ့လာလို့'

'ဟုတ်ကဲ့ ဒေါ်ဒေါ်။ ကျွန်တော့်အမေက လူကြီးတွေကို ကူရမယ် လို့ မှာထားပါတယ်'

သို့ဖြင့် ညီညီက ဈေးဝယ်ပေးလိုက်သည်။

နောက်တစ်ရက်တွင် ထိုသို့ ခေါ်ပြန်သည်။ ထုံးစံအတိုင်း ညီညီ ... မလာ။ တစ်ဖက်ခြံက ကောင်လေး ရောက်လာသည်။

'ဘာခိုင်းမလို့လဲ ဒေါ်ဒေါ်။ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ခိုင်းမလို့ မဟုတ်ပါဘူးကွယ်။ ပေါက်စီ ကျွေးမလို့။ ပေါက်စီ ... ကို တစ်ယောက် တစ်လုံး ကျွေးမလို့ပဲ။ ဒေါ်ဒေါ့်သားက မလာ

ဘူးဆိုတော့ မင်းပဲ နှစ်လုံးစလုံးသာ ယူသွားပေတော့’ဟု ပေးလိုက်လေ သည်။

ညီညီသည် ပေါက်စီ အလွန်ကြိုက်သည်။ တစ်ဖက်ခြံက ကောင် လေးက သူ့ပေါက်စီကိုပါ ယူသွားသည့်အတွက် မခံချိ မခံသာ ဖြစ်နေ သည်။ အခုမှတော့ ပုန်းနေရာက သူ ထွက်သွားကာ ပေါက်စီခွဲယူဖို့ မကောင်းတော့။ ညီညီ တစ်ယောက်တည်း စိတ်ညစ်နေစဉ် သူရှိနေရာ ပန်းခြံနောက်ကို ဟိုဘက်ခြံက ကောင်လေး ရောက်လာသည်။ သူ့ကို ပေါက်စီတစ်ခု လှမ်းပေးကာ ...

‘မင်းလည်း ပေါက်စီကြိုက်တယ် မဟုတ်လား။ တို့ ကလေးတွေ အားလုံးက ပေါက်စီကြိုက်ကြတာပဲ။ ရော့ ... ယူ ...’

‘မယူပါဘူးကွာ။ ငါ့အမေက မင်းကို ပေးလိုက်တာပဲ’

‘ငါတစ်ယောက်တည်း နှစ်လုံး မကုန်ပါဘူးကွာ။ မင်းကိုလည်း ပေးချင်လို့ ယူလာတာ’

ဒီတော့မှ ညီညီက လှမ်းယူရင်း ...

‘မင်းနာမည်လည်း ညီညီလား’

ကောင်လေးက ခေါင်းခါကာ ...

‘မဟုတ်ဘူး။ ငါ ဟိုဘက်ခြံ ရောက်ကတည်းက မင်းအမေက မင်းကို ခေါ်နေသံ အမြဲကြားရတယ်။ မင်းက ဘယ်တော့မှ မထူးဘူး။ ဒါကြောင့် ငါက ဝင်ထူးလိုက်တာ။ မင်းအမေကို ကူညီချင်လို့’

‘မင်းစကား ကြားရတာ ငါ ရှက်လိုက်တာ။ ဘာမှ မတော်ဘဲ မင်း ဒီစိတ်ထားနိုင်တာ ချီးကျူးတယ်။ ငါ နောင်တရပြီ။ နောက်ဆို အမေ ခေါ်တိုင်း ...

သူ့စကားမဆုံးခင် သူ့အမေ၏ခေါ်သံ ထွက်လာရာ ...

‘ညီညီရေ ... ညီညီ ...’

‘ခင်ဗျာ ...’

‘ခင်ဗျာ ...’

သူတို့ နှစ်ယောက်စလုံး ပြိုင်တူ ထူးလိုက်မိလေသည်။

ဟာဒယ ဟာသမဂ္ဂဇင်း၊ မေ၊ ၂၀၀၇

# ညီညီ ပျောက်သောနေ့

ညီညီသည် အအိပ်မက်သူ ဖြစ်သည်။ သူသည် ပထမတန်းကျောင်း ...ခြင်းသဖြင့် မနက်စောစော အိပ်ရာမှ ထရသည်။ ၇ နာရီ ကျောင်း ...ချိန် မီအောင် သူ့ကို သူ့အမေက ၆ နာရီနိုးကာ ရေချိုးခိုင်းရ၏။ ...ဘွားရ၏။ ဒီနေ့လည်း ၆ နာရီ ကျော်သည့်တိုင်အောင် အိပ်ရာထဲမှ ...ိုးသေးသည့် သူ့ကို 'ဖွတ်' ဆွဲထူရ၏။ ရေချိုးခိုင်းရ၏။ စားပွဲတွင် ...ား မုန့်နှင့် ကော်ဖီ တိုက်ရ၏။ သူ့အမေ ကြည့်ရသည်မှာ ပျော်ရွှင် ...ရ၏။

'သားရေ ... နေ့ခင်း ကျောင်းလွှတ်ရင် အိမ်ကို တန်းပြန်ခဲ့နော်။ ...ကျောင်းမှာ ဝင်ကစားမနေနဲ့။ ဘယ်သူငယ်ချင်း အိမ်မှလည်း လိုက် ...သွားနဲ့'

'ဘာဖြစ်လို့လဲ ... မေမေ'

သူ့သူငယ်ချင်း ဇော်ဇော်က အိမ်တွင် ဗီဒီယိုဂိမ်း အသစ်တစ်ခု ...နေသည်။ လာကစားပါဟု ဖိတ်ခေါ်ထားသဖြင့် ကျောင်းဆင်းလျှင် ...သွားမည်ဟု ညီညီ စိတ်ကူးထားသဖြင့် ပြန်မေးမိခြင်း ဖြစ်သည်။

'မြစ်ကြီးနားက မင်းဦးကြီး ရောက်လိမ့်မယ်'

'အမေ ခဏခဏပြောတတ်တဲ့ အမေ့အစ်ကို ဦးဘသော်လား'

'ဟုတ်တယ်။ သူနဲ့တွေ့ရင် သူ့ကို 'ဘကြီးသော်'လို့ ခေါ်နော်။ ...တို့ သူနဲ့မတွေ့ရတာ သားလေး တစ်သက်ပဲ။ ၇ နှစ် ရှိပြီ'

'သူက ချက်ချင်း ပြန်မှာလား'

'ဘယ်ဟုတ်မလဲ။ မေမေတို့အိမ်မှာ တစ်ပတ်လောက် နေမှာ'

'ဒါဆိုလည်း ကျွန်တော် ပြန်လာတဲ့အချိန် တွေ့နိုင်တာပဲဟာ'

'သူက မင်းကို တစ်ခါမှ မတွေ့ဖူးတော့ သိပ်တွေ့ချင်နေတာ။ သူ လာတဲ့အခါ တို့မိသားစု အတူတူကြိုရအောင်။ မင်းလည်း အိမ်မှာရှိနေမှ ဖြစ်မယ်'

သူ့အမေ၏ ထိုစကားမှာ 'အမိန့်' ဖြစ်ကြောင်း ညီညီ သဘော ပေါက်သည်။ သူ့အဖေက အခန်းထဲက ထွက်ကာ လက်ဖက်ရည်စားပွဲ တွင် လာထိုင်၏။ သူက မေးလိုက်သည်။

'ဦးကြီးသော်က ဘယ်လိုလူလဲ ... အဖေ'

သူ့အဖေက ကော်ဖီခွက်ကို မွှေရင်း ...

'ကိုသော်က လူကောင်းတစ်ယောက်ပါ။ မင်းကို မြင်ရင်လည်း ချစ်မှာပဲ။ တစ်ခုပဲ ရှိတယ်။ သူက စကားတော့ များတယ်။ ပြောစရာ သတင်းစကားတွေကလည်း မကုန်နိုင်ဘူး။ သူ ပြောပြီဆို ဖွင့်ထားတဲ့ ဘုံဗိုင်ခေါင်းက ရေထွက်ကျလာသလို အဆက်မပြတ် မဆုံးနိုင်တော့ဘူး'

'ကလေးတွေကို ဘာတွေပြောနေတာလဲ'ဟု သူ့အမေက ဝန်ဟန့် တော့ သူ့အဖေက ပြုံးနေ၏။ နောက်တော့ လမ်းထိပ်က ကျောင်းကို သူ ဘာသာ ထွက်ခဲ့သည်။ ကျောင်းနှင့် အိမ်က နီးနီးကလေးပင်။ ကျောင်းမှာ စာသင်နေစဉ် မမြင်ဖူးသေးသည့် သူ့ဦးကြီး ဦးဘသော်၏အကြောင်းကို တွေးနေမိသည်။ ကျောင်းက ပြန်ရောက်၍ ထမင်းစားပြီးသောအခါ ညီညီ ကို သူ့အမေက အင်္ကျီအသစ်တွေလဲပေး၏။ ညီညီက ...

'ကျွန်တော်တို့ ဘယ်သွားကြမလို့လဲ'

'ဘယ်မှ မသွားဘူး။ မင်းဦးကြီး ရောက်လာရင် လှလှပပ မြင်ရ အောင်လို့'

အဖေသည် အလုပ်မသွား။ အဖေလည်း အဝတ်အစားကောင်းတွေ ဝတ်ဆင်ထားတာ တွေ့ရသည်။ နေ့ခင်းတွင် သူ့ဦးကြီးသည် အငှားကား တစ်စီးနှင့် ရောက်ရှိလာသည်။ သူတို့အတွက် လက်ဆောင်တွေ ပါလာ သည်။ သူ့ကိုလည်း မွှေ့ချီကာ နမ်းသည်။ သူ့အမေက ... 'အစ်ကိုကြီး

... ခရီးပန်းလာတယ်။ ရေချိုးပြီး အနားယူဦး'ဟု ပြင်ဆင်ထားသော အခန်းကို လိုက်ပို့၏။

ရေချိုးပြီးသောအခါ ညက ရထားပေါ်တွင် ကောင်းစွာ မအိပ်ရသည်ကို အကြောင်းပြု၍ သူ့ဦးကြီးသည် အခန်းထဲတွင် အိပ်စက်နေလေရာ ညီညီ အသံမထွက်အောင် ကြောင်တစ်ကောင်လို နေထိုင်နေရလေသည်။ ညနေ ထမင်းစားပြီးသောအခါ သူတို့မိသားစုနှင့် ဦးကြီးသည် ဧည့်ခန်းထဲတွင်ထိုင်ကာ စကားပြောကြသည်။ ဦးကြီးနှင့် စကားပြောနေရသဖြင့် သူ့အမေသည် သူ အင်မတန် သဘောကျသည့် ကိုရီးယားဇာတ်သမ်းတွဲကိုပင် တီဗီဖွင့်မကြည့်ရဘဲ ရှိ၏။

သူ့အဖေ ပြောခဲ့သလိုပင် သူ့ဦးကြီး ပါးစပ်ထဲမှ စကားလုံးများမှာ ဒုံ့ထားသော ဘုံပိုင်ခေါင်းမှ ရေတွေလို အဆက်မပြတ် ထွက်ကျနေသည်။ သူ့ဦးကြီးသည် ကွဲကွာနေသော ၇ နှစ်တာ ကာလအတွင်းက အဖြစ်အပျက်တွေ အားလုံးကို တစ်ညတည်းနှင့် အပြီးပြောလိုဟန် ရှိသည်။ ညဉ့်သန်းခေါင်ကျော် ၃ နာရီထိုးတော့မှ စကားပြောရင်းက တစ်ချက်သမ်းဝေလိုက်ပြီး ... 'ကဲ ... မင်းတို့လည်း သွားအိပ်ချင် အိပ်တော့'ဟု ဆိုကာ သူ့အခန်းထဲ ဝင်သွားလေသည်။

ဒီတော့မှ သူတို့လည်း ကိုယ့်အခန်း ကိုယ်သွားကာ အိပ်ခွင့်ရကြ၏။ ညက အိပ်ရေးပျက်သော်လည်း ၆ နာရီ နှိုးစက်သံ ကြားသောအခါ ညီညီ့အမေသည် အိပ်ရာထဲမှ လူးလဲထရသည်။ သူ့ယောကျ်ားက ဒီနေ့ အလုပ်သွားမှဖြစ်မည်ဟု ဆိုသဖြင့် သူ ချက်ပြုတ်ရဦးမည်။ ညီညီ့ကို အိပ်ရာထဲမှ အတင်းနှိုးရ၏။ ညီညီက တော်တော်နှင့် မထ။

'နောက်ကျနေပြီ။ ရေချိုးမနေနဲ့ သားလေး။ ကော်ဖီသောက်ပြီး ကျောင်းသွားတော့'

ညီညီ့ကို ပေါင်မုန့်ထောပတ်သုတ်ပေးကာ သူကဈေးကို ပြေးရသည်၊ အိပ်ချင်မူးတူးဖြစ်နေသော်လည်း ဧည့်သည်ကို ထမင်းကျွေးရမည်ဖြစ်သဖြင့် ဖွယ်ဖွယ်ရာရာ ဝယ်ခြမ်းရသည်။ အိမ်ပြန်ရောက်တော့ ချက်ပြုတ်ရသည်။ သူ့ယောကျ်ားက နောက်ကျနေသဖြင့် ခပ်သုတ်သုတ် ကော်ဖီသောက်ကာ ထွက်သွား၏။ ဟင်းအိုးတည်ထားတုန်း ဧည့်ခန်း

ထဲက ဆိုဖာပေါ် မှေးနေစဉ် ညီညီတို့ အတန်းပိုင်ဆရာမ ရောက်လာ၏။
ဆရာမက ... 'ညီညီ ဘာလို့ ကျောင်းမလာတာလဲ'ဟု မေးလိုက်သောအခါ ညီညီ့အမေသည် အိပ်ချင်စိတ်များပင် ပျောက်၍သွားသည်။
'မနက်ကတည်းက သူ ကျောင်းထွက်သွားတယ်လေ ဆရာမ'
'ဟုတ်လား ... သူ ကျောင်းကို ရောက်မလာဘူး'
လူကြီးတွေ ပျာယာခတ်သွားသည်။ ညီညီ့အမေက ကျောင်းသို့ လိုက်သွား၏။ ကျောင်းမှာ ရှာမတွေ့။ ညီညီ့ သူငယ်ချင်းတွေကလည်း မတွေ့ဟု ဆိုကြသည်။ အိမ်ပြန်လာကာ ညီညီ့အဖေဆီ ဖုန်းဆက်ရသည်။ ညီညီ့အဖေသည် စိုးရိမ်စိတ်ဖြင့် ပြန်ရောက်လာသည်။ ဧည့်သည်လည်း အခန်းထဲတွင် အိပ်နေရာမှ နိုးကာ ထွက်လာပြီး ...
'ဘာတွေ ဖြစ်နေကြတာလဲဟေ့ ...'
'ညီညီ ပျောက်နေလို့'ဟု ပြောလိုက်သည်။
အမေက စိတ်ပူကာ ...
'ရဲကို အကြောင်းကြားရင် ကောင်းမယ်'
'ဒီလောက် အလျင်မလိုပါနဲ့ကွာ'ဟု သူ့အဖေက တား၏။
သူ့ဦးကြီးက နားစွင့်ကာ ...
'ငါ ဟောက်သံ ကြားတယ်ဟေ့။ ဒါထက် ဒီထပ်ခိုးပေါ်မှာ ဘယ်သူ နေသလဲ'
'ဘယ်သူမှ မနေဘူး။ ညီညီ့ စာကြည့်စားပွဲပဲ ရှိတယ်'
သူတို့သုံးယောက် ထပ်ခိုးပေါ် တက်ကြည့်သောအခါ စားပွဲအောက် ကြမ်းပြင်ပေါ်တွင် လွယ်အိတ်ကို ခေါင်းအုံး၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ညီညီ့ကို တွေ့ကြရလေသည်။
'ကျောင်းသွားဖို့ လွယ်အိတ်တက်ယူရင်း မဟန်နိုင်လွန်းတာနဲ့ အိပ်ပျော်သွားဟန်တူတယ်'
သူ့အဖေက ညီညီ့အား ပွေ့ယူသွားကာ အိပ်ရာထဲ ချပေးသည်အထိ မနိုးနိုင်ဘဲ အိပ်မောကျ၍နေသည်။ သူ့အမေက ဆရာမဆီ ဖုန်းဆက် အကြောင်းကြား၏။ အခု သူတို့ ရယ်နိုင်ပြုံးနိုင်ကြတော့သည်။
ဟာဒယ ဟာသမဂ္ဂဇင်း၊ မေ၊ ၂၀၀၇

## ညနေစာ

တစ်နေ့သ၌ ...

အဖေ အိပ်ရာကနိုးသောအခါ မျက်နှာကြက်မှ ရေတပေါက်ပေါက် ကျကာ ယိုနေတာ တွေ့ရသည်။ သူ့အိပ်ရာမှာ စို၍နေသည်။ သူက ရေ ပေါက်တွေကို လက်ခုပ်ဖြင့် ခံထားရ၏။ သားနှင့် သမီးက အခန်းဝ ရောက်လာကာ နှိုးသည်။

'အဖေ ... အဖေ၊ ထတော့လေ။ ဒီနေ့ လခထုတ်မယ့်နေ့။ အဖေ လခထုတ်လာရင် ခေါက်ဆွဲကြော် ဝယ်စားကြမယ်လေ'

သူ့အဖေက ...

'ငါ အလုပ်မသွားနိုင်ဘူး။ အိပ်ရာကခွာလို့ မဖြစ်ဘူး။ ရေစက်တွေ ကို လက်ခုပ်နဲ့ ခံထားရတယ်။ နို့မို့ဆိုရင် ငါ့အိပ်ရာ စိုရွှဲကုန်လိမ့်မယ်။ ရေခံဖို့ ရေပုံးသွားယူချေ'

သားနှင့် သမီးက ရေပုံးဆီ သွားပြေသည်။

'ရေပုံး ... ရေပုံး ...၊ ရေခံဖို့ လိုက်ခဲ့ပါ။ ဒါမှ အဖေ အလုပ်သွား နိုင်မှာ။ ဒါမှ လခထုတ်နိုင်မှ။ လခရလာမှ ငါတို့ ခေါက်ဆွဲကြော် ဝယ်စား နိုင်မှာ'

ရေပုံးက ...

'ငါ ရေစက် မခံနိုင်ဘူး။ ငါ့ပုံးထဲမှာ လျှော်ပြီးသား အဝတ်တွေ ပြည့်နေတယ်။ သူတို့ကို အရင် ထုတ်ပေးဦး'

ဒါနှင့် သားနှင့် သမီးက အဝတ်တွေကို ပြောသည်။

'အဝတ်တွေ ... အဝတ်တွေ၊ ရေပုံးထဲက ထွက်ပေးပါ။ ဒါမှ ရေပုံးနဲ့ ရေခံနိုင်မှာ။ ဒီလို ရေခံနိုင်မှ အဖေ အလုပ်သွားနိုင်မှာ။ ဒါမှ လခ ထုတ်နိုင်မှာ။ လခရလာမှ ငါတို့ ခေါက်ဆွဲကြော် ဝယ်စားနိုင်မှာ'

လျှော်ပြီးသား အဝတ်တွေက ...

'ငါတို့ ဒီပုံးထဲက မထွက်နိုင်ဘူး။ ငါတို့အတွက် လှန်းစရာ ကြိုးတန်းမှ မရှိဘဲ'

ဒါနှင့် သားနှင့် သမီးက ကြိုးတန်းဆီ သွားသည်။

'ကြိုးတန်း ... ကြိုးတန်း၊ မြန်မြန်တန်းပါ။ ဒါမှ လျှော်ပြီးသား အဝတ်တွေ ရေပုံးထဲက ထွက်လာမှာ။ ဒါမှ ရေပုံးက ရေခံနိုင်မှာ။ ဒါမှ အဖေ အလုပ်သွားနိုင်မှာ။ ဒါမှ လခထုတ်နိုင်မှာ။ ဒါမှ ငါတို့ ခေါက်ဆွဲကြော် ဝယ်စားနိုင်မှာ'

ကြိုးတန်းက ...

'ငါ ဘယ်လိုလုပ် တန်းနိုင်မှာလဲ။ ထပ်ခိုးပေါ်မှာ မှောင်မည်းနေတာပဲ။ မီးခလုတ်ကို အရင်ဖွင့်ဦး'

သားနှင့် သမီးက မီးခလုတ်ဆီ သွားသည်။

'မီးခလုတ် ... မီးခလုတ်၊ မြန်မြန်ဖွင့်ပါ။ ဒါမှ ကြိုးတန်း တန်းနိုင်မှာ။ ကြိုးတန်း တန်းမှ အဝတ်တွေ ပုံးထဲက ထွက်နိုင်မှာ။ ဒါမှ ပုံးက ရေခံနိုင်မှာ။ ဒါမှ အဖေ အလုပ်သွားနိုင်မှာ။ ဒါမှ လခထုတ်နိုင်မှာ။ ဒါမှ ငါတို့ ခေါက်ဆွဲကြော် ဝယ်စားနိုင်မှာ'

မီးခလုတ်က ...

'ငါ ဘယ်လိုလုပ် လင်းမလဲ။ လျှပ်စစ်မီတာခမှ မပေးရသေးဘဲ၊ မီတာခ သွားပေးချေ'

သားနှင့် သမီးက အမေ့ဆီ သွားသည်။

'အမေ ... အမေ၊ မီတာခ ပေးလိုက်ပါ။ ဒါမှ မီးလင်းမှာ။ မီးလင်း

မှ ကြိုးတန်းမှာ။ ကြိုးတန်းမှ အဝတ်လှန်းနိုင်မှာ။ အဝတ်လှန်းနိုင်မှ ရေပုံးက ရေခံနိုင်မှာ။ ရေခံနိုင်မှ အဖေ အလုပ်သွားနိုင်မှာ။ ဒါမှ လခ ရလာမှာ။ လခရလာမှ ခေါက်ဆွဲကြော် ဝယ်စားနိုင်မှာ'

သူ့အမေက ...

'ငါက ဘယ်လိုလုပ် လျှပ်စစ်မီတာခ ပေးရမှာလဲ။ နင်တို့အဖေ အိပ်ရာထဲမှာလား။ သူ့ကို သွားနှိုးပြီး အလုပ်သွားခိုင်းလိုက်။ ဒါမှ ပိုက်ဆံ ရလာမှာ။ ပိုက်ဆံရလာမှ အားလုံး အဆင်ပြေမှာ'

သို့ဖြင့် အဖေသည် အိပ်ရာထဲမှ ထကာ အလုပ်သွားရသည်။ သူ အပြန်တွင် လခ ပိုက်ဆံရလာသည်။ အမေက ပိုက်ဆံရလာသဖြင့် မီတာခ ပေးသည်။ မီတာခပေးသဖြင့် မီးလင်းလာသည်။ မီးလင်းလာသဖြင့် ကြိုးတန်းနိုင်သည်။ ကြိုးတန်းနိုင်သဖြင့် ရေပုံးထဲက လျှော်ပြီးသည့် အဝတ်တွေ ထွက်နိုင်သည်။ ရေပုံးက ရေခံနိုင်သည်။ အဖေ့လက်ပေါ်ကို ရေစက်တွေ မကျတော့။ သူတို့တစ်တွေ ညနေစာကို ခေါက်ဆွဲကြော် စားကြလေသည်။

ပျော်ပျော်ရွှင်ရွှင် မငွေခင်း

ဇူလိုင်၊ ၂၀၀၇။

# ပန်းခြံထဲက မာလာ

ဒီနေ့ တနင်္ဂနွေနေ့ မနက်။

အမေက မီးဖိုထဲမှာ ချက်ပြုတ်နေတုန်း မာလာက ...

'မေမေရေ ... ပန်းခြံထဲ သွားလိုက်ဦးမယ်'

မာလာတို့အိမ်နဲ့ ပန်းခြံက သိပ်မလှမ်းဘူး။ အမေက မီးဖိုထဲက လှမ်းအော်တယ်။

'မောင်လေးကိုပါ ခေါ်သွား။ လက်တွန်းလှည်း တွန်းသွားပေါ့'

သူ့မောင်လေး နာမည်က ဇော်ဇော်တဲ့။ လမ်းမလျှောက်တတ်သေးတော့ အမေ အလုပ်များနေချိန်ဆို သူ့ကို လက်တွန်းလှည်းထဲပဲ ထည့်ထားလေ့ ရှိတယ်။ မေမေက ဇော်ဇော့်ကို ရေချိုး၊ အဝတ်အစားအသစ်တွေ လဲဝတ်ပေးထားတယ်။ ဇော်ဇော့်ကို ခေါ်မသွားရင် သူလည်း ပန်းခြံကို သွားရမှာ မဟုတ်ဘူး။ ပန်းခြံထဲမှာ သူ့သူငယ်ချင်း သီရိဝေနဲ့ ချိန်းထားတယ်။ သီရိဝေက သူ့ကို ရေခဲမုန့်ဝယ်ကျွေးမယ် ပြောထားတော့ မသွားလို့လည်း မဖြစ်ပြန်ဘူး။ အမေက ...

'သူက ပန်းခြံကို သိပ်သဘောကျတာ။ သားလေး ... ပန်းတွေကို သဘောကျတယ် မဟုတ်လား'

'ဂါး ... ဂါး ...'

ဇော်ဇော်က လက်ကလေးနှစ်ဖက် မြှောက်ပြီး အသံပြုတယ်။ သူ က လမ်းထွက်ရမှာ သိပြီး ပျော်နေတဲ့ပုံပဲ။ ဒါနဲ့ မာလာက သူ့မောင်လေး ထည့်ထားတဲ့ လက်တွန်းလှည်းကို တွန်းပြီး ပန်းခြံဘက် ထွက်ခဲ့တယ်။ ပန်းခြံဝမှာ သီရိဝေက သူ့ကို စောင့်နေတယ်။

'မာလာ ... နင့်မောင်လေးကို နင် ခေါ်လာတာလား'

'အေး ... သူက ချစ်ဖို့ကောင်းပါတယ်။ တို့ကို ဒုက္ခမပေးပါဘူး'

ပန်းခြံထဲ ဝင်လာတော့ ပန်းတွေကိုမြင်လို့ ထင်ပါရဲ့။ ဇော်ဇော် က သူ့လက်နှစ်ဖက်ကို မြှောက်ပြီး ဂါး ... ဂါး ... လို့ အော်တယ်။ သူက ငယ်သေးတော့ ဒီလို အသံတစ်မျိုးပဲ ထွက်တတ်သေးတယ်။ တစ်ခုတော့ ရှိတာပေါ့။ ငိုလည်း ငိုတတ်တယ်။

သူတို့ လှည်းကို သစ်ခွပန်းရုံနားရပ်ပြီး ကြည့်ကြတယ်။ သစ်ခွ ပန်းတွေက လှလိုက်တာ။ အရောင်ကို စုံနေတာပဲ။ သီရိဝေက ...

'အဲဒါ သစ်ခွပန်းတွေလေ'

'ဒါတော့ လူတိုင်း သိပါတယ်နော်'

'သစ်ခွပန်းရနံ့တွေက မွှေးလိုက်တာဟော့'

သူတို့အနားကို ပန်းခြံစောင့် လူကြီးက ရောက်လာပြီး ...

'ဟော့ ... မင်းတို့ ဘာလုပ်နေတာလဲ'

'ပန်းတွေ ကြည့်နေတာလေ'

'ကြည့်ရုံ ကြည့်နော်။ မခူးရဘူး'

'ကျွန်မတို့ ဒီလောက်တော့ စာဖတ်တတ်ပါတယ်'

အဲဒီပန်းရုံမှာ 'ပန်းမခူးရ'ဆိုတဲ့စာ ရေးကပ်ထားတယ်လေ။ သူ တို့က လှည်းကလေးတွန်းပြီး ထွက်လာခဲ့ကြတယ်။

သီရိဝေက ... 'ဒီလူကြီးက တို့ကိုကြည့်တာ မယုံသင်္ကာမျက်လုံး နဲ့' နှုတ်ခမ်းစူပြီး ပြောတယ်။

သူတို့ ပန်းခင်းတွေကြားထဲ ဖြတ်ပြီး လှည်းကို တွန်းခဲ့တယ်။ ရေ ကန်ဘေး ဖြတ်ပြီး လှည်းကို တွန်းတယ်။ ရေကန်ထဲမှာ ငန်းနက်ကြီးတွေ မြင်တော့ ဇော်ဇော်က 'ဂါး ... ဂါး ...'လို့ အော်ပြန်တယ်။

ပန်းခြံတစ်ပတ်ပြည့်တော့ သူတို့ သစ်ပင်တစ်ပင်အောက် ရောက်သွားတယ်။ အဲဒီမှာ ခုံတန်းရှည်လေးတစ်ခု တွေ့တော့ နှစ်ယောက်သား ဝင်ထိုင်တယ်။ ခုံရှည်တစ်ဖက်စွန်းမှာတော့ မိန်းမကြီးတစ်ယောက် ထိုင်နေတယ်။ အဲဒီအချိန်မှာပဲ ဇော်ဇော်က ရုတ်တရက် ငိုလိုက်တယ်။ သီရိဝေက ...

'သူ ဘာဖြစ်တာလဲ'

'ငါ မသိဘူး'

ဘေးက မိန်းမကြီးက ... 'သူက လှည်းကိုရုပ်ထားတာ မကြိုက်လို့ ငိုတာ။ လှည်းလျှောက် တွန်းတာက သူ့အတွက် ပျော်စရာကောင်းတာကိုး'လို့ အဖြေပေးရှာတယ်။

မာလာက ... 'မတွန်းနိုင်တော့ဘူး။ ကျွန်မတို့လည်း မောနေပြီ'

သီရိဝေက ... 'သူ့ကို လှည်းထဲကထုတ်ပြီး ဟိုသဲပုံပေါ် တင်ထားလိုက်မယ်။ ဒါဆို ငိုတော့မှာမဟုတ်ဘူး'လို့ အကြံပေးတယ်။ မာလာက ...

'မလုပ်နဲ့။ သဲတွေကို သူ့ပါးစပ်ထဲ ထည့်လိမ့်မယ်။ သူ အမြဲ စားနေကျ'

'ဒီလိုဆို တို့ ရေခဲမုန့် ဝယ်ကျွေးလိုက်မယ်'

'ဟာ ... ရေခဲမုန့်ကျွေးရင် ငါ့မောင်လေး ချောင်းဆိုးမှာပေါ့'

ဇော်ဇော်က ငိုနေဆဲပဲ။ နားငြီးလို့ ထင်ပါရဲ့။ ထိုင်နေတဲ့ မိန်းမကြီး ထထွက်သွားတယ်။ သီရိဝေက စိတ်ညစ်ညစ်နဲ့ ...

'နင်ကလည်း သူ့ကို ဘာလို့ ခေါ်လာရတာလဲ'

'သူက ပန်းတွေကို သဘောကျလို့'

'ဒါဆို သူ မငိုအောင်ပန်းတွေ ခူးပေးလိုက်မယ်'

'အဲဒါဆို ပန်းခြံစောင့်ကြီးက တို့ကို ဖမ်းမှာပေါ့'

ထိုအချိန်မှာပင် သူတို့အနားကို သူတို့အရွယ် ကောင်မလေး တစ်ယောက် ကစားစရာ တွန်းလှည်းကလေးကို တွန်းကာ ရောက်လာသည်။ လက်တွန်းလှည်း ဖြူဖြူကလေးက လှပသလို အထဲတွင်လည်း ကလေး အစား ထည့်ထားသော ဆံပင်ရွှေရောင်နှင့် မိန်းကလေးအရုပ်ကလေးကလည်း ချစ်ဖို့ အလွန်ကောင်းသည်။

'ဘာဖြစ်နေကြတာလဲ'

ဒီတော့ သီရိဝေက ရှင်းပြလိုက်တယ်။ ဇော်ဇော်က ငိုဆဲ။

'သူ့ကို တွန်းရတာ တို့လည်း မောပြီ'

'ဒါဆို ငါ့ကို ပေးတွန်းမလား'

ကောင်မလေး စကားကြောင့် သူတို့နှစ်ယောက် အံ့အားသင့်သွားကြတယ်။ ကောင်မလေးက ...

'ငါက ကလေးအစစ်တစ်ယောက်ပါတဲ့ လှည်းကို တွန်းချင်နေတာကြာပြီ။ အရုပ်လှည်းပဲ တွန်းနေရလို့ စိတ်ညစ်နေတာ'

'ကောင်းပြီလေ။ ပန်းခြံထဲမှာပဲ တွန်းနော်'

မာလာက ကန့်သတ်ပေးလိုက်တယ်။

ကောင်မလေးက ဝမ်းသာအားရ ... 'ဒါဆို ငါ့လှည်းလေးကို နင်တို့ စောင့်ကြည့်ထား'လို့ ပြောပြီး ဇော်ဇော့်လှည်းကို တွန်းထွက်သွားတယ်။ ဇော်ဇော်ကတော့ လှည်းဘီး လိမ့်တာနဲ့ အငိုရပ်သွားတော့တာပဲ။ လက်ခုပ်တီးလက် မြှောက်ပြီး 'ဂါး ... ဂါး ...'လို့ အော်ပြီး ကောင်မလေး တွန်းတဲ့နောက် ပါသွားတယ်။ သီရိဝေက ...

'နင့်မောင်လေး မရှိတုန်း တို့ ရေခဲမုန့်သွားဝယ်ရအောင်'

'ဟုတ်သားပဲ။ ဒီလှည်းလေး ဘယ်လိုလုပ်မလဲ'

'တို့ တွန်းယူသွားမှာပေါ့'

သူတို့ဟာ လှည်းကလေးကို တွန်းပြီး ခပ်လှမ်းလှမ်းက ရေခဲမုန့်ဆိုင် သွက်လာခဲ့ကြတယ်။ မာလာက ဒီလို အရုပ်လှည်းလှလှလေး တွန်းချင်နေတာ ကြာပြီ။ အခု တွန်းရတော့ ပျော်ရွှင်နေတာပေါ့။ ရေခဲမုန့်ဆိုင်ရောက်တော့ ရေခဲမုန့်နှစ်ခွက် ဝယ်စားကြတယ်။ ရေခဲမုန့် စားပြီးတော့ မာလာက ...

'ငါ့မောင်လေးကို ပြန်ခေါ်ဖို့ ကောင်းပြီ'

'အေး ... သွားခေါ်ကြတာပေါ့'

သူတို့ လှည်းချင်းလဲခဲ့တဲ့နေရာကို ပြန်ရောက်တော့ ဘယ်သူမှ မရှိဘူး။ မာလာက ထိတ်ထိတ်ပျာပျာနဲ့ ...

'ငါ့မောင်လေးတော့ ပျောက်ပြီထင်တယ်။ သူ ပျောက်ရင် ငါ့အမေ

က ငါ့ကို ရိုက်တော့မှာပဲ'

'ကောင်မလေး ပုံစံက နင့်မောင်လေးကို စားပစ်မယ်ပုံ မဟုတ်ပါဘူး။ မပူပါနဲ့။ တို့ လိုက်ရှာကြမယ်'

သူတို့က လှည်းအဖြူလေးကိုတွန်းကာ သစ်ခွရုံဘက် ပြေးသည်။ မတွေ့။ မာလာက ငိုချင်စပြုလာ၏။ လှည်းအဖြူကလေးကို တွန်းကာ နှင်းဆီခင်းများဆီ ပြေးပြန်သည်။

'ဟော့ ... ကလေးတွေ ... နေဦး'

ပန်းခြံစောင့်ကြီးက တွေ့တော့ လှမ်းအော်၏။ သူတို့က ဂရုမစိုက်အား။ ကလေးကို တွေ့ချင်ဇောဖြင့် တွန်းပြေးမြဲ ပြေးသည်။ သူ ခေါ်တာတောင် မရပ်တော့ ပန်းခြံစောင့်ကြီးက သူတို့နှစ်ယောက်အပေါ် သံသယဝင်လာသည်။ ဘာမဟုတ်တာ လုပ်ထားလို့လဲ။ ပြီးတော့ ဒီလက်တွန်းလှည်း ဖြူဖြူကလေးကို ပန်းခြံထဲ တွန်းဝင်လာသူမှာ ဂါဝန်ပြာပြာနှင့် ကောင်မလေးတစ်ယောက်ဖြစ်ကြောင်း သူ ကောင်းကောင်းမှတ်မိနေသည်။ ဒီလှည်းကလေးကို ဒီကလေးနှစ်ယောက် ခိုးပြေးကြတာလား။

'ဟော့ ... ကလေးတွေ ... နေကြဦး'

သို့သော် သူက ဗိုက်ရွှဲရွှဲဝဝဆိုတော့ နောက်က မမီမကမ်း ပြေးလိုက်ရ၏။ မာလာက ငိုသံဖြင့် ရေကန်ဘေး ပတ်ပြေးရင်း ...

'ဇော်ဇော်ရေ ... နင် ဘယ်ရောက်နေလဲဟင်'

'ဟော့ ... ကောင်မလေးတွေ ... နေကြဦး'

အဝေးက ပန်းခြံစောင့်ကြီး ပြေးလာတာ တွေ့ရသဖြင့် သီရိဓေက ...

'ဟိုလူကြီး တို့နောက် လိုက်နေတယ်ဟေ့။ ဒီပန်းရုံနောက် ဝင်ပုန်းနေရအောင်'

သူတို့နှစ်ယောက် ပန်းရုံအနောက်ကို ဝင်လိုက်သောအခါ ထိုနေရာတွင် ကောင်မလေးနှင့် ဇော်ဇော်ကို တွေ့ရလေသည်။ ကောင်မလေးရော ဇော်ဇော်ပါ ငိုနေကြသည်။ ဇော်ဇော်၏ လက်များနှင့် ပါးပြင်မှာ ချော ကလက်တွေ ပေကျံနေ၏။ မာလာက ...

'နင် ဘာလို့ သူ့ကို ချောကလက် ပေးလိုက်ရတာလဲ'

'ငါ စားနေတာကို လုယူသွားတာပါ။ သူ ဒီလိုပဲ လုပ်တတ်လား'

မာလာက ခေါင်းညိတ်ပြလိုက်ရင်း ...

'နင်က ဘာလို့ ငိုတာလဲ'

'သူ့မျက်နှာတွေ ပေပွကုန်လို့။ ဘာလုပ်ရမှန်း မသိဘဲ ငိုတာ'

'ဒါများ ... မငိုနဲ့တော့'

မာလာက အနီးရှိ ရေပန်းက ရေကို သူ့လက်ကိုင်ပဝါဖြင့် ဆွတ်၍ ဇော်ဇော်လေး၏ မျက်နှာနှင့် လက်တွေကို ပွတ်တိုက်ပေးလိုက်ရာ သန့်စင်၍သွားသည်။ ညစ်ပတ်တာ မနှစ်သက်၍ ငိုနေသော ဇော်ဇော်လေးလည်း ရေအေးအေးနှင့်တွေ့ရ၍ ပျော်ကာ အငိုတိတ်သွား၏။ ထိုစဉ် သူတို့ဘေးကို ပန်းခြံစောင့်ကြီး ရောက်လာသည်။

'ဒီမှာ ဘာဖြစ်နေကြတာလဲ'

'ဘာမှ မဖြစ်ပါဘူး'

သူ့လုပည်းဖြူဖြူလေးကို ပြန်ယူရင်း ကောင်မလေးက ပြောလိုက်၏။ ပန်းခြံစောင့်ကြီးက ...

'ဒီလုပည်းဖြူကလေးက ဘယ်သူ့ဟာလဲ ...'

'ကျွန်မ လုပည်းလေ'

'ခု ဘာလို့ သူတို့က တွန်းနေတာလဲ'

'ကျွန်မ ငှားလိုက်တာ'

'ငှားထားတာဆို နင်တို့က ဘာလို့ ထွက်ပြေးရတာလဲ'

'ဦးလေးကြီးက နောက်က လိုက်လို့'

'အေး ... နင်တို့နဲ့ စကားပြောရတာ ငါတော့ ရှုးချင်လာပြီ။ နင်တို့ ဘာကယ်ပဲ ဘာမှမဖြစ်ဘူးနော်'

'မဖြစ်ပါဘူး'

'ဒါဆို ပြီးရော'

ပန်းခြံစောင့်ကြီးက ပြန်ထွက်သွားသည်။ မကြာခင် လုပည်းကလေး တွန်းကာ မာလာလည်း အိမ်ပြန်ရောက်လာသည်။

'သမီး ... မောင်လေးကို ထိန်းပေးတာ ကျေးဇူးပဲ။ ထမင်းဟင်းတွေလည်း ကျက်ကုန်ပြီ'

'ဒါဆို စားတော့မယ် မေမေ'

သူ့အမေက ဇော်ဇော်ကလေးကို လှည်းထဲက ပွေ့ချီယူလိုက်ရင်း မေးသည်။

'သားလေး ... ပန်းခြံထဲသွားရတာ ပျော်ရဲ့လား'

ဇော်ဇော်လေးက လက်နှစ်ဖက် မြှောက်ကာ ...

'ဂါး ... ဂါး ...'ဟု အော်နေလေသည်။

ပျော်ပျော်ရွှင်ရွှင် မဂ္ဂဇင်း

ဩဂုတ်၊ ၂၀၀၇။

# ပျော်ပျော်ရွှင်ရွှင် ကလပ်

'တို့ ကလပ်ထောင်ကြရအောင်'

ညီညီက ရဲထွတ်ကို ပြောလိုက်သည်။ လူကြီးတွေ ကလပ်ထောင် ...ာကို သူတို့ အားကျနေသည်။ ရဲထွတ်က ...

'တို့ နှစ်ယောက်တည်းလား ...'

'နှစ်ယောက်တည်းတော့ မဖြစ်ဘူး။ ငါးယောက်၊ ခြောက်ယောက် ...ဖြစ်မယ်။ ဒီတော့ တို့ လူရွေးကြရအောင်။ ငါ့သူငယ်ချင်း ကြည်ဟန် ... ထည့်မယ်။ ဒီကောင်က သဘောသိပ်ကောင်းတယ်။ သူ မုန့်ပါ ...ရင် ငါ့ကို အမြဲခွဲပေးတယ်'

'တို့အတန်းထဲက ဇော်မင်းရော ...'

'ဒီကောင်က ဒေါသကြီးတယ်။ အချင်းချင်းလည်း အနိုင်ကျင့် ...တယ်။ ဝင်းပပလည်း မဖြစ်ဘူး။ ဒီကောင်မလေးက စွာတာတာ၊ ...ည်း များတယ်'

'တို့ ကလပ်ထဲမှာ မိန်းကလေးလည်းပါမှ ကောင်းမှာပေါ့။ မင်း ...သီကို ပြောကြည့်ပါလား'

'...ကောင်းတယ်။ ငါ ပါတယ်ဆို သူလည်း ပါမှာပဲ။ ဒါဆို သူ့သူ

ငယ်ချင်း သီရိဝေလည်း ထည့်လိုက်။ သူ့ဆီမှာ ရုပ်ပြကာတွန်းစာအုပ်တွေ အများကြီး ရှိတယ်။ တို့ကလပ်ထဲ သူ ပါလာရင် တို့ဖတ်ဖို့ ငှားလိမ့်မယ်'

'ဒါဆို ငါးယောက်ရှိပြီ။ နောက်တစ်ယောက်ဆို တော်ပြီ'

'ငါကတော့ ထွန်းထွန်းကို ထည့်ချင်တယ်'

'ဟာ ... ထွန်းထွန်းက ခြေထောက်တစ်ဖက်မှ မသန်ဘဲ'

ထွန်းထွန်းသည် သူတို့အတန်းထဲမှပင်ဖြစ်ကာ ပိုလီယိုအကြောသေရောဂါကြောင့် ခြေထောက်တစ်ဖက် မသန်သူ ဖြစ်၏။

'သူက သဘောကောင်းတယ်။ သူ့ကို တခြားသူတွေက ဝိုင်းပယ်ထားတော့ သူ စိတ်အားငယ်နေတယ်။ တို့ကလပ်ထဲ ပါရရင် သူ ပျော်သွားမှာပဲ။ သူက ဦးနှောက်လည်း ကောင်းတယ်။ ပန်းချီလည်း ဆွဲတတ်တယ်လေ'

ဒီလိုလူမျိုးလည်း သူတို့ကလပ်ထဲမှာ လိုတာ အမှန်ပင်။ ထွန်းထွန်းကို သွားတွေ့ကာ ပြောတော့ အံ့အားသင့်ကာ ...

'ငါက မင်းတို့ကလပ်ထဲမှာ ပါရမယ်၊ ဟုတ်လား။ ငါက မင်းတို့လို သစ်ပင်လည်း မတက်နိုင်ဘူး။ ဘောလုံးလည်း မကန်နိုင်ဘူး'

'ဒါပေမဲ့ မင်းက ဉာဏ်ကောင်းတယ်လေ။ ပြီးတော့ ပန်းချီလည်း ဆွဲတတ်တယ် မဟုတ်လား'

'မင်းတို့ ငါ့ကို လက်ခံတယ်ဆိုရင် ငါ ပါမှာပေါ့။ အမေကလည်း ကြားရင် ဝမ်းသာသွားလိမ့်မယ်'

သူတို့က ကေသီနှင့် သီရိဝေကို သွားပြောရာ သူတို့ကလည်း ဝမ်းသာအားရ သဘောတူလိုက်သည်။ ညီညီက ...

'ကဲ ... မုန့်စားကျောင်း ပြန်တက်တော့မယ်။ ကျောင်းလွှတ်လို့ အိမ်ပြန် ထမင်းစားပြီးရင် ငါ့အိမ် လာခဲ့ကြ။ တို့ ကလပ်အတွက် ဆွေးနွေးရအောင်။ အစည်းအဝေးပေါ့။ ၂ နာရီ စမယ်။ နောက်မကျစေနဲ့'

ထိုနေ့ နေ့လယ် ၂ နာရီ ထိုးသောအခါ သူတို့ ခြောက်ယောက် ရဲထွတ်၊ ညီညီ၊ ကြည်ဟန်မြင့်၊ ထွန်းထွန်း၊ ကေသီနှင့် သီရိဝေတို့သည် ညီညီ၏စာကြည့်ခန်းထဲတွင် တွေ့ဆုံကြသည်။ ညီညီ့အမေက အိုဗာတင်း

ဘာခ်ခွက်စီ ဖျော်တိုက်၏။ သီရိဝေက ...

'ကလပ်လုပ်ရင် နာမည်ပေးရတယ်လေ။ တို့ကလပ်ကို ဘယ်လို နာမည်ပေးမလဲ။ ဘာဘီဆိုရင် မကောင်းဘူးလား'

ဘာဘီဆိုတာ သူ နှစ်သက်တဲ့ မိန်းမလှအရုပ်ကလေး ဖြစ်သည်။ ကြည်ဟန်မြင့်က ကန့်ကွက်သည်။

'မကောင်းဘူး။ တို့ကလပ်က မိန်းကလေးတွေချည်းရှိတဲ့ ကလပ် မှ မဟုတ်ဘဲ။ ဒီတော့ ပါဝါရိန်းဂျားဆို ကောင်းမယ်'

သို့သော် ကေသီက သဘောမတူ။

'နာမည်ဆိုတာ လှရမယ်။ သက်တံဆို မကောင်းဘူးလား'

ထွန်းထွန်းက ...

'လှဖို့ထက် အဓိပ္ပာယ်ရှိဖို့က ပိုအရေးကြီးတယ်။ နင်တို့ကို ငါ မေးမယ်။ လောကမှာ ဘာ အရေးကြီးဆုံးလဲ'

တစ်ယောက် တစ်ခွန်း ပြောကြသည်။

'မုန့်ကောင်းကောင်း စားဖို့'

'ဂါဝန်လှလှ ဝတ်ဖို့'

'ဗီဒီယိုဂိမ်း ကစားဖို့'

ထွန်းထွန်းက ...

'ခြုံပြောရရင် ပျော်ရွှင်ဖို့ပါပဲ။ ဒီတော့ တို့ကလပ်ကို ပျော်ပျော် ရွှင်ရွှင် ကလပ်လို့ မှည့်ကြမယ်'

'ကောင်းတယ်ဟေ့။ ဒီနာမည်နဲ့ တို့ကလပ်က ဘာတွေလုပ်မှာလဲ'

ရဲထွတ်က မေးသည်။ ထွန်းထွန်းက ...

'နာမည်နဲ့လိုက်အောင် ပျော်ရွှင်စရာကိစ္စတွေ လုပ်မယ်ကွာ။ တို့ သည်း ပျော်ရွှင်အောင်၊ တခြားသူတွေလည်း ပျော်ရွှင်အောင်'

'ကောင်းတယ်။ တို့ကလပ်အတွက် နေရာတစ်နေရာ လိုတယ်။ ဘို့ သီးသန့် အနှောင့်အယှက်ကင်းကင်း နေနိုင်တဲ့ နေရာပေါ့။ ငါ့ စာ ကြည့်ခန်းက အမြဲသုံးဖို့ မကောင်းဘူး'

'ဒါဆို တို့အဖေ ကားဂိုဒေါင်ကို သုံးပါလား'

ရဲထွတ်က ပြောသည်။ ညီညီက ...

'အဲဒီမှာ မင်းတို့ကားက အမြဲရှိနေတာပဲ။ မဖြစ်ဘူး'

'ငါတို့ စတိုခန်းရော ...။ ပစ္စည်းဟောင်းတွေ သိမ်းထားတဲ့နေရာ'

'မဖြစ်ဘူး ကြည်ဟန်မြင့်။ ပစ္စည်းတွေ ရှုပ်ပွနေတာ။ ကျဉ်းလည်း ကျဉ်းတယ်'

ထွန်းထွန်းက ...

'ဒါဆို တို့အိမ်က ကြက်ခြံကို သုံးပါလား'

'ကြက်ငှက်တုပ်ကွေး ကြောက်တယ်'

သီရိဝေက ပြောလိုက်သည်။

'ခြံဟောင်းပါ။ ကြက်မမွေးတာ ကြာပြီ။ အဲဒါကို ငါတို့ နည်းနည်းလေး ရှင်းလင်းလိုက်ရင် ရပြီ'

'ကောင်းတယ်ဟေ့။ အခုပဲ သွားရှင်းကြမယ်'

ညီညီက ဆော်ဩလိုက်သည်။ ကျန်လူတွေက ကြက်ခြံကို ရှင်းလင်းနေစဉ် ထွန်းထွန်းက သုံးထပ်သားအလွတ်ကို ဆေးဖြူသုတ်ကာ 'ပျော်ပျော်ရွှင်ရွှင် ကလပ်'ဆိုသော အမည်ကို ဆေးရောင်စုံနှင့် ရေးသည်။ ထိုဆိုင်းဘုတ်ကလေး ချိတ်လိုက်သောအခါ သူတို့ကလပ်မှာ အတော်အတန် ပြည့်စုံသွားသည်။ ညီညီက ...

'ဒါကြောင့် ငါ ပြောတာပေါ့။ ထွန်းထွန်း ပါသင့်တယ်ဆိုတာ။ တို့ အခု ကလပ်ခေါင်းဆောင် ရွေးကြရအောင်'

ရဲထွတ်က ...

'ဒီကလပ် စထောင်ဖို့ မင်းပဲ ပြောခဲ့တာ။ မင်းပဲ ခေါင်းဆောင် လုပ်ပေါ့'

အားလုံးက သဘောတူလိုက်သည်။ ထွန်းထွန်းက ... 'ကလပ်ဆိုရင် ကလပ်အဖွဲ့ဝင်ချင်း အသုံးပြုတဲ့ စကားဝှက် ရှိရ မယ်။ ဘယ်လိုစကားဝှက် သုံးရင် ကောင်းမလဲ'ဟု မေးရာ ကြည်ဟန်မြင့်က ...

'ဟစ်ဟော့ပေါ့ကွာ'

'မကောင်းဘူး။ စီရော်နယ်ဒို'

'မဟုတ်သေးဘူး။ ကြက်ခြံပေါ့'

ထိုအချိန်၌ သီရိဝေက လက်နက်ဖက်ကို ကြက်တောင်ပံခတ်

သလို ပြု၍ ... 'ကတော် ... ကတော် ...'ဟု ကြက်လို အော်ပြရာ အားလုံး က ဝိုင်းရယ်ကြသော်လည်း အကောင်းဆုံး စကားဝှက်အဖြစ် လက်ခံ လိုက်ကြသည်။

'ဟုတ်ပြီ။ တို့ကလပ်ရဲ့ စကားဝှက်က 'ကတော် ... ကတော် ...' နော်။ မှတ်ထားကြ။ ကဲ ... ဒီနေ့ တို့ရဲ့ ပျော်ပျော်ရွှင်ရွှင် ကလပ်ကို ပျော်ပျော်ရွှင်ရွှင် ဖွဲ့စည်းပြီးတဲ့ အထိမ်းအမှတ်အနေနဲ့ ရေခဲမုန့် သွားစား ကြရအောင်'

သူတို့ခြောက်ယောက် ရေခဲမုန့်ဆိုင်သို့ ပျော်ပျော်ရွှင်ရွှင် ချီတက် သွားကြလေတော့သတည်း။

ပျော်ပျော်ရွှင်ရွှင် မဂ္ဂဇင်း

စက်တင်ဘာ၊ ၂၀၀၇။

# လက်ဆောင်

ဇော်ဇော်သည် ပိုက်ဆံထည့်ထားသည့် သူ့အင်္ကျီအိတ်ကို လက်တစ်ဖက်နှင့် ဖိကာ ခပ်သွက်သွက် လျှောက်လာသည်။ သူ့နှလုံးမှာ ဝမ်းသာမှုဖြင့် တဒိတ်ဒိတ် ခုန်နေကာ 'ရွှေချမ်းသာ'စတိုးနား နီးလာလေ ပို ခုန်လာလေ ဖြစ်၏။ ဆိုင်ထဲ ရောက်သောအခါ မုန့်များ ရောင်းသော ကောင်တာသို့ လျှောက်သွားလိုက်သည်။ ထိုဆိုင်မှာ အတော်ပင်ကြီးကာ မုန့်မျိုးစုံအပြင် အလှကုန်ပစ္စည်းနှင့် စာရေးကိရိယာများပါ ရောင်းချ၏။ ဆိုင်ရှင်မိန်းမ ခပ်ဝဝကြီးက ... 'ကလေး ... ဘာလိုချင်လဲ။ ဂျယ်လီလား၊ ပီကေလား'ဟု မေး၏။

ဇော်ဇော်က နောက်ဘက်က တန်းပေါ်တင်ထားသည့် ချောကလက် ဘီစကွတ်သံဘူးကို လက်ညှိုးထိုးပြကာ ...

'ဟောဟို ချောကလက် ဘီစကွတ်သံဘူး ပေးပါ'

ဆိုင်ရှင်က ပြုံးစစ ကြည့်ကာ ... 'ကလေး ... ဒီဘူးဟာ ဈေးကြီးတယ်။ ငါးထောင်'ဟု ဆို၏။

ဤဈေးမှာ ကလေးတစ်ယောက် ဝယ်နိုင်သည့် ပမာဏ မဟုတ်။ သို့သော် ဇော်ဇော်က ရင်ကော့ကာ ...

'ကျွန်တော့်မှာ ပိုက်ဆံပါပါတယ်။ ဒီငွေငါးထောင်ရအောင် ကျွန်

ဆက် ခြောက်လလုံးလုံး စုခဲ့ရတာ'

ပြောပြောဆိုဆို သူ့အိတ်ထဲက ငွေငါးထောင်ကို ထုတ်ပေးလိုက်၏။ ဒီတော့မှ ဆိုင်ရှင်က ချောကလက်ဘီစကွတ်ကို ယူပေးလိုက်သည်။ ထိုသံဘူးမှာ အဖြူရောင်ဖြစ်၍ အဖုံးတွင် နီရဲသော နှင်းဆီပန်းပုံများကို ပန်းချီရေးဆွဲထားသဖြင့် အင်မတန် လှပနေသည်။ ထိုဘူးကို ကျောပိုးအိတ်ထဲ ထည့်ကာ ဇော်ဇော်သည် ကျောင်းဘက်သို့ ထွက်လာခဲ့လေသည်။

* * *

ကျောင်းတွင် ဇော်ဇော်တို့၏ အတန်းပိုင်ဆရာမ ဒေါ်အေးမြသည် တယ်လီဖုန်းလာသည် ဆိုသဖြင့် သွားနားထောင်သာအခါ ဖုန်းဆက်သူမှာ ဇော်ဇော့်အမေ ဒေါ်ထားရီ ဖြစ်နေသည်။ ဒေါ်ထားရီက … 'ဇော်ဇော်တို့ ဒုက္ခပေးပြန်ပြီ ဆရာမ။ မနေ့က လမ်းထိပ်က ကုန်စုံဆိုင်ကို ကြွေးဆပ်ဖို့ ကျွန်မ ပေးလိုက်တဲ့ ငွေငါးထောင်ကို ကြွေးမဆပ်ဘဲ သူ ယူထားတယ်' ဟု စိတ်ညစ်ညူးသော လေသံဖြင့် ပြောသည်။

ဒေါ်အေးမြက …

'သူ ဘာလို့ ဒီလောက်တောင် ငွေလိုရတာလဲ'

'ကျွန်မလည်း ဒါပဲ သိချင်တာ ဆရာမ။ မဟုတ်တဲ့နေရာမှာ သုံးပစ်မှာ စိုးလို့'

'သူက တတိယတန်း ကျောင်းသားလေးပဲ။ ဒီလိုတော့ လုပ်မယ် မထင်ပါဘူး။ ဒီလိုလုပ်လေ …။ ကျောင်းဆင်းရင် ရှင် ကျောင်းကို လာခဲ့ပါလား။ ဒီပြဿနာကို ကျွန်မ ရှင်းပေးပါ့မယ်'

ဒေါ်ထားရီသည် မုဆိုးမတစ်ဦးဖြစ်ကာ ဇော်ဇော်နှင့် သူ့ညီမလေး သီတာတို့ကို ဈေးရောင်းကာ ရှာဖွေကျွေးနေသူ ဖြစ်၏။ ဒေါ်ထားရီက … 'ဟုတ်ကဲ့ ဆရာမ၊ ကျွန်မ လာခဲ့ပါ့မယ်'

* * *

ဆရာမများ နားနေခန်းမှနေ၍ အတန်းထဲ ဝင်လာသောအခါ ကျောင်းသားကျောင်းသူများ စုံလင်အောင် မရောက်သေး။ ဇော်ဇော်သည် သူ့ခုံတွင်ထိုင်ကာ ပန်းချီရေးနေသည်။ သူ့ရှေ့တွင် ချောကလက် ဘီစကွတ် သံဘူးကို ချကာ ဘူးဖုံးပေါ်မှ နှင်းဆီပန်းများကို ခဲတံရောင်စုံ

ဖြင့် စက္ကူပေါ် ကူးရေးနေခြင်း ဖြစ်၏။ ဒေါ်အေးမြက ...

'ဇော်ဇော် ... မင်း ပန်းချီရေးနေတာလား။ လှလှချည်လား'

'ဆရာမ သဘောကျလို့လား'

'ကျတာပေါ့။ တကယ့် နှင်းဆီပန်းလေးတွေ ကျနေတာပဲ'

'ဒါဆို ဒီပန်းချီကား ဆရာမကို ပေးမယ်'

'တကယ်လား။ မင်း ပေးရင် ဒီပန်းချီကားလေးကို ငါ့အိပ်ခန်းထဲက နံရံမှာ ကပ်ထားမယ်'

'တကယ်ပေးမှာပေါ့။ ပန်းချီကားတင် မဟုတ်ပါဘူး။ ဟောဒီ ချောကလက် သံဘူးကလည်း ဆရာမကို ပေးဖို့ပဲ'

'ဒီဘူးက နိုင်ငံခြားဖြစ်၊ အကောင်းစားပဲ။ ဘယ်လောက်တောင် ပေးရလဲ'

'ငါးထောင်'

'လမ်းထိပ်က ကုန်စုံဆိုင်ကို အမေ အကြွေးဆပ်ခိုင်းတဲ့ ပိုက်ဆံနဲ့ ဝယ်လိုက်တာပေါ့လေ၊ ဟုတ်လား'

ထိုစကားကြောင့် ဇော်ဇော် မျက်စိမျက်နှာ ပျက်သွား၏။

'ဆရာမ ... ဘယ်လိုလုပ် သိသလဲ'

'မင်းအမေ ဖုန်းဆက်ပြောတာလေ။ ဒါထက် မင်းက ငါ့ကို ဘာလို့ လက်ဆောင်ပေးချင်ရတာလဲ'

'ဆရာမက သဘောကောင်းလို့။ ကျွန်တော် ဘာလုပ်လုပ် မဆူဘူး။ ကျွန်တော် ပန်းချီဆွဲမှန်းသိလို့ ဒီခဲတံရောင်စုံဘူးကိုလည်း ဝယ်ပေးခဲ့တယ် မဟုတ်လား။ အမေကတော့ ကျွန်တော့်ကို ဒီလိုမလုပ်နဲ့၊ ဒီလို မပြောနဲ့၊ ငြိမ်ငြိမ်နေ၊ မဆော့နဲ့ဆိုပြီး အမြဲဆူနေတာပဲ'

'ဒါဟာ မင်းကို ကောင်းစေချင်လို့ ပြောတာပဲ။ သူ့မှာ ဈေးရောင်းတာ တစ်ဖက်နဲ့ မင်းတို့ မောင်နှမနစ်ယောက်ကိုလည်း ကြည့်ရှုစောင့်ရှောက်နေရတယ် မဟုတ်လား။ ကဲ ... ဒီတော့ မင်းနဲ့ ငါ ဒီချောကလက်ဘူးကို ဆိုင်ပြန်ပို့လိုက်ကြရအောင်။ ဆိုင်ရှင်မိန်းမက ငါ့အသိပါ။ ငါ ပြောရင် ရပါတယ်'

'ဆရာမက ချောကလက်ကို မကြိုက်ဘူးလား'

'ချောကလက်ကို ကြိုက်ပါတယ်။ ဒါပေမဲ့ ရိုးသားတာကို ပိုကြိုက်ဘယ်'

'ဒါဆို ဆရာမကို ကျွန်တော် လက်ဆောင်မပေးရတော့ဘူးပေါ့'

'မင်း ပေးပြီးပြီလေ။ ဒီပန်းချီကားလေးကို လက်ဆောင်ပေးမယ်ဆို၊ ဒီပန်းချီကားထဲက နှင်းဆီပွင့်တွေက ချောကလက်ဘူး အဖုံးပေါ်က နှင်းဆီပွင့်တွေထက်တောင် ပိုလှနေသေးတယ်'

* * *

ကျောင်းဆင်းသောအခါ ဒေါ်ထားရီသည် သမီးအငယ်ဖြစ်သူ သီတာကို လက်ဆွဲကာ ရောက်လာသည်။ နေ့ခင်းက ချောကလက်ဘူးကို ဆိုင်ပြန်သွင်းသဖြင့် ရလာသော ငွေငါးထောင်ကို ဆရာမက ဒေါ်ထားရီအား ပြန်ပေးရင်း ... 'ဇော်ဇော့်ကို မဆူပါနဲ့'ဟု မှာလိုက်သည်။

အပြန်လမ်းတွင် ဈေးနားရောက်သောအခါ ရေခဲမုန့်လှည်း တွေ့သဖြင့် သီတာက 'ရေခဲမုန့်စားမယ်'ဟု အော်လိုက်၏။ သူတို့ မောင်နှမနှစ်ယောက်စလုံးပင် ရေခဲမုန့် ကြိုက်ကြသည်။

ဒေါ်ထားရီက တစ်ယောက် ငါးဆယ်စီ ထုတ်ပေးရင်း 'ကဲ ... တစ်ယောက်တစ်ခုစီ ဝယ်စားကြ'ဟု ပြောလိုက်၏။

သီတာက ဝမ်းသာအားရ ရေခဲမုန့်လှည်းဆီ ပြေးသွားကာ ဝယ်ပါသော်လည်း ဇော်ဇော်က အနီးက နှင်းဆီပန်းရောင်းသော ဈေးသည်ကြီးဆီ လျှောက်သွားကာ ...

'ငွေငါးဆယ်ပေးရင် နှင်းဆီပန်း ဘယ်လောက်ရမလဲ'

'အပွင့်ကြီးကြီးလှလှ တစ်ပွင့် ရမယ်'

သူက ငွေငါးဆယ် ပေးလိုက်တော့ ပန်းသည်က အနီရဲရဲ နှင်းဆီ... လှလှကြီးတစ်ပွင့် ပေးလိုက်သည်။ ဇော်ဇော်က သူ့အမေဆီ ပြန်လျှောက်လာကာ နှင်းဆီပန်းကို ထိုးပေးရင်း ... 'အမေ့အတွက် လက်ဆောင်'ဟု ပြောလိုက်သည်။ သူ့အမေက နှင်းဆီပန်းကိုယူ၍ သားဖြစ်သူ... ပါးကို ငုံ့နမ်းလိုက်ရာ ဇော်ဇော့်ပါးကလေးမှာ နှင်းဆီပန်းလို နီရဲ၍ သွားလေသည်။

ပျော်ပျော်ရွှင်ရွှင် မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၇။

## အပြင် အလည်ထွက်တဲ့နေ့

အဖေက ပေါင်မုန့် (Van) ဗင်ကားတစ်စီး မောင်းကာ အိမ်ကို ရောက်လာသည်။

'ငါနဲ့ ဘယ်သူ လိုက်ကြမလဲဟေ့'

'ရှင်က ဘယ်သွားမလို့လဲ'

အမေက မေးသည်။

'ပင်လယ်ကမ်းခြေကို'

'ကျွန်မ လိုက်မယ်'

'ကောင်းပြီ၊ ငါ့ဘေးမှာ လာထိုင်။ ကဲ ... တို့နဲ့ ဘယ်သူ လိုက်မလဲ'

'ဘယ်သွားမလို့လဲ'

ဖြူဖြူက မေးသည်။

'ပင်လယ်ကမ်းခြေ'

'ကျွန်မ လိုက်မယ်'

'ကောင်းပြီ၊ နောက်ခန်းမှာ ဝင်ထိုင်။ တို့နဲ့ ဘယ်သူလိုက်ဦးမလဲ'

'ဘယ်သွားကြမလို့လဲ'

ကျော်ကျော်က မေးသည်။

'ပင်လယ်ကမ်းခြေ'

'ကျွန်တော် လိုက်မယ်လေ'

'ကောင်းပြီ၊ နောက်ခန်းမှာ ဝင်ထိုင်။ အခုရော တို့နဲ့ ဘယ်သူလိုက်ဦးမလဲ'

'ဘယ်သွားမလို့လဲ'

ကြည်ဟန်မြင့်က မေးသည်။

'ပယ်လယ်ကမ်းခြေ'

'ကျွန်တော် လိုက်မှာပေါ့'

'နောက်ခန်းမှာ ဖြူဖြူတို့၊ ကျော်ကျော်တို့နဲ့အတူ ဝင်ထိုင်။ ကဲ – အခုရော တို့နဲ့ ဘယ်သူ လိုက်ဦးမလဲ'

'ဘယ်သွားကြမလို့လဲ'

သီရိဝေက မေးသည်။

'ပယ်လယ်ကမ်းခြေ'

'ကျွန်မလည်း လိုက်မယ်'

'နောက်ခန်းမှာ ဖြူဖြူ၊ ကျော်ကျော်၊ ကြည်ဟန်မြင့်တို့နဲ့အတူတူ ဝင်ထိုင်ချေ။ နောက် တို့နဲ့ ဘယ်သူ လိုက်ဦးမလဲ'

'ဘယ်သွားကြမလို့လဲ'

အန်တီချိုက မေးသည်။

'ပင်လယ်ကမ်းခြေ'

'ဟာ … ကျွန်မလည်း လိုက်မယ်။ ဓော်ဓော်နဲ့ မော်မော်တို့လည်း ခေါ်မယ်။ နို့စို့ကလေး အပါကိုလည်း ခေါ်ခဲ့မယ်'

'ကောင်းပြီ၊ ဒါဆို ဖြူဖြူ၊ ကျော်ကျော်၊ ကြည်ဟန်မြင့်နဲ့ သီရိဝေတို့နဲ့အတူ ဝင်ထိုင်'

ကားထွက်၍လာသည်။

* * *

'ပင်လယ်ကမ်းခြေရောက်ရင် တို့ ဘာတွေ ဝတ်ကြမလဲ'

အမေက … 'ခပ်ချောင်ချောင်ဖိနပ် စီးမယ်'

ဖြူဖြူက ... 'နေကာဦးထုပ် ဆောင်းမယ်'
ကျော်ကျော်က ... 'သရီးကွာတားဘောင်းဘီ ဝတ်မယ်'
ကြည်ဟန်မြင့်က ... 'နေကာမျက်မှန် တပ်မယ်'
သီရိဝေက ... 'ပုလဲပုတီး ဆွဲမယ်'
အန့်တီချိုက ... 'ရေကူးဝတ်စုံ ဝတ်မယ်'
ဇော်ဇော်က ... 'ကြိုးသိုင်းဖိနပ် စီးမယ်'
မော်မော်က ... 'ဂါဝန်လှလှ ဝတ်မယ်'
အငယ်ဆုံး အပါက ... 'အားဝါးဝါး ...'
'အဖေရော ...'
အားလုံးက ဝိုင်းမေးကြသည်။
'အဲဒီကိုရောက်ရင် ... ကို ငါ့မျက်နှာပေါ် အုပ်ထားမယ်'

* * *

'ကောင်းပြီ။ ပင်လယ်ကမ်းခြေကို တို့ ဘာတွေ ယူလာကြသလဲ'
အမေက ... 'ကြက်ဥအသားညှပ် ပေါင်မုန့်'
ဖြူဖြူက ... 'ယိုအသားညှပ် ပေါင်မုန့်'
ကျော်ကျော်က ... 'လိမ္မော်ရည်'
ကြည်ဟန်မြင့်က ... 'ဖော့တုံးအပြား'
သီရိဝေက ... 'ဝက်သားပေါက်စီ'
အန့်တီချိုက ... 'ပန်းသီး'
ဇော်ဇော်က ... 'ပီကေ'
မော်မော်က ... 'အာလူးကြော်'
အငယ်ဆုံး အပါက ... 'အားဝါးဝါး ...'
'အဖေရော ...'
အားလုံးက ဝိုင်းမေးကြသည်။
'ဘီယာတစ်ဘူး'

* * *

'ကောင်းပြီ။ ပင်လယ်ကမ်းခြေရောက်ရင် တို့ ဘာလုပ်ကြမလဲ'
အမေက ... 'ကျွန်မ ခြေထောက်တွေကိုအနားပေးထားမယ်'

ဖြူဖြူက ... 'သဲ ရဲတိုက် ဆောက်မယ်'
ကျော်ကျော်က ... 'တိုက်ကား သွားစီးမယ်'
ကြည်ဟန်မြင့်က ... 'ဖော့ပြားနဲ့ လှိုင်းစီးမယ်'
သီရိဝေက ... 'ရေခဲမုန့် စားမယ်'
အန်တီချိုက ... 'ရေကူးမယ်'
ဖော်ဖော်က ... 'နေဆာလှုံမယ်'
မော်မော်က ... 'ခရုကောက်မယ်'
အငယ်ဆုံး အပါက ... 'အားဝါးဝါး ...'
'အဖေရော ...'
အားလုံးက ဝိုင်းမေးကြသည်။
'... ကို ငါ့မျက်နှာပေါ် အုပ်ပြီး တစ်ရေးတစ်မော အိပ်မယ်'

ပျော်ပျော်ရွှင်ရွှင် မင်္ဂလာခင်း
ဇန်နဝါရီ၊ ၂၀၀၈။

# ကုန်တိုက်ကြီးမှာ လူပျောက်ခြင်း

သီရိဝေသည် သူ့အမေ ဈေးဝယ်မည့် ကုန်တိုက်ကြီးသို့ သူ့အမေ နှင့်အတူ လိုက်လာသည်။ ကုန်တိုက်ကြီးမှာ ဈေးလာဝယ်သူတို့ဖြင့် ရှုပ် ထွေး စည်ကားနေသည်။ ကလေးကစားစရာများ၊ ဂါဝန်လှလှကလေးများ၊ လှပသော စားသောက်ဆိုင်များ၊ စာအုပ်နှင့် လက်ဆောင်ပစ္စည်းဆိုင်များ၊ မြင်ရသမျှမှာ သီရိဝေအတွက် စိတ်ဝင်စားစရာ၊ ပျော်စရာ ဖြစ်နေလေ သည်။ သူ့အမေက ...

'သမီး ... သတိထား။ လူတွေ ဒီလောက်များတော့ ပျောက်တတ် တယ်'

'သမီးမှာ ပျောက်စရာ ဘာမှမပါဘူး အမေ'

'ပစ္စည်းပျောက်မှာကို ပြောတာမဟုတ်ဘူး။ လူပျောက်မှာကို ပြော တာ။ သမီး ပျောက်သွားရင် ဘယ်လိုလုပ်မလဲ'

'သမီး ငိုမှာပေါ့'

'နောက်တော့ရော ...'

သီရိဝေက ဆက်မပြောတော့။ ဘာလုပ်ရမှန်း မသိ။ သူ့အမေက ... 'မငိုနဲ့၊ အမေ ပြန်ရှာတွေ့တဲ့အထိ အဲဒီနေရာမှာပဲ စောင့်'ဟု မှာသည်။

ကုန်တိုက်ကြီးက လေးထပ် ရှိသည်။ အမေက သီရိဝေအတွက် ဂါဝန် လှလှလေးတစ်ထည် ဝယ်ပေးသည်။ သူ့အဖေအတွက် တရားစာအုပ် ဝယ်သည်။ သူက သွားလေရာ အမေ့ခြင်းကို လက်ကဆွဲ၍ လိုက်နေရ၏။ အမေက စားသောက်ကုန်တန်းတွင် ကော်ဖီမှုန့်နှင့် ဘီစကွတ်များ ဝယ် နေစဉ် တစ်ဖက်က အရုပ်ဆိုင်တွင် ငေးမောနေသည့် သူ့အတန်းထဲက သူငယ်ချင်း ဆုမြတ်နိုးကျော်ကို သွားတွေ့၏။ ဆုမြတ်နိုးကျော်က သူ ဝတ်နေကျ ဂါဝန်အနီကလေးကိုပင် ဝတ်၍ထားသည်။ သီရိဝေက အနား ရောက်သွားကာ နှုတ်ဆက်လိုက်၏။

'ဆုမြတ်နိုးကျော် ... နင်လည်း ဈေးလာတာလား'

ကောင်မလေးက လှည့်ကြည့်တော့ တခြားကောင်မလေး ဖြစ်နေ သည်။ ရှက်ရှက်နှင့် သီရိဝေက ...

'တောင်းပန်ပါတယ်။ ငါ့သူငယ်ချင်းနဲ့ လူမှားသွားလို့ပါ'

'နင့်သူငယ်ချင်းနဲ့ ငါက တော်တော်တူလို့လား'

တကယ်တော့ ထိုကောင်မလေးနှင့် ဆုမြတ်နိုးကျော် လုံးဝမတူ။ ဂါဝန်အနီချင်းသာ တူ၍ နောက်က ကြည့်ရသဖြင့် လူမှားခြင်းသာ ဖြစ် သည်။

'သိပ်တော့ မတူပါဘူး'

သီရိဝေက ထိုမျှသာ ပြောနိုင်သည်။ သူ့အမေကို လှည့်ကြည့်လိုက် သောအခါ လူအုပ်ထဲတွင် သူ့ကိုကျောပေးကာ လျှောက်သွားနေသည့် သူ့အမေကို တွေ့လိုက်ရသဖြင့် ဆက်စကားမပြောနိုင်ဘဲ အမေ့နောက် ပြေးလိုက်သွားရသည်။ အမေက ဆွယ်တာအကျီအနက်ကို ဝတ်ဆင်ထား သဖြင့် လူမမှားနိုင်။ အနားရောက်သောအခါ အမေ့လက်တွင် ချိတ်ထား သည့် ဆွဲခြင်းကို လက်နှင့်ဆွဲကာ လိုက်သွား၏။

'ဟဲ့ ... ကလေးမ၊ ဘာလို့ ငါ့ဆွဲခြင်းကို လိုက်ဆွဲနေရတာလဲ'

ဆွဲခြင်းပိုင်ရှင် မိန်းမက လှည့်ကာ ပြော၏။ သီရိဝေ မော့ကြည့် လိုက်တော့ သူ့အမေ မဟုတ်ဘဲ တခြားမိန်းမတစ်ယောက် ဖြစ်နေလေ သည်။ ထိုမိန်းမက ဆွယ်တာအနက် ဝတ်ထားသဖြင့် လူမှားသွားခြင်း ဖြစ်သည်။ သီရိဝေက ...

'တောင်းပန်ပါတယ်။ ကျွန်မ အမေနဲ့ လူမှားသွားလို့ပါ'

'နင့်အမေနဲ့ ငါက တော်တော်တူလို့လား'

တကယ်တော့ ထိုမိန်းမနှင့် သူ့အမေက လုံးဝမတူ။ ဆွယ်တာအနက်ချင်းသာ တူ၍ နောက်က ကြည့်ရသဖြင့် လူမှားခြင်းသာ ဖြစ်သည်။

'သိပ်တော့ မတူပါဘူး'

သူ ထိုနေရာက ပြန်ပြေးလာခဲ့သည်။ နဂိုနေရာရောက်တော့ သူ့အမေကို ရှာသည်။ မတွေ့။ အခုတော့ သူက မပျောက်ဘဲ သူ့အမေက ပျောက်နေသည်။ သီရိဝေက ဟင်းလျာရောင်းသော အတန်းကို သွားကြည့်၏။ သူ့အမေက ညစာချက်ဖို့ ပုစွန်ဝယ်မည်ဟု ပြောထား၏။ မတွေ့။ ဆေးရောင်းသော ကောင်တာကို သွားကြည့်၏။ သူ့အဘွားက ရှောက်များရည် တစ်ပုလင်း ဝယ်ခဲ့ဖို့ မှာထားသည်။ မတွေ့။ အမေ ဘယ်တွေ ပျောက်သွားနေလဲ။ သီရိဝေက စက်လှေကားဖြင့် အပေါ်ထပ်ကို တက်ကြည့်၏။ မတွေ့။ စက်လှေကားဖြင့် အောက်ထပ်သို့ ဆင်းကြည့်၏။ မတွေ့။ ဂါဝန်နီနှင့် ကောင်မလေးကိုသာ တွေ့ရ၏။ ကောင်မလေးက ...

'နင် ... ဘာဖြစ်နေတာလဲ။ ငိုမလို့လား'

'ငါ မငိုပါဘူး'

'နင့်မျက်နှာ ငိုတော့မလို ဖြစ်နေတယ်'

'ငါ မငိုပါဘူး'

သူတို့အနားသို့ ဆွယ်တာအနက်နှင့် သူ့အမေနှင့် မှားခဲ့သော မိန်းမကြီး ရောက်လာကာ ဂါဝန်အနီနှင့် ကောင်မလေးအား ... 'လာ ... သမီး၊ သွားကြမယ်'ဟု ပြောကာ ခေါ်၍ ထွက်သွားကြသည်။

သူများ သားအမိတွေ ပြန်သွားကြသည်။ သူတို့ သားအမိသာ မပြန်ရသေး။ သီရိ ဝေက သူ့အမေနှင့် ကွဲသွားသောနေရာကို ပြန်လာခဲ့သည်။ သူ့အမေသည် ထိုနေရာတွင် ရပ်နေတာ တွေ့ရသည်။ သီရိဝေက ဝမ်းသာအားရ ပြေးသွားကာ ...

'အမေ လိမ္မာတယ်'

ဘာဖြစ်လို့လဲ'

'ငိုလည်း မငိုဘူး။ သမီး ပြန်ရှာတွေ့တဲ့အထိ ဒီနေရာက ရပ်စော

နေလို့။ အမေ ပျောက်လို့ သမီး ရှာလိုက်ရတာ'

'ငါ ပျောက်လို့ ... ဟုတ်လား'

'ဟုတ်တယ်လေ၊သမီးမှ မပျောက်တာ'

ပျော်ပျော်ရွှင်ရွှင် ဇွဲခင်း

ဖေဖော်ဝါရီ၊ ၂၀၀၈၊

# မော်မော့် ပုံပြင်

**တစ်နေ့တွင်** မော်မော်နှင့် ဇော်ဇော်သည် ကျောင်းလွှတ်၍ အိမ်ပြန်လာကြသည်။ သူတို့သည် မောင်နှမဖြစ်ကာ မော်မော်က ၇ နှစ်၊ ဇော်ဇော်က ၆ နှစ် ရှိသည်။ မော်မော်က အတူတူ လမ်းလျှောက်ရင်း ဇော်ဇော့်အား ... 'ငါ နင့်ကို ပုံတစ်ပုဒ် ပြောပြရမလား'ဟု မေးရာ ဇော်ဇော်က ဝမ်းသာအားရ ...

'ပြောလေ၊ ကောင်းတာပေါ့'

'ဟိုးရှေးရှေးတုန်းကတဲ့။ ကောင်မလေးတစ်ယောက်ဟာ တဲလေးတစ်တဲမှာ နေတယ်'

'တဲဆိုတာ ဘယ်လိုဟာမျိုးလဲ'

ဇော်ဇော်က မေးသည်။ မော်မော်က ...

'နင်က တဲကို မသိဘူးလား။ ပုံပြင်ထဲမှာ ပါနေကျအရာပေါ့ဟာ။ အဲဒါ လူတွေနေတဲ့နေရာ'

'သိပြီ၊ ကွန်ဒိုတိုက်ပေါ့။ ဘယ်နှထပ် ရှိလဲ။ ဓာတ်လှေကားရော ရှိသလား'

'စိတ်ညစ်လိုက်တာ။ တဲဆိုတာ အိမ်သေးသေးလေးကို ခေါ်တာ

'ဒေါ်ဘုမတို့နေတဲ့ အိမ်မျိုးလား'

သူတို့ရပ်ကွက်က အကြော်သည် ဒေါ်ဘုမတို့က အကြော်ဖိုကိုပင် အိမ်လုပ်ကာ နေ၏။

'အေး ... ဟုတ်တယ်။ အဲဒါမျိုးဟေ့'

'ဒါဆို ရေချိုးခန်း မရှိဘူးပေါ့။ သူက ရေချိုးတော့ ဘယ်မှာ သွား ချိုးသလဲ'

'ဇော်ဇော် ... နင် တော်တော်လျှာရှည်ပါလား။ ဒီပုံပြင် ဆက်နား ထောင်မလား၊ မထောင်ဘူးလား။ ဒါပဲပြော ...'

'ထောင်မှာပေါ့ဟာ။ ကဲ ... ဆက်ပြော'

မော်မော်က ဆက်ပြောလေသည်။

'အဲဒီ သူနေတဲ့ တဲကလေးဟာ တောထဲမှာ ရှိတယ်တဲ့'

'တော ... ဟုတ်လား၊ တောဆိုတာ ဘာလဲ'

ဇော်ဇော်က မေးပြန်သည်။

'အင် ... တောဆိုတာ ပုံပြင်တွေထဲမှာ ပါနေကျအရာပဲလေ'

'အေး ... ဟုတ်ပါပြီ။ တောဆိုတာ ဘယ်လိုအရာမျိုးလဲ'

'သိပြီ၊ အကုန်လုံး စိမ်းနေတဲ့နေရာ'

'ဒါဆို ဈေးထဲက ဒေါ်ရွှေရဲ့ ကုန်စိမ်းဗန်းလို ဟာမျိုးပေါ့။ ကန် စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ပဲသီး၊ ဘူးသီး၊ နံနံပင်၊ အကုန် စိမ်းနေတာပဲ။ ဒါပေမဲ့ ဒီကုန်စိမ်းဗန်းလေးထဲမှာ သူ ဘယ်လိုလုပ် နေမှာလဲ'

'နင် တော်တော်တုံးသေးတာပဲ။ တောဆိုတာ သစ်ပင်တွေ ပေါက် နေတဲ့ နေရာ'

'တို့အိမ်ရှေ့က ပန်းခြံလို ဟာလား'

'တော်တော့။ နင် ဒီပုံပြင်ကို ဆက်နားထောင်မလား၊ မထောင်ဘူးလား၊ ဒါပဲပြော ...'

'နားထောင်မှာပေါ့။ ဆက်ပြော'

သူတို့သည် လမ်းလျှောက်ရင် စကားပြောလာကြရာမှ တစ်ခါ ဘလေ ရပ်ကာ ငြင်းခုံကြသည်။ ပြီးတော့မှ ဆက်လျှောက်ကြသည်။ သူတို့သည် စတိုးဆိုင်ကြီးကို ကျော်လာကြသည်။ မြူတီပါလာ ဆံပင်

အလုပြင်ဆိုင်ကို ကျော်လာကြသည်။ မီးသတ်ဌာနကို ကျော်လာကြသည်။ ဘုန်းကြီးကျောင်းကို ကျော်လာကြသည်။ လမ်းဖြတ်ကူးရန် နေရာကို ရောက်လာရာ မီးပွိုင့်က နီရဲနေသဖြင့် ရပ်နေကြရသည်။

'အဲဒီတဲကလေးမှာ ခြံစည်းရိုးကလေးလည်း ရှိတယ်'

မော်မော်က ပြောတော့ ဇော်ဇော်က ...

'ခြံစည်းရိုး ... ဟုတ်လား၊ အဲဒါ ဘယ်လိုဟာမျိုးလဲ'

ဒီတစ်ခါတော့ မော်မော်က ပြုံးသည်။ သူတို့သည် တစ်ထပ်တိုက်ကလေးတစ်လုံး ရှေ့သို့ ရောက်နေကာ ထိုတိုက်ကလေးကို သံတိုင်များနှင့် ခြံစည်းရိုးခတ်ထား၏။ မော်မော်က လက်ညှိုးထိုးပြကာ ... 'ခြံစည်းရိုးဆိုတာ ဒီလိုဟာမျိုးကိုခေါ်တာပေါ့'ဟု ပြောသည်။

ဇော်ဇော်က ဘာမျှ မေးမနေတော့။ မော်မော်က ဆက်၍ ...

'တစ်နေ့တော့ ကောင်မလေးက ခြံစည်းရိုးကနေ အပြင်ကို မျှော်ကြည့်တယ်'

'မဖြစ်နိုင်တာပဲ။ ခြံစည်းရိုးကနေ ဘယ်လို မျှော်ကြည့်မှာလဲ။ ခြံစည်းရိုးက ကျဉ်းကျဉ်းလေးပဲ'

'ရပါတယ်။ ဟောဒီလို ကြည့်တာပေါ့'

မော်မော်က သူမ ခေါင်းကို ခြံစည်းရိုးသံတိုင် နှစ်ခုအကြား ထိုးဝင်သွင်းကာ ပုံစံလုပ်ပြ၏။

'ကဲ ... မြင်တယ် မဟုတ်လား။ ရပါတယ်'

ထိုစဉ် လမ်းဖြတ်ကူးရန် ပြသော မီးပွိုင့်က စိမ်းသွား၏။ ဇော်ဇော်က ... 'မော်မော်ရေ ... သွားရအောင်။ မီးပွိုင့်က စိမ်းနေပြီ'ဟု ပြောသော်လည်း မော်မော်က မလှုပ်။ ဇော်ဇော်က ...

'နင် ဒီလောက် လုပ်ပြရင် သဘောပေါက်ပါပြီ။ သွားကြရအောင်'

'သွားလို့ မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'ငါ့ခေါင်း ပြန်ထုတ်လို့ မရတော့ဘူး'

သံတိုင်ကျဉ်းကျဉ်း နှစ်ခုအကြားတွင် မော်မော့်ခေါင်းက ညပ်နေသည်။ သွင်းတုန်းက ဝင်၍သွားသော်လည်း ပြန်ထုတ်သောအခါ နားရွက်

နှစ်ဖက်က တစ်နေသဖြင့် ပြန်ထုတ်၍ မရ။ နှစ်ယောက်စလုံး ဘာလုပ်ရမှန်း မသိ ဖြစ်နေ၏။ ထိုသို့ အခက်တွေ့နေစဉ် ခြံစောင့်လူကြီး အနား ရောက်လာကာ ...

'ဟဲ့ ... ကလေးတွေ၊ ဘာလုပ်နေကြတာလဲ။ တစားနေကြတာလား'

'မဟုတ်ဘူး အဘ။ သူ့ခေါင်း ပြန်ထုတ်မရဘဲ ညပ်နေလို့'

'ဖြစ်မှ ဖြစ်ရလေ။ ကြံကြံဖန်ဖန် ဆော့တာကိုး'

ခြံစောင့်ကြီးက မော်မော့်ခေါင်းကို ခက်ခက်ခဲခဲပင် ပြန်ထုတ်ရအောင် လုပ်ပေးလိုက်၏။ နားရွက်တွေကို ချိုးလိမ်ကာ တွန်းထုတ်ရသည်။ မော်မော်သည် မျက်ရည်ဝဲအောင် နာသော်လည်း ခေါင်းပြန်ထုတ်၍ရအောင် သည်းခံနေရ၏။ ထိုခြံရှေ့မှ ထွက်လာသောအခါ ဇော်ဇော်က မေးသည်။

'နင့် ပုံကို ဆက်ပြောဦးလေ။ ကောင်မလေး နောက်တော့ ဘာဖြစ်သွားလဲ'

မော်မော်က စကားမပြော။ နှုတ်ခမ်းသာ စူထား၏။ သူ့နားရွက်ကလေး နှစ်ဖက်မှာ နှင်းဆီပန်းလေး နှစ်ပွင့်လို နီရဲ၍နေလေသည်။

မျော်မျော်ရှင်ရှင် မဂ္ဂဇင်း

မေ၊ ၂၀၀၈။

# သက်တံအကျီ

## (၁)

တစ်နေ့ အမေ ဈေးကပြန်လာသောအခါ ဈေးဆွဲခြင်းအပြင် အိတ်ကြီးတစ်အိတ် ပါလာ၏။

မီးဖိုချောင် စားပွဲပေါ်သို့ အိတ်ကြီးကို တင်လိုက်ရင်း ... 'ငါ့ အိမ်သားတွေအတွက် လက်ဆောင်တွေ ဝယ်လာတယ်ဟေ့'ဟု ပြောလိုက်၏။ အဖေက ...

'မင်းမွေးနေ့လည်း မဟုတ်ဘဲနဲ့'

'စတိုးဆိုင်ကြီးတစ်ဆိုင်က နှစ်သစ်ကူး လျှော့ဈေးနဲ့ချရောင်းတာတွေ့လို့ ...'

'ဘဝဇာတ်ခုံ အဖုံဖုံပဲကွာ'

ဤစကားမှာ အဖေ့လက်သုံးစကား ဖြစ်၏။ ကျော်ကျော်က ကာတွန်း ဖတ်နေရာမှ စာအုပ်ချကာ ပြေးလာသည်။

'ကျွန်တော့်ဖို့ ဘာပါလဲ အမေ'

'ကျော်ကျော် အိတ်ကိုမထိနဲ့။ နီနီရေ ... ငါ့အတွက် ကော်ဖီတစ်ခွက် ဖျော်စမ်း'

အမေက ကော်ဖီကြိုက်သည်။ မကြာခဏ သောက်တတ်၏။ နီနီက ရေချိုးခန်းထဲက အော်၏။

'သမီး ခေါင်းလျှော်နေတယ် အမေ'

'နင်က ဗုဒ္ဓဟူးနေ့မှ ခေါင်းလျှော်နေကျ မဟုတ်လား'

'ဘဝဇာတ်ခုံ အဖုံဖုံပေါ့ကွာ။ ရော့ ... မင်းအတွက် ကော်ဖီ'

အဖေက ကော်ဖီတစ်ခွက် ဖျော်ပေးရင်း ပြောလိုက်သည်။ အိပ်ခန်းထဲက ထွက်လာရင်း ဖြူဖြူက ပြောသည်။

'ဖြူဖြူ့ဖို့ ဘာပါလဲ'

'သမီးကြီးဖို့ စကတ်ပါတယ်'

ဂျင်းသားအပြာရောင် စကတ်ဖြစ်သဖြင့် ဖြူဖြူ ပျော်သွားသည်။

'နီနီ့အတွက် ဂါဝန်'

ဂါဝန်က ပန်းရောင် ဖြစ်သည်။ ပန်းရောင်မှာ နီနီ အနှစ်သက်ဆုံး အရောင် ဖြစ်သည်။ အမေက အိတ်ထဲက ပစ္စည်းတွေကို တစ်ခုချင်း ထုတ်ပေးသည်။

'အဖေကြီးအတွက်က မျက်နှာသုတ်ပဝါ'

'မျက်နှာသုတ်ပဝါက ကြီးတော့ တစ်ကိုယ်လုံး သုတ်လို့ရတယ်'

ကျော်ကျော်က မအောင့်အည်းနိုင်ဘဲ မေးလိုက်သည်။

'သားအတွက် ဘာပါသလဲ'

'မင်းအတွက် ရှပ်အင်္ကျီ'

'အဖြူရောင်လားဟင် ...'

'အဖြူရောင်က ဘာလုပ်မှာလဲ။ အညစ်အပေလည်း မခံဘူး။ နင်က အင်မတန် ဆော့တယ်။ ငါ လျှော်ရတာလည်း မသက်သာပါဘူး'

'ဘာအရောင်လဲ အမေ'

'သက်တံမှာ အရောင်စုံပါတယ် မဟုတ်လား။ မင်းအင်္ကျီက သက်တံရောင်ပဲ'

သူ့အင်္ကျီကို မြင်သောအခါ ကျော်ကျော် စိတ်ပျက်သွားသည်။ သူ့အင်္ကျီပေါ်မှာ အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ ခရမ်း၊ စကားဝါ အရောင်စုံ ပါသည်။ ပန်းချီဆရာတစ်ယောက် စုတ်တံသုတ်သော အဝတ်စ ကဲ့သို့ အရောင်စုံ စွန်းကွက်၍နေ၏။

'ဖြူဖြူရေ ... ငါ့ကို နောက်ထပ် ကော်ဖီတစ်ခွက် လုပ်ပါဦး။ မင်း

အကျီကို သဘောကျရဲ့လား'

အမေက မေး၏။ သူက မဖြေခင် အဖေက ...

'ကျမှာပေါ့။ ဝတ်လိုက်ရင် တော်တော်စမတ်ကျမှာ။ ငါတောင် ဒါမျိုးတစ်ထည် လိုချင်သေးတယ်'

'မနက်ဖြန်ကျ အကျီအသစ်တွေ ဝတ်ကြ'

အမေက အမိန့်ပေးလိုက်၏။

## (၂)

နောက်တစ်နေ့ ထိုအကျီကိုဝတ်၍ လမ်းထွက်သည့်အခါ တွေ့သည့် သူငယ်ချင်းတွေက လှောင်ကြ ပြောင်ကြသည်။ ဇော်ကြီးက ...

'ကျော်ကျော် ... မင်းအကျီက ကုလားသကြန် ကျထားတာလား'

ကုလားသကြန်တွင် ရောင်စုံများဖြင့် ရေပက်ကစားကြသည်။ မှုမှုဝင်းက ...

'နှင့်အကျီ ကြည့်ရတာ ပန်းခြံကို ကြည့်ရတာနဲ့ တူနေပြီ'

အေးအောင်ကမူ ...

'မင်း ဒီအကျီဝတ်ထားတော့ လိပ်ပြာနဲ့ တူနေတာကွ။ ပျံကြည့်စမ်း၊ ပျံနိုင်လားလို့'

သူ ရှက်ကာ ပြန်လာခဲ့သည်။

ညရောက်သောအခါ အိပ်ခန်း ပြတင်းပေါက်တံခါးကို ဖွင့်ကာ နောက်ဖေးလမ်းကြားထဲသို့ ပစ်ချလိုက်၏။ နောက်နေ့မနက် သူ အိပ်ရာက နိုးသောအခါ သူ့အမေက ထိုအကျီကို လျှော်ကာ လှန်းထားတာ တွေ့ရ၏။

'မင်းအကျီကို မနေ့က ပြတင်းပေါက်မှာ လှန်းထားတယ် ထင်တယ်။ လေတိုက်ပြီး နောက်ဖေးလမ်းကြားထဲ လွင့်ကျနေလို့ လျှော်ထားရတယ်။ နောက်ဆို ပြတင်းပေါက်မှာ မလှန်းနဲ့'ဟု အမေက ပြော၏။

အဖေကတော့ သတင်းစာဖတ်ရင်းက လှမ်းကြည့်ကာ ... 'ဘဝဇာတ်ခုံ အဖုံဖုံပေါ့ကွာ'ဟု ဆိုလေသည်။

(၃)

နောက်တစ်နေ့ သူ ထွက်သောအခါ ထိုသက်တံအင်္ကျီပေါ်က ခေါင်းစွပ် ဆွယ်တာလက်ရှည်ကို ဝတ်၍ ထွက်သည်။ သူ့အမေက ...

'ဟဲ့ ... ပူရအိုက်ရတဲ့အထိ ဘာလို့ ဆွယ်တာဝတ်ထားရတာလဲ'

'ကျွန်တော် ချမ်းနေလို့ပါ အမေ'

'အင်း ... ဘဝဇာတ်ခုံ အဖုံဖုံပဲဟော့'

ထိုနေ့က သူငယ်ချင်းတွေနှင့် ကစားကာ မှောင်၍ ပြန်ခါနီးသောအခါ သက်တံအင်္ကျီကို ချွတ်၍ သစ်ပင်တစ်ပင်အောက်တွင် ထားခဲ့လေသည်။ သူ ဆွယ်တာဝတ်ကာ ပြန်လာသဖြင့် သူ့အိမ်က အင်္ကျီထားခဲ့တာ မသိကြ။ ထိုညက ကျော်ကျော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

သို့သော် နောက်တစ်နေ့ မိုးလင်းသော် ...

သူ လက်ဖက်ရည်သောက်နေခိုက် သူ့သူငယ်ချင်း လင်းအောင် ရောက်လာကာ ...

'ကျော်ကျော် ရှိလား'

'ဘာကိစ္စလဲ'

ဖြူဖြူက မေးလိုက်တော့ ...

'မနေ့က သူ့အင်္ကျီ ကစားကွင်းထဲမှာ မေ့ကျန်ခဲ့တယ်နဲ့ တူတယ်။ ကျွန်တော် ကောက်ရလို့ လာပေးတာ'

သူ့လက်ထဲတွင် သက်တံအင်္ကျီကို ကိုင်ထားသည်။ နောက်ဆုံးတော့ ထိုအင်္ကျီက သူ့ဆီသာ ပြန်ရောက်နေသည်။ သူ့အဖေက အင်္ကျီကို ဖြန့်ကြည့်ကာ ... 'ဟာ ... ရင်ဘတ်မှာ အပေါက်ကြီးနဲ့ပါလား။ ကြွက် ကိုက်ထားတာလား၊ ငြိပြီး ပြဲတာလား'ဟု ဆို၏။ ကျော်ကျော်က စိတ်ပျက်စွာ ...

'အမေက ပြန်ဖာပေးမှာပေါ့လေ'

'ဖာထေးထားတဲ့ အင်္ကျီက ပြန်ဝတ်လို့ မကောင်းတော့ဘူးကွ'

'ဒါဆို ဘယ်လိုလုပ်မလဲ'

သူ့အဖေက ကျောကုန်းက အစကို ဆွဲဖြုပစ်လိုက်ကာ ...

'ဒါဆို လက်နီးစုတ် ဖြစ်သွားပြီ။ ဘဝဇာတ်ခုံ အဖုံဖုံပေါ့ကွာ'

'အမေက ဈေးက ပြန်လာရင် ဘာပြောမလဲ'

'ဆူလည်း ခဏပေါ့။ မင်းက သူ့အတွက် ကော်ဖီ ဖျော်ပေးလိုက်။ ပြီးတော့ ဒီအင်္ကျီအတွက် စိတ်မကောင်းဖြစ်တဲ့ဟန် ဆောင်နေလိုက်'

'ကောင်းပါပြီ အဖေ'

(၄)

နောက်တစ်နေ့ သူ့အမေ ဈေးက ပြန်လာသောအခါ ...

'ကျော်ကျော်ရေ ... မင်းအတွက် အင်္ကျီတစ်ထည် အစားဝယ်လာတယ်'

'ဘာအရောင်လဲ အမေ'

'သက်တံ့ရောင်ပဲပေါ့။ မနေ့က အဲဒီအင်္ကျီ ပျက်စီးသွားလို့ မင်း စိတ်တော်တော်ထိခိုက်နေတာ မြင်လို့၊ တစ်ဆင်တည်းတူတာကို မရ ရအောင် တစ်ဈေးလုံးအနှံ့ ရှာပြီး ဝယ်လာရတာ'

ကျော်ကျော်က သက်တံ့ရောင် အင်္ကျီသစ်ကို ထုတ်ကြည့်ကာ စိတ်ပျက်လက်ပျက် ဖြစ်နေ၏။

သူ့အဖေကတော့ လက်သုံးစကားကိုပင် ရေရွတ်နေ၏။

'ဘဝဇာတ်ခုံ အဖုံဖုံပေါ့ကွာ'

ပျော်ပျော်ရွှင်ရွှင် မဂ္ဂဇင်း
ဇူလိုင်၊ ၂၀၀၈။

## သော့တစ်ချောင်းနှင့် ငါးသလောက်ပေါင်း

ဖိုးချို ကျောင်းသွားခါနီးတော့ သူ့အမေက ပြောတယ်။

'သားလေး ... ကျောင်းလွှတ်တာနဲ့ အိမ်ကိုပြန်ခဲ့။ သူငယ်ချင်းတွေနဲ့ စိန်ပြေးတမ်း ကစားမနေနဲ့။ အမေ အပြင်သွားစရာရှိတယ်။ မီးဖိုပေါ်မှာ ငါးသလောက် ပေါင်းထားတယ်။ မင်း ကျောင်းက ပြန်လာချိန်ဆို နူးလောက်ပြီ။ ကျောင်းက ပြန်ရောက်တာနဲ့ လျှပ်စစ်မီးဖိုကို ပိတ်လိုက်တော့။ ဟင်းတွေ တူးသွားမှာ ငါ မလိုချင်ဘူး'

'စိတ်ချပါ မေမေ။ ကျွန်တော်လည်း ငါးသလောက်ပေါင်းဆို သိပ်ကြိုက်တာ မေမေ အသိသားပဲ။ အခုတောင် သွားရည်ယိုလာပြီ'

'အေး ... မင်းယူသွားတဲ့ သော့ကိုလည်း မပျောက်အောင် ဂရုစိုက်'

'ဟုတ်ကဲ့ပါ'

ဖိုးချိုက သော့ကို ကြိုးတစ်ချောင်းနဲ့သီကာ လည်ပင်းမှာ ဆွဲကြိုးလို ဆွဲထားလိုက်တယ်။ ညနေ ကျောင်းဆင်းတော့ ... 'ဖိုးချို၊ တို့ စိန်ပြေးတမ်း ကစားရအောင်'လို့ သူ့သူငယ်ချင်း ဇော်ဇော်က ခေါ်တယ်။

'မဖြစ်ဘူး။ ငါ အိမ်ပြန်မှ။ အိမ်မှာ ပေါင်းထားတဲ့ ငါးသလောက်

ပေါင်းအိုး တူးသွားလိမ့်မယ်'

ဖိုးချိုက ငြင်းတယ်။ ဇော်ဇော်က ...

'မင်းလည်ပင်းက ဘာကြီးလဲ။ သော့ကို ကြိုးနဲ့ဆွဲလို့။ မင်းမှာ ဝက်ရူးပြန်ရောဂါ ရှိလို့လား၊ ဒါမှမဟုတ် ထွင်တာလား။ ငါ့ကို ခဏ ပြစမ်း'

ပြောပြောဆိုဆို လည်ပင်းက သော့ကို ကိုင်ပြီး ဆွဲဖြုတ်လိုက်တော့ ကြိုးပြတ်ပြီး ပါသွားတယ်။ သော့က သူ့လက်ထဲရောက်တာနဲ့ ဇော်ဇော်က ထွက်ပြေးတော့တာပဲ။ ဒီကောင်က အင်မတန် အစအနောက် သန်တယ်။ သူ့နောက်က ဖိုးချိုက ပြေးလိုက်တယ်။

'ငါ့သော့ ပြန်ပေး၊ ငါ့သော့ ပြန်ပေး'လို့လည်း အော်တယ်။

ဇော်ဇော်က ရယ်ပြီး ...

'မင်း ... စိန်ပြေးတမ်း မကစားချင်ဘူးဆို။ အခုတော့ ကစားနေရပြီ'

လမ်းပေါ် တစ်နေရာရောက်တော့ ဇော်ဇော့်ကို ဖိုးချိုက မိသွားတယ်။ သော့ကို လုကြရင်း သော့က ဇော်ဇော့်လက်က လွတ်ထွက်ပြီး မြောင်းပေါက်တစ်ခုထဲ ကျသွားတယ်။

'ဟာ ... ဒုက္ခပါပဲ။ သော့ ကျသွားပြီ'

သူတို့က မြောင်းဖုံးထားတဲ့ သံတိုင်ကြားထဲကနေ အောက်ကို ငုံ့ကြည့်တော့ သော့ကလေးတွေကို တွေ့နေရတယ်။ မြောင်းဖုံးက လှန်မရဘူး ဖြစ်နေတော့ ... 'ဖိုးချို ... လက်နဲ့နှိုက်ကွာ'လို့ ဇော်ဇော်က ပြောတယ်။

သံတိုင်းကြားက ကျဉ်းနေတော့ ခပ်ဝဝဖြစ်နေတဲ့ ဖိုးချိုလက်က သွင်းမရ ဖြစ်နေတယ်။ နည်းနည်းပိန်တဲ့ ဇော်ဇော့်လက်ကတော့ ဝင်တယ်။ ဒါပေမဲ့ အောက်ခြေ သော့ရှိတဲ့နေရာအထိ မရောက်ဘူး။ လက်တံက တိုနေပြန်တယ်။

'ဆောရီးပဲကွာ။ ကြံစမ်းပါဦး'

ဒီတစ်ခါတော့ ဇော်ဇော်က တောင်းပန်တယ်။ ဖိုးချိုက ...

'ငါ အကြံရပြီ'

သူတို့အနားမှာ ရှာတော့ သော့ကို မီလောက်တဲ့ တုတ်ချောင်းအရှည် တစ်ချောင်း ရတယ်။ တုတ်ချောင်း (သစ်ကိုင်းချောင်း) ထိပ်မှာ အစ် ကိုင်း ကွေးကွေးလေးလည်း ပါတယ်။ မြောင်းဖုံးကြားထဲက တုတ်ကို ချပြီး သော့ကို ကောက်ဖို့ကြိုတယ်။ မရဘူး။ တုတ်နဲ့ ထိုးကော်ပေမဲ့ သော့က ပါမလာဘူး။ ဇော်ဇော်က နေဦးလို့ပြောပြီး အိမ်ပြန်ပြေးတယ်။ သူတို့အိမ်က အဲဒီနေရာနဲ့ နီးတယ်လေ။ သူ ပြန်လာတော့ သံလိုက်တုံး တစ်တုံးနဲ့ ကြိုးတစ် ချောင်း ပါလာတယ်။

'ဘယ့်နှယ်လဲ ... အကြံပိုင်တယ် မဟုတ်လား'

ကြိုးတစ်ဖက်မှာ သံလိုက်တုံးကို ချည်ပြီး အောက်ကို ချကြည့်တယ်။ သံလိုက်တုံးနဲ့ သော့နဲ့ ထိသွားတယ်။ ဒါပေမဲ့ သော့က သံလိုက်တုံးမှာ ကပ်ပါမလာဘူး။

'မင်း သံလိုက်တုံးက အလကားပဲ။ အသုံးမကျတဲ့ဟာကြီး'

ဖိုးချို့က ပြောတော့ ဇော်ဇော်က ...

'မင်းကိုလည်း ကူညီရသေးတယ်။ ဒီလိုမပြောနဲ့'

'ပြောတော့ ဘာဖြစ်လဲ။ မင်းကြောင့် သော့ကျသွားတာ'

'အဲဒါ မင်း ငါ့လက်က လုလို့'

သူတို့ စကားများနေကြတုန်း ...

'သူငယ်ချင်းတို့ ... ဘာတွေ ဖြစ်နေကြတာလဲ'

သူတို့ဘေးကို ကောင်းမြတ် ရောက်လာတယ်။ ကောင်းမြတ်က ဒီနှစ်မှ သူတို့ကျောင်းကို ပြောင်းလာတဲ့ အတန်းသားသစ်။ ဒီကောင်က စာတော်တယ်။ တီဗီဂိမ်းဆော့တာလည်း တော်တယ်။ ဒါပေမဲ့ အိုက် ဘင်ခံတယ် ထင်လို့ သူတို့က သိပ်ရောရောနှောနှော မနေဘူး။ အခုလည်း ဝင်ပြီး ဆရာလုပ်ပြီ။

'တစ်တန်းတည်းနေတဲ့သူချင်း ရန်ဖြစ်တာ မကောင်းဘူးကွာ'

အကြောင်းစုံ ပြောပြတော့ ... 'မင်း သံလိုက်တုံးက မစွမ်းတာ မဟုတ်ဘူး။ သံလိုက်ဆိုတာ သတ္တုတိုင်းကို မဆွဲနိုင်ဘူး။ သံတစ်မျိုးတည်း ဆွဲငင်နိုင်တာ။ ဒီကောင့် သော့က ကြေးသော့ ဖြစ်လိမ့်မယ်။ ဒါကြောင့် သံလိုက်မှာ မကပ်တာပေါ့'လို့ ရှင်းပြတယ်။

ဒီကောင် ပြောပြမှ ဖိုးချိုတို့လည်း ဒီကိစ္စကို သဘောပေါက်တော့တယ်။ ကောင်းမြတ်က ဘေးဘီကို လှည့်ပတ်ကြည့်ရင်း ... 'ဘာမှ မပူနဲ့။ မင်းသော့ကို ငါ ရအောင် ပြန်ယူပေးမယ်'လို့ ရဲရဲဝံ့ဝံ့ ပြောတယ်။

ပြီးတော့ မနီးမဝေးမှာ ထိုင်ရောင်းနေတဲ့ ကောက်ညှင်းထုပ်ဆိုင် သွားပြီး ကောက်ညှင်းထုပ်တစ်ထုပ် ဝယ်လာတယ်။ ဒီကောင် ဘာလုပ်နေတာလဲ။ ရုတ်တရက် ဖိုးချိုနဲ့ ဇော်ဇော်က သဘောမပေါက်ဘူး။ ကောင်းမြတ်က သံလိုက်တုံးအစား ကောက်ညှင်းထုပ်ကို ကြိုးတစ်ဖက်မှာ ချည်ပြီး အောက်ကို ချတယ်။ သော့နဲ့ ကောက်ညှင်းထုပ်နဲ့ ထိတော့ သော့က ကောက်ညှင်းထုပ်မှာ ကပ်ပါလာတယ်။ ဖိုးချို ပျော်သွားတယ်။

**'ကျေးဇူးပဲကွာ'**

**'မင်း တကယ်ဉာဏ်ကောင်းတယ်'**

**'လိုလျှင် ကြံဆ နည်းလမ်းရပေါ့ကွာ'**

**ဖိုးချို အချိန်မီ အိမ်ပြန်ရောက်သွားတယ်။ မီးဖိုကို အချိန်မီ ပိတ်လိုက်နိုင်တယ်။** သူ့အမေ ပြန်ရောက်တော့ သူ့ကို ချီးမွမ်းစကား ပြောတာပေါ့။ တကယ် ချီးမွမ်းသင့်တာက ကောင်းမြတ်ပါ။ မနက်ဖြန် ကျောင်းရောက်ရင် ဒီကောင်နဲ့ သူငယ်ချင်း ကောင်းကောင်းလုပ်မယ်လို့ ဖိုးချို ဆုံးဖြတ်လိုက်ပါတယ်။

**ရာဟုလာ ကလေးဂျာနယ်**

**အောက်တိုဘာ၊ ၂၀၁၁၊**

# ညီမလေး မော်မော်

ဇော်ဇော်သည် မုန့်ဆိုင်မှအထွက် နောက်မှ 'ညောင်'ဟူသော အော် သံကို ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ အဖြူရောင် ကြောင် သေးသေးလေး တစ်ကောင်ကို တွေ့ရလေသည်။ သူ ရပ်ကြည့်နေသော အခါ ကြောင်ကလေးက သူ့အနား ချဉ်းကပ်လာကာ ခြေထောက်ကို ခေါင်း နှင့် တိုးဝှေ့ရင်း 'ညောင် ... ညောင် ...'ဟု အော်ပြန်သည်။ ဇော်ဇော်က ထိုင်လိုက်ကာ ကြောင်ကလေးကို ကောက်ချီကြည့်သည်။ ကြောင်ကလေး က သူ ထင်ထားတာထက် ပေါ့ပါးနေ၏။ ကြောင်ကလေး၏ အမွေးအမှင် တွေက နူးညံ့လှသည်။ ဇော်ဇော်က သူ့လက်ထဲမှ အာလူးကြော်ထုပ်ကို ဖောက်ကာ ကျွေးတော့ အားရပါးရ စားသည်။

'မင်း နေခဲ့တော့။ ငါ ပြန်တော့မယ်'

သူ့အစ်ကို ကျော်ကျော်က သူ့ကို မုန့်မှာလိုက်တာ ပြန်ပို့ဖို့ ဇော် ဇော် သတိရသွားသည်။ အိမ်ဘက်ကို ပြန်လျှောက်လာတော့ သူ့နောက် မှနေ ကြောင်ကလေးက ကောက်ကောက်ပါအောင် လိုက်လာသည်။ ကြောင်ကလေး ဗိုက်ဆာနေသည်ဟု ထင်သဖြင့် သူက အာလူးကြော်တွေ ကျွေး၏။ စားပြီးလျှင် သူ့နောက်က လိုက်လာပြန်သည်။

'မင်း လူစကား နားမလည်ဘူးလား။ ငါတို့အိမ်ကို လိုက်လို့မရဘူး'

ကြောင်ကလေးက နားလည်ဟန်မတူ။ ဇော်ဇော် အကျပ်ရိုက်နေ၏။ သူတို့တွင် မိသားစု ၄ ယောက် ရှိသည်။ အဖေရယ်၊ အမေရယ်၊ ၉ နှစ်အရွယ်ရှိသော သူ့အစ်ကို ကျော်ကျော်ရယ်၊ သူရယ်။ သူက ၇ နှစ်ရှိပြီ။ မကြာခင်က သူ့အစ်ကို ကျော်ကျော်သည် ကြွက်အနွယ်ဝင်ဖြစ်သော ဟမ်းစတားလေးတစ်ကောင်ကို မွေး၏။ တစ်ရက်တွင် လှောင်အိမ်ထဲက ထွက်ထားခိုက် ဟမ်းစတားလေးသည် သူ့အမေ ထဘီတစ်ထည်ကို ကိုက်လိုက်ရာ အပေါက်ကြီး ဖြစ်၍သွားသည်။ ဒီကတည်းက ဤအိမ်တွင် ဘာအကောင်မှ မမွေးရဟု အမေက အမိန့်ထုတ်လိုက်သည်။

'ဒီတော့ မင်းကို ငါ အိမ်ခေါ်သွားရင် အမေ ဆူလိမ့်မယ်။ ပြန်ပါတော့'

သို့သော် ကြောင်ကလေးက သူ့နောက်မှ လိုက်မြဲ လိုက်လာ၏။ ဇော်ဇော်က ... 'မင်းမှာ ပြန်စရာအိမ် မရှိဘူးလား'ဟု မေးတော့ ... 'ညောင်' ဟု အော်သည်။

လမ်းပျောက်နေသော ကြောင်ကလေး ဖြစ်မည်၊ သို့မဟုတ် ပိုင်ရှင်၏ စွန့်ပစ်ခံရသော ကြောင်ကလေး ဖြစ်မည်။ မိုးဖွဲဖွဲကလေးတွေ ကျလာ၏။ ကြောင်ကလေးကို အပြင်မှာ ဒီအတိုင်းထားခဲ့လျှင် မိုးမိမှာ သေချာသည်။ ကြောင်ကလေးကို ကောက်ယူကာ သူ့အင်္ကျီရင်ဘတ်ထဲ ထည့်ပြီး အိမ်ဘက် အပြေးပြန်လာခဲ့၏။

ကျော်ကျော်က ... 'မင်း မုန့်သွားဝယ်တာ ကြာလှချည်လား။ ရင်ဘတ်ထဲက ဖောင်းနေတာ ဘာကြီးလဲ'ဟု မေး၏။ ဇော်ဇော်က ...

'ဘာမှ မဟုတ်ပါဘူး'

သို့သော် ကြောင်ကလေးက ခေါင်းထွက်လာကာ 'ညောင် ...'ဟု အော်သည်။ ကျော်ကျော်က ...

'ဟာ ... မင်း ဘယ်ကရလာတာလဲ'

ဇော်ဇော်က အကြောင်းစုံ ပြောပြလိုက်၏။ ကျော်ကျော်က တိရစ္ဆာန်ကလေးတွေ မွေးရတာ ဝါသနာပါသည်။

'တို့ မွေးထားကြမလား'

'အမေက ဘာအကောင်မှ မမွေးရဘူးလို့ ပြောထားတယ်လေ'

'မသိအောင် တို့အခန်းထဲမှာ ဝှက်ထားမှာပေါ့ကွ'

သူတို့က ကြောင်ကလေးကို သူတို့နှစ်ယောက်အခန်းထဲ ခေါ်သွား၏။ စာအုပ်တွေထည့်သော ကတ်ထူပုံးတစ်ပုံးကို ကြောင်ကလေးအိပ်ရန် နေရာလုပ်ပေး၏။ ကျော်ကျော်က သူ့ အာလူးကြော်ထုပ်ကို ဖောက်ထား ကြောင်ကလေးကို ကျွေးသည်။ ထိုအခိုက် အိပ်ခန်းတံခါးဝမှ သူတို့အဖေ အသံ ပေါ်လာ၏။

'ဟို မျောက်ရှုံးနှစ်ကောင် ... အိပ်ရာပေါ် တက်ဆော့နေပြန်ပြီလား။ အိပ်ရာတွေ ပေကုန်ရင် မင်းတို့အမေ ဆူလိမ့်မယ်'

သူတို့ ကြောင်ကလေးကို ဝှက်ချိန်မရ။ သူတို့အဖေက တံခါးဖွင့်ကာ အထဲဝင်လာသည်။

'ဟင် ... ကြောင်ကလေးပါလား။ မင်းတို့အမေ ဘာပြောထားသလဲ'

အဖေက သူတို့နှစ်ယောက်ကို အမေရှိနေသော မီးဖိုခန်းထဲ ခေါ်ဆောင်သွား၏။ အမေကလည်း ကြောင်ကလေးကိုတွေ့တော့ အံ့သြနေသည်။ အဖေက ...

'မင်း စကားကို မင်း သားတွေ နားမထောင်ဘူး။ အခုချက်ချင်း ကြောင်ကို အပြင် သွားပစ်လိုက်'

သို့သော် ... 'နေဦး'ဟု အမေက တားလိုက်သည်။

'အပြင်မှာ မိုးတွေ ရွာနေတယ်။ ဒီအတိုင်း လွှတ်လိုက်ရင် မိုးမိပြီး သေသွားလိမ့်မယ်'

'မင်းပဲ ဒီအိမ်မှာ ဘာအကောင်မှ မမွေးရဘူးလို့ အမိန့်ထုတ်ထားတယ်လေ'

'ဒါပေမဲ့ ရှင် ကြည့်ပါဦး။ ကြောင်ကလေးက သေးသေးလေး။ ကလေးလေးပဲ ရှိသေးတယ်။ ကျွန်မတို့ ကလေးချင်း စာနာရမယ်လေ'

အဖေ နှုတ်ပိတ်သွားသည်။ ကြောင်ကလေးက 'ညောင် ... ညောင် ...'ဟု အော်လိုက်၏။

'အမေနဲ့ခွဲနေလို့ နို့ဆာနေတယ် ထင်တယ်'

အမေက ပန်းကန်ပြားထဲ နို့ထည့်ကာ တိုက်သည်။ ကြောင်ကလေး

က လျှာဖြင့် အငမ်းမရ လျက်သည်။

'တော်တော် ဆာလောင်နေပုံရတယ်'

အမေက ကြောင်ကလေးကို ကောက်ယူကြည့်ကာ ...

'ဟော့ ... အမကလေးပဲ။ ဒီကြောင်လေးကို ကျွန်မတို့ မွေးကြရအောင်'

'မင်း ဘယ်လိုဖြစ်နေတာလဲ'

'ရှင်ပဲ ကျွန်မတို့မှာ သားတွေချည်းရှိနေလို့ သမီးလေးတစ်ယောက်လိုချင်တယ်ဆို'

အဖေ လက်လျှော့သွားပုံရသည်။ ဇော်ဇော်က ...

'သူ့ကို ဘယ်လိုနာမည်ပေးမလဲ မေမေ'

'ငါ့မှာ ကျော်ကျော်နဲ့ ဇော်ဇော်ဆိုတဲ့ သားနှစ်ယောက် ရှိပြီးသား။ ဒီတော့ ဒီသမီးကလေးကို မော်မော်လို့ ပေးမယ်'

မော်မော် ဤအိမ်သို့ ရောက်ရှိနေခဲ့သည်မှာ ၃ နှစ်ရှိပြီ။ မော်မော်သည် လှပကာ ချစ်စရာကောင်းသော ကြောင်မလေး ဖြစ်သည်။ ကျော်ကျော်နှင့် ဇော်ဇော်တို့က သူ့ကို 'ညီမလေး မော်မော်'ဟု ခေါ်ကြလေသည်။

ရွှေရိုး ရုပ်စုံဂျာနယ်

၂၀၁၁။

## ကလေး ဒီမိုကရေစီ

မောင်မောင်ဟာ မြို့သစ်က အလယ်တန်းကျောင်းကို ကျောင်းဖွင့်စမှာ ပြောင်းရွှေ့လာတဲ့ ကျောင်းသားအသစ်ကလေး တစ်ယောက်ပေါ့။ ကျော်ဦးတို့ လူသိုက်ကတော့ ဒီကျောင်းမှာ မူလတန်းကတည်းက နေလာခဲ့တဲ့ ကျောင်းသားတွေပါ။ သူတို့က စုစည်းမှုရှိတယ်။ ဘာလုပ်လုပ် တွဲလုပ်ကြတယ်။ ဒီထဲမှာတော့ ကျော်ဦးက ခေါင်းဆောင်တဲ့သူပေါ့။

တစ်ရက် ကျောင်းမတက်ခင် သူတို့ ကျောင်းရှေ့မှာ စုစကားပြောနေတုန်း အေးချိုက မေးတယ်။

'ကျော်ဦး ... ဒီမိုကရေစီဆိုတာ ဘာလဲကွ'တဲ့။

ကျန်တဲ့သူတွေကလည်း နားစွင့်နေကြတယ်။ သူတို့အားလုံးဟာ အသက် ၁၂ နှစ်၊ ၁၃ နှစ်အရွယ် အလယ်တန်းကျောင်းသားတွေ။ နိုင်ငံရေးနဲ့ ပတ်သက်တဲ့သူတွေတော့ မဟုတ်ဘူး။ ဒါပေမဲ့ တစ်နိုင်ငံလုံးက ကျွက်ကျွက်ညံအောင် 'ဒီမိုကရေစီ'ဆိုတဲ့ စကားလုံးကို ပြောဆိုနေကြတော့ သူတို့လည်း စိတ်ဝင်စားပြီး သိချင်လာကြတာပေါ့။ ဘယ်ဂျာနယ်ပဲဖြစ်ဖြစ် အရုပ်ကြည့်ဖို့ ကောက်ကိုင်လိုက်ရင်လည်း ဒီစကားလုံးပဲ တွေ့တွေ့နေရတာကိုး။ ကျော်ဦးတော့ သိမယ်ထင်လို့ မေးကြည့်တာ။

ကျော်ဦးက ... 'ဂျာနယ်တွေထဲမှာ ပါတာပဲ။ မင်းတို့ ဖတ်ကြည့်ကြပါလား'

'ဟာ ... ဖတ်တော့ ကြည့်တာပဲ။ နားမလည်ဘူး'

'ရှင်းပြရရင် အရှည်ကြီးကွ'

တကယ်တော့ ဒီမိုကရေစီဆိုတာကို ကျော်ဦးလည်း ဘယ်ရေရေလည်လည် သိပါ့မလဲ။ သူတို့ စကားပြောတဲ့အနားမှာ သူတို့ အတန်းပိုင်ဆရာ ဦးထွန်းထွန်းလည်း ရှိနေတယ်။ သူက သဘောကောင်းပြီး တပည့်တွေကို အကျိုးသင့် အကြောင်းသင့် ပြောဆိုဆုံးမတဲ့အတွက် တပည့်တွေကလည်း လေးစားတယ်။ သူက ကျော်ဦး ဘာတွေ ရှင်းပြမလဲ၊ တိတ်တဆိတ် နားထောင်နေလိုက်တယ်။

ကျော်ဦးက အတော်ကြာအောင် စဉ်းစားပြီးမှ ... 'ဒီလိုကွာ ... ဒီမိုကရေစီဆိုတာ အများဆန္ဒကို လိုက်လုပ်တာကို ခေါ်တာ'လို့ ပြောလိုက်တယ်။

ကျန်လူတွေက ကောင်းကောင်း သဘောပေါက်ဟန်တော့ မတူဘူး။ ကျော်ဦးက ...

'ဒီလိုကွာ ... အခု ကျောင်းမတက်ခင် ငါတို့ ကစားကြမယ်။ ဘာလုပ်တမ်း ကစားရရင် ကောင်းမလဲ'

တစ်ယောက်တစ်ပေါက် ပြောကြတယ်။ တချို့က သူခိုး ပုလိပ်လုပ်တမ်း ကစားချင်တယ်။ တချို့က ဘောလုံးကန်ချင်တယ်။ မဲခွဲကြတော့ ဘောလုံးကန်တဲ့ဘက်က များနေတယ်။ ဒါနဲ့ သူတို့ ဘောလုံးကန်ဖို့ ဆုံးဖြတ်လိုက်တယ်။

ကျော်ဦးက ... 'ဒီမိုကရေစီဆိုတာ အဲဒါကို ခေါ်တာပဲကွ'လို့ ပြောလိုက်တယ်။

ဒါနဲ့ သူတို့နားမှာ စာအုပ်တစ်အုပ် ထိုင်ဖတ်နေတဲ့ မောင်မောင့်ကို သွားပြောလိုက်တယ်။

'တို့ ဘောလုံးကန်မလို့။ မင်းလည်း ပါမယ်မဟုတ်လား'

'ဟင့်အင်း ... ငါ မပါဘူး'

'တို့အများက ဆုံးဖြတ်ထားတာလေ။ မင်းက ဒီမိုကရေစီကို ဆန့်

ကျင်တာလား'

ကျော်ဦးက ဒေါသနဲ့ ပြောတယ်။ ဒီတော့ ဆရာဦးထွန်းထွန်းက ကြားကနေ ဝင်ပါရတယ်။

'မဟုတ်သေးဘူး မောင်ကျော်ဦး။ ဒီမိုကရေစီဆိုတာ လူများစုဆန္ဒ ဆိုပေမဲ့ အဲဒီလူများစုဟာ လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစားရမယ်။ ဒီမိုကရေစီ သဘောမှာက လူတိုင်းဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရှိရမယ်'

'ဘယ်လိုမျိုးလဲ ဆရာ'

'သူက မင်းတို့ ဘောလုံးကန်မယ့်အထဲ မပါချင်ဘူး။ အဲဒါဟာ သူ့ဒီမိုကရေစီကို သူ ကျင့်သုံးတာပဲ။ ဒါ သူ့အခွင့်အရေးပဲ။ မင်းတို့က သူ့ကို ဇွတ်အတင်း ပါရမယ်ဆိုရင် ဒါ ဒီမိုကရေစီက လမ်းလွဲသွားပြီ။ အာဏာရှင်ဝါဒကို ကျင့်သုံးရာရောက်တယ်'

အားလုံးဟာ သဘောပေါက်သွားသည်။ မောင်မောင်က ...

'ငါ့မှာ နလုံးရောဂါရှိတယ်။ ဆရာဝန်တွေရော မိဘတွေကပါ ဒီလို ကြမ်းကြမ်းတမ်းတမ်း ကစားနည်းတွေ မကစားဖို့ တားမြစ်ထားတယ်' လို့ ရှင်းပြတယ်။

ကျော်ဦးက 'ငါတို့ သဘောပေါက်ပြီ။ ဆောရီးပဲ'လို့ တောင်းပန်ပါတယ်။

သူတို့အဖွဲ့ ဘောလုံးကစားတာကို တခြားကျောင်းသားကျောင်းသူတွေနဲ့အတူ မောင်မောင်က ဘေးကနေ အားပေးတယ်။ ဆရာဦးထွန်းထွန်းက ပြုံးနေတယ်။ ကလေးတွေကို ဒီမိုကရေစီနဲ့ပတ်သက်ပြီး သူ့အနေနဲ့ သင်ပေးစရာတွေ ရှိနေသေးတယ်လို့လည်း တစ်ယောက်တည်း တွေးနေပါတော့တယ်။

အလိမ္မာ ကလေးစွမ်း

ဇွန်၊ ၂၀၁၂

# သံယောဇဉ် ဆိုသည်မှာ

**တစ်နေ့ ကျော်ကျော် ကျောင်းက အိမ်ပြန်လာတော့ မီးဖိုထဲတွင် သူ့အမေ ချက်ပြုတ်နေတာ တွေ့ရသည်။**

'အမေရေ ... စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ကျရင် အိမ်ကို ဟမ်းစတားလေးတွေ ခဏယူလာထားမယ်နော်'ဟု ကျော်ကျော်က ခွင့်တောင်းစကား ပြောသည်။

'ဘာဖြစ်လို့လဲ'

'ဒီဟမ်းစတားလေးတွေက ကျွန်တော့်အတန်းထဲက သူငယ်ချင်းမျိုးဇော် ပိုင်တာပါ။ သူတို့မိသားစုက စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ကျော်ရင် ပဲခူးက သူတို့ အဘိုး၊ အဘွားတွေဆီ သွားလည်ကြမလို့။ ဟမ်းစတားလေးတွေကို အိမ်မှာ ကြည့်မယ့်သူ မရှိလို့တဲ့'

သူ့အမေက ကြက်သွန်လှီးနေရင်း ... 'ဒါဆိုလည်း ခေါ်လာခဲ့လေ။ သူငယ်ချင်း အချင်းချင်း ကူညီတာ ကောင်းတယ်'ဟု ပြော၏။ ထိုစဉ် အခန်းထဲကို မော်မော် ဝင်လာသည်။ မော်မော်ကား ကျော်ကျော့်ညီမ ဖြစ်သည်။ သူမ အသက်ကား ၈ နှစ်။ ကျော်ကျော်ကား ၁၀ နှစ်။

မော်မော်က ... 'ဟမ်းစတားလေးတွေ ခေါ်လာမယ်၊ ဟုတ်လား

ပျော်လိုက်တာ။ မော်မော်လည်း မွေးချင်နေတာ၊ အမေ့ရှေ့မှာ မကြာတော့လို့' ဟု ပြော၏။

အခုခေတ် ကလေးတွေက အိမ်မွေးတိရစ္ဆာန်လေးတွေ ကိုယ်စီမွေး ကြသည်။ ထမင်းစားပွဲတွင် ထိုင်ကာ သတင်းစာဖတ်နေသော သူတို့ အဖေက ကြည့်ကာ ဝင်မေးသည်။

'ဟမ်းစတားဆိုတာ ဘာလဲကွ'

ဒီတော့ သွက်လက်သော မော်မော်က ဖြေ၏။

'ကြွက်ကလေးတွေပါ ဖေဖေ'

ဒီအသံကြားတော့ သူတို့အမေသည် အလန့်တကြား ဖြစ်သွားကာ လက်ထဲက ဟင်းအိုးမွှေသော ဇွန်းပင် လွတ်ကျသွား၏။ သူက ကြွက်ကို အင်မတန်ကြောက်သည်။ ကျော်ကျော်က ကပျာကသီ ...

'သူတို့က ကြွက်မဟုတ်ပါဘူး မေမေ။ ကြွက်မျိုးနွယ်ဆိုတာတော့ မှန်ပါတယ်'

'ဘာထူးသေးလဲ။ ငါက ဟမ်းစတားဆိုတာ ရွှေငါးလေးတွေ ထင်လို့ ယူခဲ့လို့ ခွင့်ပြုလိုက်တာ။ အခုတော့ မထူးပါဘူး။ ငါက ပေးထားတဲ့ ကတိကို မဖျက်ချင်ဘူး။ ကျောင်းပိတ်ရက်ကျရင် မင်း ယူသာလာခဲ့ပါ'

သောကြာနေ့ ညနေ ကျော်ကျော် ကျောင်းက ပြန်လာသောအခါ ဟမ်းစတားလေးနှစ်ကောင် ထည့်ထားသော လှောင်အိမ်လေးကို ယူလာ သည်။ သူ့အမေက မီးဖိုးထဲမှာထားရန် ပြင်နေသော လှောင်ချိုင့်ကို ကြည့်ကာ ... 'ပန်းကန်ဆေးတဲ့နေရာနဲ့ ဝေးဝေးထား။ ငါ သူတို့ကို မြင် ရင် ရွံတယ်'ဟု ပြောသည်။ ဟမ်းစတားလေး တစ်ကောင်က နောက် ခြေထောက်ပေါ် အားပြုရပ်ကာ သူ့အမေဘက် ပြူးကြောင်ကြောင် ကြည့် နေသည်။

သူတို့ အဖေက ... 'မင်း ပြောတာ သူတို့ ကြားသွားလို့ စိတ် မကောင်း ဖြစ်နေတာ'ဟု စသည်။ ပြီးတော့ ... 'သူတို့က ဘာစားလဲ'ဟု မေး၏။

ကျော်ကျော်က ... 'မြေပဲ'

မော်မော်က 'နေကြာစေ့ဆို ပိုကြိုက်တယ်'

သူတို့အစာခွက်ထဲကို မော်မော်က နေကြာစေ့လေးတွေ ထည့်ပေးသည်။ ပြီးတော့ သောက်ရေခွက်ထဲကို ရေဖြည့်ပေးသည်။ လှောင်အိမ်ထဲတွင် ထည့်ထားသော ပြေးလမ်းတစ်လျှောက် နှစ်ကောင်သား ပြေးလွှားနေကြသည်။

မော်မော်က ... 'အဲဒါ သူတို့ စိန်ပြေးတမ်း ကစားနေကြတာ'ဟု ဆရာလုပ်သည်။

ဟမ်းစတားလေးတွေ အစာစားတာ၊ ရေသောက်တာ သူတို့ ကြည့်ကြသည်။ သူ့အမေက အဝေးက အကဲခတ်နေသည်။

သူတို့အဖေက ... 'ဟောဒီအကောင်လေးက အမလေး ဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာက မိန်းကလေးမျက်နှာနဲ့ တူတယ်'ဟု ပြော၏။

သူ့အမေက ... 'မင်းတို့အဖေကတော့ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ဝါရရှုပဲ'ဟု နောက်၏။ အမေ့ကို ကြည့်ရတာ ဟမ်းစတားလေးတွေကို ကြောက်ပုံမရတော့။ မရွံ့မရဲ မေး၏။

'သူတို့ ကြွက်တွေလို ကိုက်တတ်လား'

ကျော်ကျော်က ... 'မကိုက်တတ်ပါဘူး အမေ။ သူတို့က လိမ္မာတယ်'ဟု ပြောကာ လှောင်အိမ်ထဲက တစ်ကောင်ကိုထုတ်၍ သူ့လက်ပေါ် တင်ပြ၏။ ဟမ်းစတားလေးက သူ့လက်တစ်လျှောက် ပြေးလွှားနေသည်။

သူ့အမေက ... 'ပြန်ထည့်လိုက် ကျော်ကျော်။ ထမင်းစားခါနီးပြီ။ မင်းလက်တွေကို ဆပ်ပြာနဲ့ သွားဆေးချေ'ဟု ခိုင်းလိုက်၏။

သို့သော် နောက်တစ်နေ့ရောက်သောအခါ သူ့အမေသည် ဟမ်းစတားလေးတွေနှင့် ယဉ်ပါး၍နေလေပြီ။ ပန်းသီးကိုစိပ်ကာ ထည့်ကျွေးသည်။ မြေပဲ ကျွေးသည်။ မော်မော်က လှောင်အိမ်ထဲက ထုတ်ဆော့သောအခါ သူက ဟမ်းစတားကလေးတွေကို ယူကိုင်ကြည့်သည်။ အမွေးပွ နုနုလေးတွေက နူးညံ့လှသည်။ ပြီးတော့ သူတို့က ကြွက်တွေလို မရိုင်း

တနင်္လာနေ့ ကျောင်းတက်ရသောအခါ ကျော်ကျော်က လှောင်အိမ်ကလေးကို ပြန်ယူသွားသည်။ ဒီတော့ နှစ်ရက်ခန့်ကြာအောင် အတူနေ

ရသော ဟမ်းစတားလေးတွေကို တစ်အိမ်လုံး လွှမ်းနေသည်။

သူ့အမေက ... 'ကျော်ကျော် ... မင်းသူငယ်ချင်းအိမ်ကို သွားပြီး ဟမ်းစတားလေးတွေကို ကြည့်လိုက်ပါဦး။ သူတို့ နေကောင်းရဲ့လား'ဟု တိုက်တွန်းပြောဆိုသည်။ သူ့အမေကို အတဲခတ်ကြည့်နေသော သူ့အဖေ က သဘောပေါက်၍သွားသည်။ အလုပ်က ပြန်လာသောအခါ သူက လှောင်အိမ်လေးတစ်လုံးနှင့် ဟမ်းစတားလေးနှစ်ကောင်ကို ဝယ်လာခဲ့၏။ မော်မော်နှင့် ကျော်ကျော် ပျော်၍သွားသည်။ အပျော်ရွှင်ဆုံးက သူတို့ အမေ ဖြစ်လေသည်။

အလီနွာ တလေးမှုခင်း

၂၀၁၂။

# ကံကောင်းတယ်ဆိုတာ ဘာလဲ

'တိရစ္ဆာန်ရုံကို ဘယ်သူ ရောက်ဖူးကြသလဲ'

ဒုတိယတန်း ဆရာမ ဒေါ်သူဇာကမေးလိုက်တယ်။ သူ့အတန်းသူ အတန်းသားတွေက တချို့က ရောက်ဖူးတယ်၊ တချို့က မရောက်ဖူးကြဘူး။ တစ်ယောက်တစ်ပေါက် အော်ကြတယ်။ ဒေါ်သူဇာက သိပ္ပံနဲ့ ပတ်ဝန်းကျင် လေ့လာရေးကို သင်ကြားတယ်။ သူ့စာသင်ကျောင်းက မြို့စွန်ဆင်းရဲသားရပ်ကွက်မှာရှိတော့ နွမ်းပါးတဲ့ကလေး များတယ်။

'ကဲ ... မရောက်ဖူးတဲ့သူ လက်ညှိုးထောင်ကြ'လို့ ပြောတော့ လက်ညှိုးထောင်တဲ့သူ အယောက် ၂၀ ရှိနေတယ်။ ဒေါ်သူဇာက ...

'မရောက်ဖူးတဲ့သူကို မနက်ဖြန် ကျောင်းပိတ်ရက်ကျရင် ဆရာမ ကားနဲ့ တိရစ္ဆာန်ရုံကို ခေါ်သွားမလို့ပဲ။ ဒါပေမဲ့ မင်းတို့အားလုံးကိုတော့ လည်း မခေါ်နိုင်ဘူး။ ကားက ဆရာမနဲ့မှ ၅ ယောက်ပဲ ဆံ့မယ်'

ဒီလိုပြောလိုက်တော့ ထောင်ထားတဲ့ လက်က ဆယ်ချောင်းပဲ ရှိတော့တယ်။ ညိုညိုဝင်းက အဲဒီနေ့ သူ့အမေနဲ့ ဆံပင်သွားကောက်မယ်။ ကျော်ကျော်က အိမ်မှာ တီဗီကလာတဲ့ ဘောလုံးပွဲ ကြည့်မယ်။ စိုးမင်းအောင်ကတော့ သွားနာနေလို့ အဲဒီနေ့ ဆရာဝန်သွားပြရမယ်။ ချိုချိုလတ်

က အဘွားအိမ် သွားလည်မလို့တဲ့။ အေးမြင့်အောင်ကတော့ ကျူရှင် တက်ရမယ်တဲ့။ နောက် ၅ ယောက်ကတော့ ဆရာမနဲ့ အတူတူ သွား ချင်လို့။ ဆရာမနဲ့သွားရတာ စိတ်ထဲမှာ ပျော်လယ်ဘူး ထင်တယ်။

ဒေါ်သူဇာက ...

'ဆယ်ယောက်ဆိုတာလည်း များသေးတာပဲ။ ငါက လေးယောက် ပဲ ခေါ်နိုင်မှာ။ ငါနဲ့အတူ မောင်မင်းဇော်ကိုလည်း ခေါ်မှဖြစ်မယ်။ သူက အတန်းထဲမှာ မော်နီတာဆိုတော့ ထားခဲ့လို့မဖြစ်ဘူး။ ကျန်သုံးယောက် ပဲ ရွေးရမယ်'

လက်ထောင်ထားသော ဆယ်ယောက်ထဲတွင် မောင်မင်းဇော်လည်း ပါတယ်။ သူ့မိဘတွေက ဆင်းရဲတယ်။ အဖေက ဆိုက္ကားနင်းပြီး အမေက ပဲပြုတ်ရောင်းတယ်။ သူတို့မောင်နှမ ၅ ယောက် ရှိတယ်။ ဆင်းရဲပေမဲ့ မင်းဇော်ဟာ စာတော်ပြီး အကျင့်စာရိတ္တကောင်းလို့ ဆရာမက မော်နီ တာ ခန့်ထားတယ်။ ဆရာမ စကားကို ကြားတော့ မင်းဇော်က ထိုင်ရာ က ထပြီး ... 'ဒီအခွင့်အရေးကို ကျွန်တော် မယူပါဘူး ဆရာ။ ကျွန်တော် က အတန်းခေါင်းဆောင်ဆိုတော့ အနစ်နာတောင် ခံရဦးမယ်။ ဆရာမ ခေါ်မယ့် ၄ ယောက်အတွက် မဲနှိုက်ပြီး ရွေးချယ်တာ ကောင်းမယ် ထင် ပါတယ်'ဟု ပြောသည်။ တစ်တန်းလုံးက ထောက်ခံကြသည်။

ဒေါ်သူဇာက ...

'ကဲ ... ကောင်းပြီ။ ဒါဆိုလည်း မဲနှိုက်ရွေးကြတာပေါ့။ အောင်ဘာ လေ လေးလိပ်၊ ဗလာ ခြောက်လိပ်။ လိပ်ပြီး ခွက်ထဲထည့် နှိုက်ကြမယ်'

ဒေါ်သူဇာကိုယ်တိုင် ဗလာစာရွက်တစ်ရွက်ကို အရွယ်အစား တစ် ညီတည်းဖြစ်တဲ့ စာရွက်ပိုင်းကလေး ဆယ်ခုဖြစ်အောင် ဖြတ်ပြီး လေးခု ပေါ်မှာ ပေါက်မဲ 'အောင်ဘာလေ' ရေးပြီ။ ကျန်ခြောက်ခုကိုတော့ 'ဗလာ' ဘာမှမရေးဘဲ ထားလိုက်တယ်။ တစ်တန်းလုံးမြင်အောင် စာရွက်ကလေးတွေ ပြပြီးမှ သေသေချာချာ အလိပ်ကလေး လိပ်တယ်။ ပြီးတော့ ခွက်ထဲ ထည့်ပြီး ခေါက်တယ်။

'ကဲ ... ဘယ်သူ အရင်နှိုက်ကြမလဲ' မေးတော့ လူတိုင်းလိုလို အရင်နှိုက်ချင်နေကြတယ်။ ကလေးတွေက အရင်နှိုက်တဲ့သူက

ဖို့ အခွင့်သာတယ်လို့ တွေးနေကြတယ်။ မောင်မင်းဇော် တစ်ယောက်ပဲ 'ကျွန်တော် နောက်ဆုံးမှ နှိုက်မယ်'လို့ ပြောတယ်။

၈ မဲ နှိုက်ပြီးတဲ့အခါ ၃ ဦး မဲပေါက်သွားပြီး ခွက်ထဲမှာ ကျန်နေတဲ့ မဲလိပ် ၂ လိပ်မှာ တစ်လိပ်ဟာ ကျိန်းသေ ပေါက်မဲပဲပေါ့။

ထွန်းစန်းက အချိန်အကြာကြီး ရွေးပြီးတော့မှ တစ်လိပ်ကို ယူလိုက်တယ်။ မောင်မင်းဇော် နှိုက်စရာ မလိုတော့ဘူး။ နောက်ဆုံးကျန်နေတဲ့ မဲလိပ်ဟာ မောင်မင်းဇော်ရဲ့ မဲလိပ်ပဲပေါ့။ ထွန်းစန်းက သူ့မဲလိပ်ကို ဖြည်လိုက်တော့ ဗလာကျနေပါတယ်။ တစ်တန်းလုံး မောင်မင်းဇော်ကို ဩဘာပေးသလို အော်ဟစ်ကြတယ်။ မင်းဇော် ကံကောင်းတယ်လို့လည်း ပြောကြတယ်။

**ဒေါ်သုဇာက ... 'မင်းတို့ပြောတဲ့ ကံကောင်းတယ်ဆိုတဲ့ စကားက မှန်ပါတယ်။ မင်းဇော်က** အများအတွက် အနစ်နာခံတယ်။ ကိုယ်ကျိုးကို **ရှေ့တန်းမတင်ဘူး။** အဲဒါ စိတ်ထားကောင်းတာပဲ။ အဲဒီ စိတ်စေတနာနဲ့ ညီအောင်လည်း မင်းတို့ရှေ့မှာ နေပြ၊ လုပ်ပြခဲ့တယ်။ အဲဒါကြောင့် ကံကောင်းတာပဲ။ မင်းတို့လည်း သူ့လို ကံကောင်းချင်ရင် စိတ်ထားကောင်းကောင်းနဲ့ အလုပ်ကောင်းကောင်းကို လုပ်ကြ'လို့ ပြောတော့ 'ကံကောင်းတယ်ဆိုတာ ဘာလဲ'လို့ တစ်တန်းလုံး သဘောပေါက်သွားပါတော့တယ်။

**အလီမွှာ ကလေးမဂ္ဂဇင်း**

**၂၀၁၂။**

## ခရေကုံး

ဘိုဘိုတို့လူသိုက် စုမိကြသောအခါ ညက ကြားခဲ့ရသည့် ကျယ်လောင်သည့် ပေါက်ကွဲသံကြီးအကြောင်း တစ်ယောက်တစ်ပေါက် ပြောကြသည်။ တချို့က အိမ်ပြင်ထွက်ကြည့်သဖြင့် ကောင်းကင်ကြီး နီရဲနေသည်ကို မြင်ကြရသည်။ သူတို့ရပ်ကွက်နှင့် သိပ်မဝေးသော စက်ဆန်းတွင် မီးလောင်ရာမှ ပေါက်ကွဲမှုဖြစ်ကြောင်း သိကြရသည်။ ရပ်ကွက်ထဲတွင် လူကြီးတွေက မီးဘေး ဒုက္ခသည်တွေကို အကူအညီပေးရန် စီစဉ်နေကြသည်။

'တို့လည်း ကူညီရင် ကောင်းမယ်'

ဘိုဘိုက ပြောသည်။ သူတို့အုပ်စုသည် မူလတန်းကလေးတွေ ဖြစ်သည်။ သီရိဝေတို့ မောင်နှမ၊ ပြီးတော့ ကျော်ကျော်ဦး၊ ကြည်ဟန်မြင့်။ သီရိဝေက ...

'တို့ ဘယ်လိုကူမှာလဲ။ မုန့်ဖိုးတွေစုပြီး ကူမှာလား'

ကျော်ကျော်ဦးက ... 'ငါ့မုန့်ဖိုးက ငါ မုန့်ဝယ်စားတာတောင် မလောက်ဘူး'

သူက အစားမက်သော ဖက်တီးလေး ဖြစ်သည်။

ဘိုဘိုက … 'တို့ ရန်ပုံငွေရှာမယ်လေ။ ငါ စဉ်းစားထားတာ ရှိတယ်။ ဘုန်းကြီးကျောင်းထဲက ခရေပင်ကြီး ရှိတယ်မဟုတ်လား။ မနက်ဆို ခရေပန်းတွေ ဖွေးနေတာပဲ။ အဲဒီခရေပန်းတွေကို တို့ ကောက်မယ်။ ခရေကုံး လုပ်ရောင်းမယ်။ ရတဲ့ငွေ လှူမယ်'ဟု အကြံပေးသည်။

ကြည်ဟန်မြင့်က …

'မင်း အကြံကတော့ ကောင်းပါတယ်။ အဲဒီခရေပန်းတွေ ဟိုဘက်ရပ်ကွက်က ဆိုးပေတို့ညီအစ်ကို ကောက်ပြီး ရောင်းစားနေတာမဟုတ်လား။ တို့နဲ့ ရန်ဖြစ်နေရဦးမယ်'

ဆိုးပေနာမည်အရင်းက အေးနိုင်ဖြစ်သည်။ ခပ်ဆိုးဆိုးကောင်လေးမို့ ဆိုးပေဟုခေါ်တာ ခံရသည်။ သူက တစ်ဖက်ရပ်ကွက်က ကလေးအုပ်စု ခေါင်းဆောင် ဖြစ်သည်။

ဘိုဘိုက … 'ဒီခရေပင်ကြီးက ရပ်ကွက်နှစ်ခုအကြားက ဘုန်းကြီးကျောင်းထဲမှာ ရှိတာ၊ ဘယ်သူမှ မပိုင်ဘူး။ ဦးရာလူ ကောက်ပဲ။ တို့ မနက်ဖြန် သူတို့ထက် အရင်ရောက်အောင် စောစောလာပြီး ကောက်ကြမယ်'ဟု ပြောတော့ အားလုံး သဘောတူလိုက်ကြသည်။

ဆောင်းတွင်းဆိုတော့ လူတွေ စောစောနိုးကြသည်။ စောစောလမ်းပေါ်ရောက်ကာ လမ်းလျှောက်ကြသည်။ သူတို့အုပ်စုလည်း စောစောထကာ ခရေပင်ကြီးအောက် ရောက်သွား၏။

သို့သော် ဆိုးပေနှင့် ကောင်လေးနှစ်ယောက် အရင်ရောက်နှင့်နေသည်။ သူတို့က ခရေပွင့်တွေ ကောက်နှင့်နေတာ တော်တော်ရနေလေပြီ။ ဘိုဘိုတို့က ဘာမှမပြောဘဲ လုယက်ကောက်ကြ၏။ ခဏနေတော့ မြေကြီးပေါ်က ခရေပွင့်တွေ ကုန်သွားသည်။ ဘိုဘိုတို့က ဝမ်းနည်းနေ၏။

သူတို့ လိုသလောက် ခရေပန်း မရကြ။ ခရေပန်းရတာ နည်းလျှင် အလှူငွေလည်း နည်းနည်းသာ ရပေမည်။ ဆိုးပေက သူတို့ဆီ လျှောက်လာ၏။ သူကိုင်လာသော ဆန်ခါထဲမှာ ခရေပွင့်တွေ အပြည့်အမောက်။ ဘိုဘိုတို့က ရင်ဆိုင်ရန် အသင့်ပြင်ထား၏။

ဆိုးပေက … 'မင်းတို့တွေ ခရေပန်းကောက်ပြီး အလှူငွေပေးမယ် ကြားလို့ ငါတို့လည်း ကူကောက်ပေးတာ။ ရော့ …'ဟု သူ့လက်ထဲက

ခရေပန်းတွေကို ထိုးပေးသည်။

ဘိုဘိုက အားရဝမ်းသာဖြစ်ကာ … 'ဒါဆို တို့အလှူထဲမှာ မင်းတို့လည်း ပါတာပေါ့'ဟု ဆိုလိုက်သည်။

ဘိုဘိုတို့အိမ်သွားကာ ခရေပွင့်ကို ရေစင်စင်ဆေး၍ ခရေပန်းကုံးလုပ်သောအခါ ဆိုးပေကပင် ဦးဆောင်ရသည်။ သူက ဝါးနှီးကလေးတွေမျှင်ကာ ခရေပန်းသီပုံကို လမ်းပြပေးရ၏။ ဘိုဘိုက …

'ဒီနေ့တော့ မင်းဝင်ငွေ ထိခိုက်သွားတာပေါ့'

'တစ်ရက်တလေပဲ ကိစ္စမရှိပါဘူး'

'ခရေကုံး ရောင်းရတဲ့ငွေတွေ မင်း ဘာလုပ်သလဲ'

'ငါနဲ့ ငါ့ညီလေးရဲ့ ကျောင်းစရိတ်ပေါ့။ ပန်းရောင်းရတဲ့ငွေနဲ့ စာအုပ် ဝယ်တယ်။ ခဲတံ၊ ခဲဖျက် ဝယ်တယ်။ တို့မိဘတွေက ဆင်းရဲတယ်။ သူတို့ကို တစ်ဖက်တစ်လမ်းက ကူညီရာရောက်တာပေါ့'

ဘိုဘိုက ဆိုးပေကို လေးစားသွားသည်။ အရင်က ခပ်ဆိုးဆိုးကောင်လေးဟုသာ သိထားခဲ့တာ မှားနေသည်။ သူတို့ ခရေပန်းတွေကို ဆိုးပေက ကူရောင်းပေး၏။

'မီးဘေးဒုက္ခသည် ကူညီရေး ရန်ပုံငွေအတွက်ပါ'

ဆိုးပေ ရောင်းသဖြင့် လူတွေက အားပေးဝယ်ယူကြသည်။ တန်ရာတန်ကြေး ပေးသွားရုံမက ချီးကျူးစကားပင် ပြောသွားကြသေးသည်။

'ငါတို့ မိတ်ဆွေဖြစ်ပြီပေါ့'

ဘိုဘိုတို့က ဆိုးပေတို့အုပ်စုကို မုန့်ဝယ်ကျွေးသည်။

'တို့တွေ ညီညီညွတ်ညွတ် နေကြမယ်'

'ခရေပွင့်ကလေးတွေလိုပေါ့။ မြေပေါ်မှာ တစ်ပွင့်စီ ပြန့်ကျဲနေတော့ တန်ဖိုးမရှိဘူး။ လူတွေက ခြေထောက်နဲ့ နင်းသွားကြတယ်။ စုသီလိုက်လို့ ခရေကုံးလည်း ဖြစ်သွားရော ခေါင်းမှာပန်ကြတယ် မဟုတ်လား'

'ဘိုဘို … မင်းက စကားတော်တော်တတ်တယ်'

'ကြီးရင် ငါက ကဗျာဆရာလုပ်မှာ'

နောက်နေ့ ဘိုဘိုတို့ သူငယ်ချင်းတစ်စု ဆိုးပေတို့ရပ်ကွက်ကို သွားလည်ကြသည်။ သူတို့က သူတို့မှာရှိသော ဗလာစာအုပ်ကလေးတွေ

ခဲတံတွေကို ဆိုးပေတို့ ညီအစ်ကိုကို လက်ဆောင်ပေးရအောင် ယူသွားသည်။ လက်ဆောင်ရ၍ ဆိုးပေတို့ညီအစ်ကို ပျော်ရွှင်နေတာ မြင်ရသောအခါ ဘိုဘိုတို့လည်း ပျော်ကြလေသည်။

*ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသို့ ...*

ကလေးကြိုက် မဂ္ဂဇင်း

ဩဂုတ်၊ ၂၀၁၂။

# ဖန်ဆင်းရှင်တို့ရဲ့လက်

မာလာက အသက် ၇ နှစ်ရှိပြီဖြစ်တဲ့ ပထမတန်း ကျောင်းသူကလေးပါ။ သူ့အဖေက အစိုးရဌာနတစ်ခုက အရာရှိကြီး၊ သူ့အမေက အထက်တန်းပြ ဆရာမမို့ သူတို့မိသားစုဟာ တင့်တောင့်တင့်တယ် နေနိုင်ကြပါတယ်။ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုပါပဲ။

ငယ်သေးတဲ့ မာလာလေးဟာ ဝမ်းနည်းဒုက္ခရောက်တယ် ဆိုတာကို သိပ်မသိဘူး။ ဘဝဆိုတာ ဒီလို အမြဲတမ်း ပျော်ရွှင်စရာတွေနဲ့ ပြည့်နှက်နေတဲ့ အရာလို့ ထင်ခဲ့တယ်။ သူ့အမေ မတော်တဆ ကားတိုက်မှု မဖြစ်ခင်အထိပေါ့။

သူ့အမေ ဒေါ်ကေသီဟာ အသက်သုံးဆယ်ကျော်၊ အသားဖြူဖြူနဲ့ ချောမောတဲ့သူ ဖြစ်တယ်။ မာလာလေးအတွက်တော့ စံပြုစရာ ပုဂ္ဂိုလ်ပေါ့။ ဒေါ်ကေသီရဲ့ တခြား ကျွမ်းကျင်တဲ့အလုပ်က ဓာထိုးပန်းထိုးပညာပါပဲ။

ဧည့်ခန်းထဲက ကုလားထိုင်စွပ်တွေ၊ လိုက်ကာ ခန်းဆီးတွေပေါ်မှာ၊ ခေါင်းအုံးစွပ်တွေမှာလည်း မာလာကြိုက်တဲ့ ကာတွန်းရုပ်ကလေးတွေ ထိုးပေးထားသေးတယ်။ စနိုးပိုက်တို့၊ ရေသူမလေးတို့ပေါ့။ မာလာက

သိပ်သဘောကျတော့ အဲဒီ ပန်းထိုးပညာကို သင်ပေးဖို့ ပြောတယ်။

သူ့အမေက … 'သမီးက ငယ်သေးတယ်။ ပြီးတော့ မေမေ့မှာလည်း အချိန်မရှိဘူး'လို့ ငြင်းတယ်။ ဟုတ်လည်း ဟုတ်တယ်။ အမေက အိမ်နဲ့ ကျောင်းအပြင် အမျိုးသမီး အသင်းအဖွဲ့တစ်ခုမှာ အမှုဆောင်အဖြစ်ပါနေတော့ အစည်းအဝေးတက်ရ၊ လုပ်ငန်းတွေ အကောင်အထည်ဖော်ရနဲ့ မအားရှာဘူး။ အိမ်က မိသားစု စားဖို့သောက်ဖို့လည်း ချက်ရပြုတ်ရသေးတယ်။

'လူတစ်ယောက် ဖြစ်လာရင် သူ နေထိုင်တဲ့ ကမ္ဘာကြီး ဒါမှမဟုတ် လူ့လောကကြီးကို ကောင်းအောင်လုပ်ပေးဖို့ တာဝန်ရှိတယ်'လို့ သူ့အမေက ပြောတတ်တယ်။ သူ့အရွယ်နဲ့တန်တဲ့ စကားလေးတွေ သုံးပြီး သူ့ကို သူ့အမေက သင်ကြားပေးတတ်တယ်။ ဘဝမှာ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ နည်းလမ်းတွေပေါ့။

'သမီး ထင်သလို ဘဝဆိုတာ ပျော်စရာတွေချည်း ပြည့်နေတဲ့နေရာ မဟုတ်ဘူးကွယ့်။ ဒါပေမဲ့ အားနည်း စိတ်ပျက်နေစရာလည်း မဟုတ်ဘူး။ အမေတို့ဟာ ဘယ်လောက်ဆိုးဝါးတဲ့ အခြေအနေထဲမှာပဲဖြစ်ဖြစ် အကောင်းဘက်က ရှုမြင်ပြီး တွေးတတ်ရမယ်'

ဒီစကားတွေဟာ မာလာ့အတွက်တော့ နည်းနည်းမြင့်သလိုဖြစ်တော့ ရုတ်တရက် သဘောမပေါက်ဘူးပေါ့။ ဒါပေမဲ့ မေမေ ကားမတော်တဆမှု ဖြစ်ပြီးတော့ 'ဘဝဆိုတာ ပျော်စရာတွေချည်း ပြည့်နေတဲ့နေရာ မဟုတ်ဘူး'ဆိုတဲ့ စကားကိုတော့ ကောင်းကောင်း သဘောပေါက်သွားတယ်။

အဲဒီနေ့က သူ့အမေ ကျောင်းကပြန်လာပြီး လမ်းဖြတ်အကူးမှာ မဆင်မခြင် မောင်းလာတဲ့ ကားတစ်စီးက ဝင်တိုက်မိတာပဲ။ သိပ်ဆိုးဆိုးဝါးဝါး မဖြစ်တာ ကံကောင်းတယ်။ ဒါပေမဲ့ ခြေထောက်တစ်ဖက် ကျောက်ပတ်တီး စည်းလိုက်ရတယ်။ သူ့အမေလည်း ကျောင်းက ခွင့် ၂ လ ယူလိုက်ရတယ်။

ကျောင်းက ပြန်လာရင် မာလာလေးလည်း သူ့အမေ ဘေးမှာပဲ နေတော့တယ်။ အမေ ရေသောက်ချင်တယ်ဆိုရင် ရေခပ်ပေးတယ်။ စာဖတ်ချင်တယ်ဆိုရင် စာအုပ်ယူပေးတယ်။

မာလာက ... 'မေမေပြောတော့ အကောင်းဆုံးက ...
မေမေ အခုလိုဖြစ်နေတာ ဘယ်မှာ ကောင်းလို့လဲ'ဟု မေးလိုက်တယ်။

သူ့အမေက ပြုံးကာ ... 'မေမေ အခု ခွင့်နှစ်လရတော့ သမီးနဲ့အတူ နေရတဲ့အချိန်တွေ ပိုရတာပေါ့။ ပြီးတော့ ...'

'ပြီးတော့ ဘာဖြစ်လဲ မေမေ'

'သမီး သိပ်သင်ချင်နေတဲ့ ဇာထိုးပန်းထိုးကိုလည်း သင်ပေးလို့ ရတာပေါ့'

'ဟင် ... တကယ်လား'

ဒီစကား ကြားတော့ မာလာ သိပ်ပျော်သွားတယ်။ သူ့အမေက ပြုံးပြီး ခေါင်းညိတ်ပြတယ်။

'သမီးကို ဒီပညာအမွေ ပေးချင်တာ ကြာပြီ။ ဒါဟာ မိန်းကလေး တိုင်း တတ်အပ်တဲ့ ပညာလို့ ထင်တယ်။ ဒီထဲမှာ ပန်းချီသဘောတွေ ပါတယ်။ ဒီဇိုင်းသဘောတွေ ပါတယ်။ စိတ်ကူးစိတ်သန်း ထွန်းမြူးမှုတွေ သဘောတွေ ပါတယ်။ ဒါဟာ အနုပညာနဲ့ လက်မှုပညာကို အကောင်း ဆုံး ပေါင်းစပ်ထားတဲ့ အရာပါပဲ'

မာလာက စိတ်ပါဝင်စားစွာ သင်ယူတယ်။

ပိတ်ဖြူဖြူကလေးပေါ်မှာ ရောင်စုံချည်မျှင်ကလေးတွေနဲ့ ရက်ရှယ် ပြီး တစ်စထက်တစ်စ ပုံပေါ်လာတဲ့ ပန်းခင်းကလေးတွေ၊ လိပ်ပြာကလေး တွေ၊ တောင်ကုန်းတွေ၊ နေရောင်ခြည်တွေ၊ နွေဦးပေါက်ကလေးတွေ၊ စမ်းချောင်းတွေ ... မာလာလေးက ကြည်နူးမဆုံး ဖြစ်နေတယ်။

'ဒါ ... ကျွန်မ ထိုးတာ'

လူတွေလာရင် ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်တယ်။ သူ့အမေက 'သမီး ဒီ့ထက် ဂုဏ်ယူစရာတွေဖြစ်အောင် လုပ်ရမယ်'လို့ ပြောတယ်။

'လောကကြီးဟာ သန့်ရှင်းတဲ့ အဝတ်ဖြူဖြူလေးနဲ့ တူတယ်။ ဒီ ပိတ်ဖြူပေါ်မှာ မေမေတို့ လူတွေက လောကကြီးအတွက် အလှဆုံးအရာ တွေကိုသာ ပုံဖော်ပေးတဲ့သူတွေ ဖြစ်သင့်တယ်'

'သမီး နားလည်ပါတယ် မေမေ'

မာလာ ဝန်ခံလိုက်တယ်။ သူ့အမေက သူ့ကို ဇာထိုးပန်းထိုး သင်

ပေးလိုက်တာ မဟုတ်။ လောကကြီးမှာရှိတဲ့ လူတစ်ယောက်ရဲ့တာဝန်ကို သင်ပေးလိုက်ခြင်းဖြစ်ကြောင်း မာလာ ကောင်းကောင်း နားလည်သွားပါတော့တယ်။

ကလေးကြိုက် မဥ္စင်း

၂၀၁၂။

“ငွေဘယ်လိုရှာမလဲ”
“လူကြီးတွေကတော့ အလုပ်လုပ်ကြတာပဲ။
ဒါပေမဲ့ တို့တွေကငယ်သေးတယ်”
“တို့လုပ်နိုင်တာတော့ရှိတယ်။ ဈေးရောင်းဖို့ပဲ”
“ဘာတွေရောင်းမှာလဲ။ တို့မှာဘာတွေရောင်းဖို့ရှိလဲ”
“တိုလီမိုလီတွေ ရောင်းမှာပေါ့”
“တိုလီမိုလီဆိုတာဘာလဲ...”
“အိမ်မှာ အသုံးမဝင်လို့ပစ်ထားတဲ့ စတိုခန်းထဲက
ပစ္စည်းအဟောင်းအမြင်းတွေပေါ့။
အဲဒါအားလုံးဟာ တိုလီမိုလီပေါ့။”

Cover Design by Maung Day
www.maungday.blogspot.com